# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၁၀) ရက် ၊ တနင်္လာနေ့ ၊ (30-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၅)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန် အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် ပင့်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ၉၀ ဒီဂရီအထိ အမြင့်အားဖြင့် ၇၅ ဒသမ ၅ ပေအထိ ပင့်ထောင်ပူဇော်ပြီးစီးမှုကို တွေ့ရစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃)တို့ကို တွဲဆက်ထားသည့် ဆင်းတုတော်အစိတ်အပိုင်းကြီးကို ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်နိုင်ရန် ပင့်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၉၀ ဒီဂရီ ပင့်ထောင်ပူဇော်ပြီးစီး


**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

ပိဋကသုံးပုံ(၁)စုံလျှင် (၄၀) အုပ်
(ပါဠိ-ရိုမန်အက္ခရာ / ပါဠိ-မြန်မာ)



အလှူရှင်၏ တမ္ဘည်းမှတ်တမ်း

**"ဓမ္မဒါနပြုနိုင်ပါရန် တိုက်တွန်းနှိုးဆော်လွှာ"**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်းမှ ကျောက်စာဓမ္မစေတီတော်များရှိ ကျောက်စာချပ်(၁၄၄၀)ချပ်အပေါ်တွင် ကျောက်ထက်အက္ခရာတင် ရေးထိုးထားသည့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိတော် ၅၃ကျမ်း (၄၀)အုပ်တို့ကို ပါဠိ - မြန်မာ ( Pali-Myanmar) ၊ ပါဠိ - ရိုမန် ( Pali-Roman)အက္ခရာနှစ်မျိုးတို့ဖြင့် ကျမ်းစာအုပ်တစ်အုပ်တွင် ပါဝင်ရမည့်အင်္ဂါရပ်များနှင့်အညီ ဂျပန်နိုင်ငံထုတ်(Creamy Coated Paper) တွင် သားရေအဖုံးရွှေသွင်းတို့ဖြင့် စနစ်တကျ စီစစ်ပြုစုပုံနှိပ်ပြီး ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများ၊ သာသနာပြုကျောင်းများ၊ ပြည်တွင်းရှိ စာသင်တိုက်များ နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဓမ္မဒါနအဖြစ် ဖြန့်ဝေလှူဒါန်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည့်အပြင် အလှူရှင်မှကိုယ်တိုင်ဝယ်ယူ၍ မိမိအစီအစဉ်ဖြင့်လှူဒါန်းလိုပါကလည်း ကျမ်းစာအုပ်များ၌ **အလှူရှင်၏အမည် ကမ္ဗည်းမှတ်တမ်း**အား အတွင်းအဖုံး၏ရှေ့စာမျက်နှာတွင် ရေးထိုးပေးသွားမည်ဖြစ်ပြီး **ပိဋကတ်ပါဠိတော် ၅၃ကျမ်း(၄၀)အုပ်တစ်စုံလျှင်(၂၀ သိန်း)**ကျပ်နှုန်းဖြင့်လှူဒါန်းပူဇော်နိုင်ပါကြောင်း နိမ္မာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန် – ဦးစိုးလွင်ကျော် – ဖုန်း – ၀၉၆၉၁၀၀၀၉၆၉ ၊ ၀၉၄၅၀၀၇၀၀၂၉ ဒေါ်အေးအေးကြည် ၊ ဖုန်း – ၀၉၄၂၈၇၂၂၅၄၈ ၊ ၀၉၂၅၅၈၂၅၂၁၆

ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူသားအရင်းအမြစ်များ၊ အရင်းအနှီး၊ ကုန်ကြမ်းနှင့် နည်းပညာများ လိုအပ်မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝ သယံဇာတအရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျမွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန်လိုအပ်မည်ဖြစ်သည်။ ယနေ့ခေတ် ခရီးသွားကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် ဂရုတစိုက်နှင့် ဝန်ဆောင်မှုကောင်းသောခရီးစဉ်ကိုသာ ဦးစားပေးရွေးချယ်လေ့ရှိကြသည့်အတွက် အရည်အချင်းရှိပြီးကျွမ်းကျင်သည့်ဝန်ထမ်းများရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ကောင်းမွန်သည့်ရလဒ်ကိုရရှိနိုင်မည်ဖြစ်သည်။

**“ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လမ်းများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဒေသအလိုက်တာဝန်ရှိသူများနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသသို့လာရောက်လည်ပတ်သူများ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့လာရောက်လည်ပတ်သူများဝင်ရောက်မှု ပိုမိုများပြားလာပြီး ဒေသတွင်း ငွေကြေးလည်ပတ်မှုအားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင် ဧည့်လာမည်ဖြစ်ကြောင်း၊”** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီ ၂၀ ရက်တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလထိ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယခင်နှစ်ဝင်ရောက်မှုနှင့် နှိုင်းယှဉ်ပါက ၇၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ဝင်ရောက်လာသည်ကို တွေ့ရှိရသည်။ အဓိကလာရောက်ကြသောလူမျိုးများမှာ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ အမေရိကန်၊ ဗြိတိန်နှင့် ရုရှားတို့ဖြစ်သည်။ ဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားတိုးတက်ဝင်ရောက်လာရန် ပြည်ပနိုင်ငံများ၏ ခရီးသွားဈေးကွက်ရရှိရန် နှစ်နိုင်ငံအစိုးရများအကြား သာမက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအသင်းအဖွဲ့များမှ အင်တိုက်အားတိုက် လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ ပြည်ပနိုင်ငံများ၌ ကျင်းပလေ့ရှိသော နိုင်ငံတကာ ခရီးသွားပြပွဲများ၊ ခရီးသွားမြှင့်တင်ရေးညီလာခံများတွင်သာမက ၎င်းနိုင်ငံများရှိ လေကြောင်းလိုင်းများတွင်ပါ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများကို မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရန် လိုအပ်သောအစီအမံများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များ၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်လည်း ဝင်ငွေရရှိမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်စနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၅၉၃၇၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဒီနေ့ဟာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေနဲ့ တောင်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက် ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်”ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၁၃၅၆ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၅၄၇၄၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၃၂၇၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်စနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး မရမ်းခြံဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုများပြားသဖြင့် ပို့ဆောင်သည့်ကုန်တင်သင်္ဘော အစီးရေ ၁၂၀ ကျော်ထိရှိလာ

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေး မရမ်းခြံဆိပ်ကမ်းတွင် ယခုလက်ရှိ ကုန်စည်ရရှိမှုများပြားသဖြင့် ပို့ဆောင်သည့် ကုန်တင်သင်္ဘောအစီးရေ ၁၂၀ ကျော်ထိ ရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

မရမ်းခြံဆိပ်ကမ်းမှ ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ၊ ကြက်သွန်၊ ငရုတ် အပါအဝင် အခြားကုန်စည်အမျိုးမျိုးကို ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော် စသည့်မြို့များသို့ကုန်တင်သင်္ဘောများဖြင့် ပို့ဆောင်လျက်ရှိကြောင်း၊ ယခုအခါ မရမ်းခြံဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာသဖြင့် ကုန်တင်သင်္ဘော အစီးရေလည်း များပြားလာကြောင်း သိရသည်။

“အခု မရမ်းခြံဆိပ်ကမ်းကနေ ထီးချိုင့်၊ ကသာ၊ ဗန်းမော် စတဲ့ မြို့တွေကို ဆန်၊ ကြက်သွန်နဲ့ ဆီ တင်ပို့မှုကတော့ လတ်တလော အများဆုံးပါ။ အခုက ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ဖြစ်ပေမဲ့ ရေလမ်းကြောင်းက သိပ်ပြီးမဆိုးတာကြောင့် သင်္ဘောတွေ အဆင်ပြေပြေနဲ့သွားလာလို့ရနေပါတယ်” ဟု ဦးဝင်းမောင်က ပြောပြသည်။

မရမ်းခြံဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော် စသည့်မြို့များသို့ ကုန်စည်မျိုးစုံပို့ဆောင်သည့် သင်္ဘောအစီးရေမှာ ဇန်နဝါရီလ ဒုတိယပတ်က အစီးရေ ၇၀ ကျော်သာ ရှိခဲ့သော်လည်း ယခုအခါ မရမ်းခြံဆိပ်ကမ်းတွင် ကုန်စည်ရရှိမှု များပြားလာသဖြင့် ပို့ဆောင်သည့် ကုန်တင်သင်္ဘောအစီးရေမှာ ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ အစီးရေ ၁၂၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

ထို့ပြင် မရမ်းခြံဆိပ်ကမ်းရှိ ကုန်တင်၊ ကုန်ချလုပ်သားများမှာလည်း အလုပ်အကိုင်ရရှိလာပြီး ဇန်နဝါရီလ ဒုတိယပတ်က ကုန်တင်၊ ကုန်ချ လုပ်သားဦးရေ ၁၅၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီလ နောက်ဆုံးပတ်မှစ၍ ကုန်တင်၊ ကုန်ချ လုပ်သားဦးရေ ၂၅၀ ကျော်ထိ အလုပ်အကိုင်ရရှိလာကြောင်း သိရသည်။

မန္တလေး မရမ်းခြံဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ် စသည့်ကုန်စည်အမျိုးမျိုးကိုသပိတ်ကျင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ ကုန်တင်သင်္ဘောအစီးရေ ၂၀၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး အတက်အကျနည်းပါးနေ

**မန္တလေး ဇန်နဝါရီ ၂၉**

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေး အတက်အကျမြန်ဆန်ခဲ့သော်လည်း ပြည်တွင်းရွှေဈေးကွက်၌ ဈေးနှုန်းအတက်အကျနည်းပါးနေပြီး အရောင်းအဝယ် ပုံမှန်အခြေအနေသာရှိကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၆ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၉၄၆ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၁၅ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၉၂၈ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

“ကမ္ဘာ့ရွှေက အလုပ်အခတ်ကြမ်းခဲ့ပေမဲ့ ပြည်တွင်းရွှေဈေးက အတက်အကျ နည်းနည်းပါးပါးနဲ့ သွားနေဆဲပါ။ လက်ရှိအခြေအနေတွေအရတော့ အကျဘက်ထက် အတက်ဘက်ကို ရောက်နိုင်မယ်လို့ ခန့်မှန်းထားကြပါတယ်”ဟု မန္တလေးမြို့မှ ရွှေကုန်သည်ဦးရဲမင်းက ပြောပြသည်။

ဇန်နဝါရီ ၂၂ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၅ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၂၈၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၁၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၂၈ ရက်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၈ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၀၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၈၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၂၈ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ၂၅၉၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ၂၅၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းပိုလ်တမ်း-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ညောင်ရွှေမြို့နယ် ကန်သာရပ်ကွက်ရှိ အမှတ်(၁၀)တံတား Slab Culvert တည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စည်ပင်သာယာရေးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၂၃ သိန်းဖြင့် ကန်သာရပ်ကွက်ရှိ အမှတ်(၁၀)တံတား Slab Culvert တည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ကန်သာရပ်ကွက် ကျောင်းတော်ရွှေလမ်းပေါ်ရှိ အမှတ်(၁၀) တံတား Slab Culvert တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်အိအိဖြိုးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသရာ အမှုဆောင်အရာရှိက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ညောင်ရွှေမြို့နယ် ကန်သာရပ်ကွက် ကျောင်းတော်ရွှေလမ်းပေါ်တွင် တည်ဆောက်ပြီးစီးသော အမှတ်(၁၀)တံတားသည် အရှည်ပေ ၃၀၊ အကျယ် သုံးပေ၊ အမြင့် နှစ်ပေဖြစ်ပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါတံတားတည်ဆောက်ပေးနိုင်မှုကြောင့် ကန်သာရပ်ကွက်ရှိ လူဦးရေ ၂၀၅၀ အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း မြို့တွင်းလမ်းရှစ်လမ်းနှင့် တံတားလေးစင်းကို အဆင့်မြှင့်တင်ဆောက်လုပ်ပေးနိုင်ခဲ့ကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်အိအိဖြိုးက ပြောပြ၍ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# အမ်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်လှစ်ပို့ချ

**အမ်း ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး၌ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လေးလေးဆွေနှင့် စီမံကိန်းတာဝန်ခံများက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းနှင့်ပတ်သက်သော ငွေစာရင်းပုံစံများ၊ ငွေစာရင်းဖြည့်သွင်းခြင်း၊ ထိန်းသိမ်းနည်းများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဂါယ်လောင်း၊ ကျောင်းကုန်း၊ ကိုးကန်တန်း၊ ပိန်းရေစမ်း၊ ကြက်ရေစမ်း၊ ငလက်ကျ၊ ခရမ်းကျွန်း၊ ဆူးပုတ်ပျဉ်းတော၊ ကမ်းဒိတ် စသည့် ကျေးရွာ ကိုးရွာ၊ ယူနစ်ခြောက်ယူနစ်မှ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်ကြပြီး သင်တန်းကို တစ်ရက်ကြာ အခမဲ့သင်ကြားပို့ချခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

# လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ၊ နှမ်း၊ မြေပဲ ၁၀၆၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**လပွတ္တာ ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာ၊ နှမ်း၊ မြေပဲ ၁၀၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ သုံးမျိုးလျာထား ၁၀၆၈ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံသုံးမျိုး ၁၀၆၈ ဧက စိုက်ပျိုးခဲ့တယ်။ ဆီထွက်သီးနှံတွေအားလုံး အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့မြေယာပြုပြင်တဲ့လုပ်ငန်းတွေကို ၂၀၂၂ ခုနှစ် အောက်တိုဘာလထဲမှာ လုပ်ဆောင်ပေးခဲ့ပါတယ်။ နိုဝင်ဘာလထဲမှာ သီးနှံတွေကို စတင်စိုက်ပျိုးခဲ့တယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ ဆီထွက်သီးနှံလျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်တယ်။ ဆောင်းသီးနှံတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ ဆက်လက် ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံသုံးမျိုး ၁၀၆၈ ဧကတွင် နေကြာဧက ၃၀၀၊ နှမ်း ၁၄၉ ဧက၊ မြေပဲ ၆၁၉ ဧကတို့ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြန်လည်ရိတ်သိမ်းပြီးသည့်အချိန်ထိ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုးနဲမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးနဲ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းကျောင်း၊ ဆွမ်မရမ်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကုန်းကျောင်းကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ကုန်းကျောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို ငွေကျပ် ၁၇ ဒသမ ၂ သန်း၊ ဆွမ်မရမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူဦးရေ ၂၀ ကို ငွေကျပ် ၁၇ ဒသမ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ကော့သောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ CFW စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**ကော့သောင်း ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work (CFW)စီမံကိန်းဖြင့်ဆောင်ရွက်သော မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာကော်မတီဝင်များနှင့်အတူ စိုင်ဒင်းကျေးရွာ၌ အလျားပေ ၂၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း၊ ချောင်းစလန်းကျေးရွာ၌ အလျားပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၀ ပေရှိ ဆေးပေးခန်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့စေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားသည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work (CFW)စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၂၀၀၊ ပြည်သူလူထုထည့်ဝင်ငွေများ အသုံးပြု၍ ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြယမုံဖူးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



# မေတ္တာပါမှ

## ချစ်နိုင်(စိတ်ပညာ)

❖ ကျွန်တော်တို့ လက်ရှိအခြေအနေဟာ ဖွံ့ဖြိုးသင့်ပါလျက် ဆူဆူပူပူတွေနှောင့်ယှက်လို့ မဖွံ့ဖြိုးနိုင်၊ မတိုးတက်နိုင်ဘဲ ဖြစ်နေရတယ်။ ကြိုးစားလို့မရဘူး။ ဘာလို့ကြိုးစားမရနိုင်တာလဲ။ လူတွေပျော်မှ မပျော်ကြတာ။ ဘာကြောင့်လဲ။ အချင်းချင်းရန်ရှာသတ်ဖြတ်ပြီး မုန်းတီးနေကြလို့။ မငြိမ်းချမ်းလို့။ ငြိမ်းချမ်းဖို့ဆိုတာက ညီညွတ်မှ။ ညီညွတ်ဖို့ဆိုတာက လေးစားမှု အပြန်အလှန်ရှိကြမှ။ လေးစားဖို့ဆိုတာက ကိုယ်ချင်းစာတရားလိုတယ်။ ကိုယ်ချင်းစာတရားဆိုတာ ဗြဟ္မစိုရ်တရားနည်းပါးရင်မရ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ ဒီလိုခံစားမှု၊ ခံယူမှု၊ သဘောထားအမြင် ပျံ့နှံ့အားကောင်းပါမှ ဖွံ့ဖြိုးသာယာမှာ မဟုတ်လား။ ❖

**နိဒါန်း**

ကြည်လင်ရွှန်းမြကောင်းကင်မှာ တိမ်သားကင်းစင် လပြည့်ဝန်းက ရွှန်းရွှန်းပပသာတဲ့ည။

ရာသီဥတုကလည်း မျှတတယ်။ မပူမအေး။ မိုးလေကင်းရှင်းသလို လေပြင်းလေပြည်လည်းမတိုက်။ လေညင်းသဲ့သဲ့။ ကြည်လင်တဲ့ကန်ရေပြင်မှာ လှိုင်းမရှိ။ ကောင်းကင်က ပြည့်ပြည့်ရွှန်းရွှန်း လဝန်းဝိုင်းစက်သလို ကန်ပေါ်မှာ မှန်အရိပ်ထင်သလို မြင်ရတဲ့ လဝန်းလေးကလည်း ညီညာဝိုင်းစက်။ လမင်းရဲ့ပုံတူ တစ်ထပ်တည်းပဲ။

တည်ငြိမ်လို့၊ အေးချမ်းလို့၊ ပတ်ဝန်းကျင်ရာသီဥတု အခြေအနေကောင်းရှိနေပေလို့ ကောင်းကင်က လ၊ ကန်ရေပြင်က လ အလှပြိုင်နေကြတာ။

တကယ်သာ လေပြင်းကျလို့ လှိုင်းတွေက ဘောင်ဘင်ထနေတယ်ဆိုပါစို့ ဝိုင်းစက်လှပတဲ့ လရဲ့ မူလပုံရိပ်ကို မြင်ရမှာမဟုတ်။ တကယ်သာ မီးတောင်ဝက စီးကျလာတဲ့ ချော်ရည်ပူနီနီရဲရဲတွေလို ကန်ရေပြင်ဟာ ချစ်ချစ်တောက် ဆူပွက်ပူလောင်နေမယ်ဆိုရင်လည်း လမင်းလေး လှလှပပမမြင်ရနိုင်။ လေကလည်းပြည်ပြည်၊ ကန်ရေကလည်း မဆူပွက်။ ကန်ဟာ ရွှံ့ရည်နွံရည်တွေနဲ့ ညစ်ပေခြင်းလည်းမရှိ။ လမင်းရဲ့ ပကတိအလှကို ထင်ဟပ်တဲ့ ကန်ရေမျက်နှာပြင်က အေးမြကြည်လင်မှ အလှပုံရိပ်အမှန်ထင်ဟပ်နိုင်တာ ပါကလား။

**အမြင်**

စာဖတ်သူနဲ့ စာရေးသူတို့ မျက်စိနှစ်ကွင်းက မြင်နေတာတွေ၊ အမြင်အကြားတွေရှိခဲ့ကြပေမယ့် မိမိတို့ ထင်မှတ်ယူဆထားတဲ့ ပုံရိပ်တွေ မှတ်ဉာဏ်သညာထဲမှာ သိမ်းဆည်းထားခဲ့သမျှ ပကတိအမှန်တရားအတိုင်းပဲလို့တော့ အစွဲမထားသင့်။

လောဘလေပြင်းတိုက်နေခြင်းမရှိမှ၊ ဒေါသအပူငွေ့ ပွက်ပွက်ဆူနေတာ ကင်းရှင်းမှ၊ မောဟအမိုက်သရိုက် ရွှံ့တွေနွံတွေ နောက်ကျိမနေပါမှ ကြည်လင်လှပတဲ့ လမင်းရဲ့ ပုံရိပ်ကိုမြင်နိုင်မှာပါ။

ပြင်ပရုပ်ပုံရိပ်လွှာဟာ အာရုံခံအင်္ဂါကို ဖြတ်သန်းလာရာမှာ ဓာတ်ခံလူရဲ့ စိတ်နေစိတ်ထားမှာ လောဘ၊ ဒေါသ၊ မောဟနည်းနိုင်သမျှနည်းမှ သဘာဝအလှအပဟာ အမှန်အတိုင်းရှုမြင်နိုင်ပေတာကိုး။ ဒီလိုအရှိကို အရှိအတိုင်းသိဖို့ ရုပ်ဝတ္ထုအမြင်၊ အကြား၊ ပြင်ပအာရုံတွေလိုပဲ မိမိမှာရှိထားတဲ့ သဘောထား၊ ဓာတ်ခံကြည်လင်သန့်ရှင်းမှ။ စိတ်ရော စေတသိက်ရော အဲဒီအချိန်မှာရှိနေတဲ့ ယာယီစိတ်နေ Mood ကောင်းမွန်မှန်ကန်နေဖို့လိုအပ်တယ်။

**ဟုတ်ယောင်**

အမုန်းတွေ၊ ဒေါသတွေ၊ အာဃာတတွေ၊ မကျေနပ်မှု၊ အလိုမကျမှု၊ ခက်ထန်ရိုင်းစိုင်းမှု၊ ကြမ်းတမ်းရက်စက်မှု ခံစားချက်တွေ ဖြစ်ပေါ်နေအောင် (စုန်းကဝေ၊ နတ်ဆိုးနတ်မိစ္ဆာတွေပြုစားကာ ဘူးသွင်းလှည့်စားထားသလို) လူလိမ်လူကောက်လူယုတ်မာတွေက စီမံဖန်တီးရာနောက် (ကိုယ်တိုင်က သတိမထားမိဘဲ) ကောက်ကောက်ပါအောင် လိုက်ပါနေမိခဲ့ရင် အလှအမြင်မှန်တရား လွင့်ကွယ်ပျောက်ဆုံးသွားနိုင်သလို ဘဝခရီးဟာလည်း အကျည်းတန်သွားနိုင်ပါကလား။

ဒါဆိုရင် ဘယ်လိုကာကွယ်မလဲ။ ဒီဆွဲဆောင်မှု အန္တရာယ်တွေကို ဘယ်လိုဖယ်ရှားရှောင်ကွင်းမလဲ။ မိရိုးဖလာတန်ဖိုးမြင့်မားလှတဲ့ အမျိုးသားယဉ်ကျေးမှု အတွေးအခေါ် အလေ့အထကောင်းတွေက ရှိကြပြီး သားပါ။ သတိမမူ ဂူမမြင်၊ မကြည့်ရှုမဆင်ခြင်ခဲ့မိလို့ သာပါ။ မခက်ပါ။

**မေတ္တာ**

ဗြဟ္မစိုရ်တရားလေးပါးကို ဆည်းပူးလေ့ကျင့်ပါ။ မိမိရင်ထဲမှာ သူတစ်ပါးကို ကိုယ်ချင်းစာတရားထားပြီး ဘေးကင်းပါစေ၊ ရောဂါရှင်းပါစေ၊ ကြောင့်ကြပူပန်ကင်းဝေးပါစေ၊ ဆင်းရဲခပ်သိမ်းလည်း ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့ မေတ္တာပို့လိုက်ရင် ချက်ချင်းအေးချမ်းကြည်လင်တဲ့ ကောင်းကျိုးရတော့တာပဲ။

ပထမဆုံး မိမိကိုယ်ကိုစပြီး မေတ္တာဓာတ်ပို့လွှတ်ပြီး အသံထွက်ရွတ်ဆို မေတ္တာပို့ရမယ်။ ပြီးမှ မိမိရဲ့မိသားစု၊ ဆွေမျိုး၊ မိတ်ဆွေ။ ဆန့်ကျင်ဘက်လိင်ဖြစ်သူကို ရှေ့ပိုင်းမှာ မေတ္တာမပို့ရဘူး။ ကွယ်လွန်ခဲ့ပြီးသူတွေကို ရည်စူးပြီး မေတ္တာပို့လို့ မရောက်ဘူး(မပို့ရဘူး)။

သူတို့ကို သတိရရင် ကုသိုလ်ပြုပြီး ရည်စူးကာ ကုသိုလ်အမှုကို ပြုလိုက်ပါတယ်။ ကုသိုလ်အမျှရပါစေလို့ အမျှအတန်းဝေပါတယ်။ ကြားရာရောက်ရာက သာဓုခေါ်ပါလေ။ “အမျှယူတော်မူပါ”လို့ အသံထွက် အမျှဝေရင် ဘယ်ဘုံဘဝရောက်နေသလဲ မသိရပေမယ့် သူ့ကံအရ သာဓုသုံးကြိမ်ခေါ်ခွင့်ရရင် ကောင်းမှုအညီ အမျှ ကောင်းကျိုးရသွားနိုင်ပါတော့တယ်။ မေတ္တာပို့တာကျ ဘာလို့မရောက်သလဲဆိုတာက ဒီနေရာမှာ ရှင်းမပြတော့ပါ။ (ဆရာတော်၊ သံဃာတော်တွေဆီ လျှောက်တင်မေးရင် ပိုပြည့်စုံစွာသိနိုင်ပါလိမ့်မယ်။)

**အကျိုး**

မေတ္တာပို့ရင် ဘာအကျိုးရမှာမို့လဲ မေးချင်ပါသလား။ မေးပါ။ ဖြေမှာပေါ့။ အောက်ပါအကျိုးတရား ၁၁ ပါးရစေတယ်။ အကျယ်ကို ဘာသာရေးစာအုပ်တွေမှာ ဆက်ပြီးဖတ်နိုင်ပါတယ်။ မေတ္တာတန်ခိုး။

၁။ ချမ်းချမ်းသာသာ အိပ်စက်ရမယ်။

၂။ အိပ်မက်မကောင်းတာမျိုး မမက်ဘူး။

၃။ လူတွေ၊ နတ်တွေက ပိုမိုချစ်ခင်ကြလိမ့်မယ်။ (မျက်နှာထား၊ လေသံ၊ ကိုယ်ဟန်၊ အမူအရာတွေ အားလုံးက မေတ္တာဓာတ်ကြောင့် လှပကြည်လင်နေလို့ပါ။)

၄။ နတ်ကောင်းနတ်မြတ်တွေက စောင့်ရှောက်ကြတယ်။

၅။ လက်နက်၊ အဆိပ်၊ မီးဘေးတွေ ကင်းဝေးတယ်။

၆။ စိတ်တည်ကြည်တယ်။

၇။ မျက်နှာက အပြစ်ကင်းစင်ကြည်လင်တယ်။

၈။ သေလွန်တဲ့အခါ စိုးရိမ်ပူပန်ကင်းတယ်။

၉။ မသေခင်လည်း နာကျင်ပူလောင်မခံစားရဘဲ ကြည်ကြည်လင်လင် စိတ်အေးချမ်းစွာ ရှိစေတယ်။

၁၀။ အိပ်ရာမှ နိုးလာတဲ့အခါလည်း ချမ်းချမ်းသာသာနဲ့ နိုးထလာရတယ်။ ပူပူလောင်လောင်မရှိ။

၁၁။ သေလွန်တဲ့အခါ မေတ္တာအကျိုးအားကြောင့် ဗြဟ္မာ့ဘုံသို့တောင် ရောက်ရှိစေနိုင်တယ်။

မေတ္တာအကျိုး ၁၁ ပါးက တိတိကျကျပြည့်ပြည့်စုံစုံနဲ့ ကောင်းကျိုးတွေက စုံလင်လှ၊ ကြီးမားလှပါတယ်။ ဒါတင်မကသေးပါဘူး စာဖတ်သူခင်ဗျာ။

**တန်ဖိုး**

သင့်ဘဝအတွက် ကောင်းကျိုးယူလိုရင် ဆွမ်းလှူပါ။ ဘုရားဟောင်း ကျောင်းပျက်ပြုပြင်ပါ။ ကျောင်းသစ်ဆောက်ပြီး သံဃာတော်ရည်မှန်းလှူပါ။ ဒါ့ထက် သီလဆောက်တည်ရင် ကောင်းကျိုးပိုကြီးပါတယ်။ သီလထက် ဘာဝနာသမထ၊ ဝိပဿနာကျင့်ကြံရင် ပိုပြီးအကျိုးကြီးပါတယ်။ ဘာဝနာအမျိုးမျိုးတို့အနက် မေတ္တာဘာဝနာ မေတ္တာပို့ခြင်းကုသိုလ်ဟာ နွားနို့တစ်ညှစ်စာမျှ(စက္ကန့်ပိုင်းလေး၊ မိနစ်ပိုင်းလေး)ပင်ဖြစ်စေဦး။ ထမင်းရည်ချောင်းစီးအောင် ခုနစ်ရက်၊ ခုနစ်လီ အလှူကြီးပေးတဲ့ ဒါနကုသိုလ်ထက်ပင် အကျိုးက ကြီးမားမြင့်မြတ်တယ်တဲ့။ သိသာပါရန် အကျဉ်းမျှ ဖော်ပြပါတယ်။

မေတ္တာသုတ်ကို ရွတ်ဆိုပြီး မေတ္တာပို့နိုင်တယ်။ ဆရာတော်၊ သံဃာတော်တွေ ညွှန်ပြတဲ့ မေတ္တာပို့နည်းတွေနဲ့လည်း(မိမိနှစ်သက်ရာ)ပို့နိုင်ပါတယ်။ နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် နေ့စဉ်ညစဉ် မေတ္တာပို့တာ အကျင့်လုပ်ပါ။

ဝေဒင်ဆရာ၊ လက္ခဏာဆရာတွေ မေးနေစရာမလိုပါ။ လက်တွေ့မုချ ဇာတာစန်းလက်တက်လာပြီး ကံကောင်းခြင်းတွေ ဆင့်ကာဆင့်ကာ ခံစားရပါမယ်။ (အပိုမပြောပါဘူး။ ကိုယ်တွေ့ခံစားရလို့ မျှဝေတာပါ။)

မေတ္တာပို့မယ်ဆိုရင် ညစ်ညစ်နွမ်းနွမ်း ပေပေတေတေ၊ စုတ်ချာချာ စိတ်နေစိတ်ထားနဲ့ဆိုရင်တော့ မထိရောက်ပေဘူး။ မေတ္တာတန်ခိုးရဲ့ အကျိုးအာနိသင်ကို ပြည့်ပြည့်ဝဝ မွန်မွန်မြတ်မြတ်ရအောင် မိမိက အလေးအနက်ထားပြီး ကြိုတင်ပြင်ဆင်မှုအနေနဲ့ လိုအပ်ချက် အောက်ပါကျင့်ဝတ်တွေ ကိုက်ညီပါစေ-

**လိုအပ်ချက်**

၁။ နိဗ္ဗာန်ကိုရည်မှန်းတဲ့ အကျိုးစီးပွား၊ လိမ္မာသူတို့ ပြုကျင့်ရမယ့်သိက္ခာသုံးပါး။ (သီလ၊ သမာဓိ၊ ပညာ)

၂။ မေတ္တာပို့ခြင်းကို စွမ်းနိုင်ရခြင်း။

၃။ ဖြောင့်မတ်ရခြင်း။ (ရိုးသားမှု)

၄။ အလွန်ဖြောင့်မတ်ရခြင်း။(မကောက်ကျစ်ရ)

၅။ ဆိုဆုံးမလွယ်သူဖြစ်ရမယ်။ (ခေါင်းမမာရ)

၆။ နူးညံ့ပျော့ပျောင်းရမယ်။

၇။ မာနမကြီးရ။ (နွားရေကူးတဲ့ မျက်နှာမျိုး၊ မော့တော့မော့တော့၊ မာရေကျောရေ မလုပ်နဲ့)

၈။ ရောင့်ရဲလွယ်ရမယ်။

၉။ ကိစ္စနည်းပါးရမယ်။ (ဗီဇမကြောင်နဲ့)

၁၀။ အမွေးအမြူလွယ်သူဖြစ်ရမယ်။ (လိုက်လျောညီထွေ)

၁၁။ ပေါ့ပါးတဲ့အဖြစ်မျိုးရှိရမယ်။

၁၂။ ငြိမ်သက်တဲ့ ဣန္ဒြေရှိရမယ်။

၁၃။ ရင့်ကျက်တဲ့ ပညာရှိရမယ်။

၁၄။ မကြမ်းတမ်း၊ မရိုင်းပျ၊ ယဉ်ကျေးသူဖြစ်ရမယ်။

၁၅။ လူတို့၌ တွယ်တာမက်မောခြင်းမရှိရ။

၁၆။ ပညာရှိတွေ သူတစ်ပါးက ကဲ့ရဲ့ပြစ်တင်မယ့် ဒုစရိုက် ယုတ်ညံ့တဲ့အမှုမျိုးကို အသေးအဖွဲလေးကအစ၊ အနည်းငယ်မျှလေးပဲဖြစ်စေ မပြုကျင့်ပါလေနဲ့။

**နေ့စဉ်ပို့သ**

၃၁ ဘုံ၊ အရပ် ၁၀ မျက်နှာ၊ မိမိကိုယ်ကို၊ မိမိရဲ့ မိသားစုဆွေမျိုး၊ မိတ်ဆွေ၊ ကျေးဇူးရှင်မိဘဆရာ၊ ရေမြေပိုင်စိုးတဲ့ မင်းအစိုးရ၊ နတ်မြတ်နတ်ကောင်း နတ်အပေါင်း စသဖြင့် တစ်ခုစီ၊ တစ်ခုစီ၊ တစ်ဖွဲ့တစ်သင်းစီအမည်တပ်ကာ စိတ်အာရုံနှစ်မြှုပ်ရည်မှန်းပြီး-

**“ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊**

**ရောဂါခပ်သိမ်း ကင်းငြိမ်းပါစေ၊**

**ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ၊**

**ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊**

**ကိုယ်လည်း ကျန်းမာပါစေ၊**

**စိတ်လည်း ချမ်းသာပါစေ၊”**

မေတ္တာသုတ် အနက်အဓိပ္ပာယ်မှာပါတဲ့အတိုင်း ပါဠိလို၊ မြန်မာလို ရွတ်ဆိုပြီး မေတ္တာပို့နိုင်ပါတယ်။ ကောင်းကျိုးတရား ချက်ချင်းရစေနိုင်တာကတော့ ခွေဦးပေါက်မှာ ခွေးရူးတွေပေါ်လာပြီး တွေ့ရာလူကို ခွေးရူးကိုက်တတ်တာမျိုး၊ ရပ်ထဲ ရွာထဲကြုံရတတ်တဲ့ ဘေးဆိုး၊ ရန်ဆိုး၊ ကြမ္မာဆိုးတွေကနေ လွတ်မြောက်ကင်းဝေးစေလိမ့်မယ်။ ဘေးကင်းပါမယ်။

**သာဓက**

ဘုရားရှင်လက်ထက်တော်အခါက တရားကျင့်တဲ့ ရဟန်းသံဃာတော်တွေကိုတောင်မှ ခြောက်လှန့်နှိပ်စက်တဲ့ တောထဲက ဘီလူး၊ သူရဲ၊ နတ်ဆိုးနတ်မိစ္ဆာတွေတောင် ဘုရားရှင်ဟောကြားတဲ့ မေတ္တာသုတ်ကို နေ့နေ့ညည ရွတ်ဆိုလိုက်တဲ့အခါ အရင်က အမျိုးမျိုးနှောင့်ယှက်ဒုက္ခပေးတဲ့ နတ်ဆိုးတွေ အကုန်ပြေးသွားကြတာပဲ။ ဘုရားမှန်းမသိ၊ တရားမှန်းမသိတာတွေလည်း အဝေးသို့ လွင့်စဉ်ကင်းပျောက်သွားစေပါတယ်။

စာဖတ်သူက မေးစရာစိတ်ထဲပေါ်လာရင် မေးချင်တာမေးပါ။ စာရေးသူက ဒီအကြောင်းအရာကို ဒီအချိန်အခါ၊ ဒီနေရာမှာ ဘာကြောင့်များ ရေးတာပါလဲ။

ဒီအချက်ကို တိုတိုပဲ ဖြေပါရစေ။

အခုဆို ကျွန်တော်တို့ လက်ရှိအခြေအနေဟာ ဖွံ့ဖြိုးသင့်ပါလျက် ဆူဆူပူပူတွေနှောင့်ယှက်လို့ မဖွံ့ဖြိုးနိုင်၊ မတိုးတက်နိုင်ဘဲ ဖြစ်နေရတယ်။ ကြိုးစားလို့မရဘူး။ ဘာလို့ကြိုးစားမရနိုင်တာလဲ။ လူတွေပျော်မှ မပျော်ကြတာ။ ဘာကြောင့်လဲ။ အချင်းချင်းရန်ရှာသတ်ဖြတ်ပြီး မုန်းတီးနေကြလို့။ မငြိမ်းချမ်းလို့။

**နိဂုံး**

ငြိမ်းချမ်းဖို့ဆိုတာက ညီညွတ်မှ။ ညီညွတ်ဖို့ဆိုတာက လေးစားမှု အပြန်အလှန်ရှိကြမှ။ လေးစားဖို့ဆိုတာက ကိုယ်ချင်းစာတရားလိုတယ်။ ကိုယ်ချင်းစာတရားဆိုတာ ဗြဟ္မစိုရ်တရားနည်းပါးရင်မရ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ။ ဒီလိုခံစားမှု၊ ခံယူမှု၊ သဘောထားအမြင် ပျံ့နှံ့အားကောင်းပါမှ ဖွံ့ဖြိုးသာယာမှာ မဟုတ်လား။ စားဝတ်နေရေးချောင်လည်ပြီး ငြိမ်းချမ်းသာယာပြည်မြန်မာဖြစ်လာစေဖို့ မေတ္တာစိတ်ထားကြီးမားကြဖို့ အရင်းခံတရားပဲ။

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ပြည်ပသို့ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ မြေထောက်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၂၁ သန်းရရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ပြည်ပသို့ မြေထောက်ပဲများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ မြေထောက်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၂၁ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြေထောက်ပဲများကို ပြည်ပသို့ တင်ပို့ရာတွင် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် စင်ကာပူနိုင်ငံသို့ အဓိက တင်ပို့နေပြီး အခြားဖောက်သည်ဈေးကွက်နိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ မြေထောက်ပဲတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၃၄ ဒသမ ၂၂၁ သန်းရရှိခဲ့ကြောင်း သိရသည်။

မြေထောက်ပဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၄၃ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇၈ သန်းဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၂၁ သန်းဖိုး တင်ပို့ခဲ့ကြောင်း သိရသည်။

ယခုနှစ် မြေထောက်ပဲရာသီတွင် ရန်ကုန်မြို့ ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးကွက်သို့ ဇန်နဝါရီလ ပထမပတ်မှစတင်၍ မြေထောက်ပဲများ ဝင်ရောက်လာခဲ့ပြီး မြေထောက်ပဲသစ်များဈေးကွက်ဖွင့်ချိန် ဇန်နဝါရီ ၁ ရက် မှ ၂၇ ရက်ထိ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၅၀၀၀ မှ ၂၅၃၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

SKL



## လက်ပံတန်းမြို့နယ် ကျေးရွာသုံးရွာ၌ ဂဝံမြေလမ်းများခင်းခြင်းပြီးစီးမှု စစ်ဆေး

**လက်ပံတန်း ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြန်မာရေလျှံ၊ မကျီးကွင်းအနောက်စုနှင့် မရမ်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဂဝံမြေလမ်းများခင်းခြင်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာသုံးရွာ၌ ဂဝံမြေလမ်းများခင်းခြင်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်မာရေလျှံကျေးရွာ၌ လမ်းအရှည်ပေ ၂၁၃၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း၊ မကျီးကွင်းအနောက်စုကျေးရွာ၌ လမ်းအရှည် ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် မရမ်းကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ စီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

## ရိုးရာထမနဲပွဲ တို့ဆင်နွှဲ

\- ငွေနှင်းရည် စိုစိုရွှဲ
လတပို့တွဲ ကုံရာသီ၊
ရဂုံ¹ငွေ² စုံသာမော
သောသောညံပြီ၊
ကောက်နံ့ရိတ်ဖို့ လှမ်းကာချီ
အချိန်ရာသီ နွေအကူး၊
ရွက်ဟောင်းညာကြွေ သစ်ရွက်တို့
ဝဲလို့ခုန်မြူး။

\- ဝန်းကျင်တွင် အလှထူး
ပေါက်လဲဖူး ပွင့်ဝေလျှံ၊
လက်ပံပင် ဟိုအထက်
ဆက်ရက်တွေညံ၊
လိုက်မလားဟေ့ အော်ခေါ်သံ
ရွာတောင်ဘက်ထိ လက်ပံပင်တန်း၊
အပျိုလေးတွေ လက်ပံကောက်
သွားရောက်ရွှင်လန်း။

\- ဆောင်းရာသီ ကာလနှောင်း
နွေသို့ကူးပြောင်း ရောက်မည့်ဟန်၊
ငွေနှင်းမှုန်တွေ ကျနေသေး
ချမ်းအေးပြင်းထန်၊
တပို့တွဲလ ချိန်ခါမှန်
သဒ္ဓါ³ထက်သန် ပိုလွန်ကဲ၊
မြတ်စွာဗုဒ္ဓ ရှင်တော်မြတ်ကို
မီးကပ်သည့်ပွဲ။

\- ထမနဲ ယာဂု
အများပေါင်းစု လှူကြတာ၊
ရှေးအစဉ်အလာ ရိုးရာပွဲ
ဆင်နွှဲညီညာ၊
ဝေအမျှ သာဓုသံဟာ
ထက်ဝလာ နတ်ထံကျူး၊
တပို့တွဲလ ထမနဲပွဲ
ဆင်နွှဲအထူး။ ။

**ကိုငြိမ်းငယ်(ကျွန်းဒေါင့်)**

၁။ ရဂုံ = သစ်ပင်များပြားစွာ ပေါက်ရောက်ရာတော။
၂။ ငွေ = အလယ်အချက်အချာနေရာ။
၃။ သဒ္ဓါ = ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်မှု။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ၂၀၂၂ ခုနှစ်အတွင်း တရုတ်စမတ်ဖုန်းများ တင်ပို့ရောင်းချမှုနှုန်း ၁၃ ရာခိုင်နှုန်းကျဆင်း

**ပေကျင်း ဇန်နဝါရီ ၂၉**

တရုတ်နိုင်ငံ၏ စမတ်ဖုန်း နှစ်စဉ်တင်ပို့ရောင်းချမှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ငံတကာဈေးကွက် သုတေသနအဖွဲ့အစည်းများ၏ အဆိုအရ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း စမတ်ဖုန်းအလုံးပေါင်း ၂၈၆ သန်းထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း စမတ်ဖုန်းအလုံးပေါင်း ၃၂၉ လုံးထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် စမတ်ဖုန်း တင်ပို့ရောင်းချမှုနှုန်းသည် ၂၀၁၃ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံး တင်ပို့ရောင်းချရမှုနှုန်းဖြစ်ကြောင်း ဈေးကွက်သုတေသနကုမ္ပဏီက သုံးသပ်ထားသည်။

တရုတ်နိုင်ငံ၏ VIVO အမှတ်တံဆိပ်စမတ်ဖုန်းများသည် ၂၀၂၂ ခုနှစ်အတွင်း အရောင်းရဆုံးစမတ်ဖုန်းဖြစ်သော်လည်း ၎င်းဖုန်းများ တင်ပို့ရောင်းချရမှုနှုန်းမှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် ၂၅ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရသည်။

တရုတ်စမတ်ဖုန်းများပြီးလျှင် နိုင်ငံတကာဈေးကွက်၌ တတိယမြောက် အရောင်းရဆုံးစမတ်ဖုန်းမှာ အမေရိကန်စမတ်ဖုန်းဖြစ်သော Apple စမတ်ဖုန်းများဖြစ်ကြောင်း သိရသည်။ KKO

## ပါကစ္စတန်၌ ခရီးသည်တင်ဘတ်စကား ချောက်ထဲထိုးကျ အနည်းဆုံး ၄၁ ဦးသေဆုံး



**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၂၉**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ယနေ့တွင် ခရီးသည်တင်ဘတ်စကား တစ်စီး ချောက်ထဲထိုးကျမီးလောင်ခဲ့ရာ လူပေါင်း ၄၀ ကျော်သေဆုံးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရာနေရာမှ ရုပ်အလောင်း ၄၁လောင်း ထိရှာဖွေတွေ့ရှိခဲ့ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လူပေါင်း ၄၈ ဦးလိုက်ပါလာသည့် အဆိုပါ ခရီးသည်တင်ဘတ်စကားသည် ဘလူချီစတန်ပြည်နယ် ကွတ်တားမြို့မှ ကရာချီမြို့သို့ မောင်းနှင်နေစဉ် ချောက်ထဲထိုးကျခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ခရီးသည်တင်ဘတ်စကားသည် တံတားတစ်စင်းပေါ်၌ အရှိန်ဖြင့်မောင်းနှင်နေစဉ် တံတားလက်ရန်းကို ဝင်တိုက်ပြီးနောက် ချောက်ထဲထိုးကျခဲ့ခြင်းဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လမ်းစည်းကမ်း လိုက်နာမှုအားနည်းသော၊ ကျေးလက်ဒေသလမ်းများပြုပြင်ထိန်းသိမ်းမှုညံ့ဖျင်းသော ပါကစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်သည်။

ပြီးခဲ့သည့်နှစ် ဇွန်လအတွင်းကလည်း ဘလူချီစတန်ပြည်နယ်၌ ခရီးသည်တင်ယာဉ်တစ်စီးချောက်ထဲထိုးကျမှုကြောင့် အနည်းဆုံး လူ ၂၂ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ KKO

## ယခုနှစ် သီရိလင်္ကာ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း အနုတ် ၄ ဒသမ သုည ရာခိုင်နှုန်းထိကျုံ့ဝင်နိုင်ကြောင်း သမ္မတ ရာနီးလ်ဝစ်ခရီမီဆင်း ခန့်မှန်း



**ကိုလံဘို ဇန်နဝါရီ ၂၉**

သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်အတွင်း အနုတ် ၃ ဒသမ ၅ ရာခိုင်နှုန်းမှ အနုတ် ၄ ဒသမ သုညရာခိုင်နှုန်းထိကျုံ့ဝင်သွားနိုင်ကြောင်း သီရိလင်္ကာသမ္မတ ရာနီးလ်ဝစ်ခရီမီဆင်းက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ၂၀၂၂ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ အနုတ် ၁၁ ရာခိုင်နှုန်းထိ ကျုံ့ဝင်ခဲ့သည်။

သို့သော် ယခုနှစ်အတွင်း၌ သီရိလင်္ကာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကျုံ့ဝင်မှုနှုန်းမှာ အနုတ် ၃ ဒသမ ၅ သို့မဟုတ် အနုတ် ၄ ဒသမ သုည ရာခိုင်နှုန်းထိရှိနိုင်သည်ဟု သမ္မတ ဝစ်ခရီမီဆင်းက ခန့်မှန်းထားကြောင်း သိရသည်။

ထို့ပြင် မူဝါဒရေးရာ အပြောင်းအလဲများ ခက်ခက်ခဲခဲပြုလုပ်ပေးရမည့် စီးပွားရေးအစီအစဉ်မျိုးမရှိခဲ့လျှင် သီရိလင်္ကာနိုင်ငံအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှုများနှင့်ထပ်မံရင်ဆိုင်ရနိုင်ကြောင်း သမ္မတ ဝစ်ခရီမီဆင်းက သတိပေးခဲ့သည်။

လူဦးရေ ၂၂ သန်း ရှိသော သီရိလင်္ကာနိုင်ငံသည် ဗြိတိန်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့သော ၁၉၄၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

သမ္မတ ဝစ်ခရီမီဆင်းသည် သီရိလင်္ကာ ရင်ဆိုင်နေရသည့် ပြဿနာများကို ဖြေရှင်းရေးအတွက် ရေရှည်မူဝါဒသစ်များကို ဖေဖော်ဝါရီ ၈ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

KKO

## ကူရိုင်းကျွန်းစု ငါးဖမ်းဆီးခွင့်သဘောတူညီချက် ဂျပန်နိုင်ငံနှင့်ဆွေးနွေးရန် ရုရှားငြင်းပယ်

**တိုကျို ဇန်နဝါရီ ၂၉**

ကူရိုင်းကျွန်းစုအနီး ရေပြင်အတွင်း ဂျပန်ရေလုပ်သားများအား ငါးဖမ်းဆီးခွင့်ပေးထားသော ရုရှား-ဂျပန်သဘောတူညီချက်ကို သက်တမ်းတိုးရေးအတွက် ဆွေးနွေးမည်မဟုတ်ဟု ရုရှားအစိုးရတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



ရုရှားနိုင်ငံက ထိန်းချုပ်ထားသော ကူရိုင်းကျွန်းစုသည် ဂျပန်နိုင်ငံကလည်း ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည့် ပိုင်ဆိုင်ခွင့်အငြင်းပွားကျွန်းစုဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ ရုရှားဆန့်ကျင်ရေးမူဝါဒများကြောင့် ကူရိုင်းကျွန်းစုအနီး၌ ဂျပန်ရေလုပ်သားများငါးဖမ်းခွင့် သဘောတူညီချက်သက်တမ်းတိုးရေး ဆွေးနွေးပွဲကို မိမိတို့အနေဖြင့် ကျင်းပမည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဂျပန်အစိုးရကို အသိပေးထားသည်။

ရုရှားနှင့်ဂျပန်တို့သည် ကူရိုင်းကျွန်းစုရေပြင် ငါးဖမ်းဆီးခွင့်ဆိုင်ရာ သဘောတူညီချက်ကို ၁၉၉၈ ခုနှစ်တွင် ရယူခဲ့သည်။

သို့သော် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ဂျပန်အစိုးရ၏ မူဝါဒကို တုံ့ပြန်သည့်အနေဖြင့် ယင်းသဘောတူညီချက် လိုက်နာကျင့်သုံးမှုကို ရုရှားနိုင်ငံက ပြီးခဲ့သည့်နှစ်ဇွန်လတွင် ဆိုင်းငံ့ခဲ့သည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့သည် ကူရိုင်းကျွန်းစုပိုင်ဆိုင်ခွင့်အငြင်းပွားမှုပြဿနာကြောင့် ဒုတိယကမ္ဘာစစ်တရားဝင်ပြီးဆုံးမှု အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ယနေ့ထိ လက်မှတ်ရေးထိုးနိုင်မှုမရှိသေးကြောင်း သိရသည်။

KKO

## ၂၀၂၂ ခုနှစ်အတွင်း ကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုကင်း ၆၇၁ တန် ဖမ်းဆီးရမိ



**ဘိုဂိုတာ ဇန်နဝါရီ ၂၉**

၂၀၂၂ ခုနှစ်အတွင်း ကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိခဲ့သော ကိုကင်း မူးယစ်ဆေးပမာဏသည် နှစ်စဉ် ဖမ်းဆီးရခဲ့ဖူး သမျှ စံချိန်တင်အများဆုံးဖြစ်ခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ဖော်ပြခဲ့သည်။

၂၀၂၂ခုနှစ်အတွင်းကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကိုကင်းတန်ချိန် ၆၇၁တန်ထိ ဖမ်းဆီးရမိခဲ့ကြောင်း ကိုလံဘီယာကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် ကိုကင်းမူးယစ်ဆေးဝါးပမာဏသည် ၂၀၂၁ ခုနှစ်အတွင်း ဖမ်းဆီးရမိသော ကိုကင်းပမာဏထက် ၁ ဒသမ ၇တန် ပိုများသည်။

ကိုလံဘီယာလုံခြုံရေးတပ်ဖွဲ့ဝင်များသည်၂၀၁၉ ခုနှစ်တွင် ကိုကင်းတန်ချိန် ၄၂၈ တန်ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၅၀၅ တန် ဖမ်းဆီးနိုင်ခဲ့သည်။

ကိုကင်းထုတ်လုပ်မှုနှင့်မှောင်ခိုရောင်းဝယ်မှုတို့သည် နှစ်၆၀ နီးပါး ကြာမြင့်နေပြီဖြစ်သော ကိုလံဘီယာ ပြည်တွင်းစစ်ရေးပဋိပက္ခသက်တမ်းရှည်ရခြင်း၏ အဓိက အကြောင်းရင်း တစ်ရပ်ဖြစ်သည်။

ကိုလံဘီယာ ပြည်တွင်းစစ်ရေးပဋိပက္ခများအတွင်း လူပေါင်း ၄၅၀၀၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံက နေအဖွဲ့အစည်းအပြင်လွှာနယ်မြေမှ ဥက္ကာခဲများက ကမ္ဘာမြေပေါ်သို့ ဇီဝအခြေခံပစ္စည်းများပို့ဆောင်ပေးခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၂၉**

နေအဖွဲ့အစည်း အပြင်လွှာနယ်မြေမှ ဥက္ကာခဲများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၆ ဘီလီယံက ကမ္ဘာမြေပေါ်သို့ ဇီဝအခြေခံပစ္စည်းများ ပို့ဆောင်ပေးခဲ့ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဇန်နဝါရီ ၂၈ ရက်က ရေးသားတင်ပြထားသည်။

နေအဖွဲ့အစည်း အပြင်လွှာနယ်မြေမှ ဥက္ကာခဲများ၌ ပိုတက်ဆီယမ်နှင့် သွပ်ဓာတ်များဖြင့်ဖွဲ့စည်းထားသော Carbonaceous Chondride ခေါ် ဥက္ကာခဲများလည်း ပါဝင်ကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက် တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ပိုတက်ဆီယမ်သည် ဇီဝကလာပ်စည်းများအနေဖြင့် အရည်ကြည်များ ထုတ်ပေးနိုင်စွမ်းရှိလာစေရန် အထောက်အကူပြုပြီး သွပ်ဓာတ်မှာ မျိုးဗီဇအခြေခံမော်လီကျူး (DNA) များ ပေါ်ထွက်လာရေးအတွက် အရေးပါကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်စတင်ဖွဲ့စည်းဖြစ်ပေါ်ချိန်တွင် ကျရောက်ခဲ့သော ဥက္ကာခဲများအနက် ၁၀ ရာခိုင်နှုန်းမှာ Carbonaceous Chondride အုပ်စုဝင် ဥက္ကာခဲများဖြစ်ကြောင်း သိရသည်။

အဆိုပါဥက္ကာခဲများသည် ကမ္ဘာဂြိုဟ်ပိုင်ဆိုင်ထားသည့် ပိုတက်ဆီယမ်ပမာဏ၏ ၂၀ ရာခိုင်နှုန်းနှင့် သွပ်ဓာတ်ပမာဏ၏ ၃၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးခဲ့ကြောင်း သုတေသန ပညာရှင်များက တွက်ချက်ထားသည်။

ယခင်က ကမ္ဘာမြေကို နေစကြဝဠာအတွင်းရှိ ဒြပ်စင်များဖြင့် အဓိကဖွဲ့စည်းထားသည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ခဲ့ကြကြောင်း သိရသည်။

KKO

# HEALTH

## လေ့ကျင့်ခန်းများ လုပ်ခြင်း၊ လမ်းများများလျှောက်ခြင်းဖြင့် အမျိုးသမီးများ Dementia ဖြစ်နိုင်ခြေကိုလျှော့ချနိုင်

**နယူးယောက် ဇန်နဝါရီ ၂၉**

အထိုက်အလျောက်အားစိုက်ရသည့် သို့မဟုတ် အပြင်းအထန်အားစိုက်ရသည့် ကိုယ်ကာယ လေ့ကျင့်ခန်းများနှင့်အတူ နေ့စဉ်လမ်းများများလျှောက်ပေးပါက အမျိုးသမီးများအနေဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ကျဆင်းမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၈ ရက်က ရေးသားတင်ပြထားသည်။

အသက် ၆၅ နှစ် အထက် အမျိုးသမီးများအနေဖြင့် အထိုက်အလျောက်အားစိုက်ရသည့် သို့မဟုတ် အပြင်းအထန်အားစိုက်ရသည့်လေ့ကျင့်ခန်းများကို ၃၁ မိနစ်ထပ်တိုး၍ နေ့စဉ်ပြုလုပ်ခြင်းဖြင့် Dementia ဖြစ်နိုင်ခြေကို ၂၆ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် သက်ကြီးပိုင်းအမျိုးသမီးများအနေဖြင့် လမ်းလျှောက်ရာတွင် ပုံမှန်ထက် ခြေလှမ်း ၁၈၆၅ လှမ်းပိုလျှောက်ပေးခြင်းဖြင့် Dementia ဖြစ်နိုင်ခြေကို ၃၃ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Dementia ရောဂါသည် ရောဂါလက္ခဏာများမပေါ်မီ နှစ် ၂၀ ခန့်ကပင် စတင်ဖြစ်ပွားတတ်ရာ သက်ကြီးပိုင်းများအနေဖြင့် အဆိုပါရောဂါ ဖြစ်ပွားမှုကို ကာကွယ်ရန်နှင့် ရောဂါတိုးမှုကို လျှော့ချရန် လေ့ကျင့်ခန်းများများ ပြုလုပ်သင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

သို့ရာတွင် နေ့စဉ်ထိုင်ချိန်ရှည်ကြာမှုသည် အမျိုးသမီးများ၌ Dementia ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO


## ၂၀၂၆ ခုနှစ်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ၌ စူးစမ်းလေ့လာရေးလုပ်ငန်းများစတင်မည့် ချန်အာ-၇ လဆင်းယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို တရုတ်နိုင်ငံ စတင်နေပြီဖြစ်

**ပေကျင်း ဇန်နဝါရီ ၂၉**

၂၀၂၆ ခုနှစ်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ၌ စူးစမ်းလေ့လာရေးလုပ်ငန်းများစတင်မည့် ချန်အာ-၇ လဆင်းယာဉ်တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံက လုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသားတင်ပြထားသည်။

ချန်အာ-၇ လဆင်းယာဉ်စီမံကိန်းသည် မကြာသေးမီကမှ တရုတ်နိုင်ငံက အတည်ပြုခဲ့သော လကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းအစီအစဉ်သစ်၌ အကျုံးဝင်သည့် လဆင်းယာဉ်ဖြစ်သည်။

ချန်အာ-၇ မစ်ရှင်ကို လပတ်အာကာသယာဉ်၊ လဆင်းယာဉ်၊ လမျက်နှာပြင် လေ့လာရေးယာဉ်နှင့် အရိပ်ကျဥက္ကာချိုင့်ခွက်များအတွင်း ရေဓာတ်ကိုရှာဖွေပေးမည့် မိုးပျံစက်ရုပ်ယာဉ်ငယ် တစ်စင်းတို့ဖြင့် ဖွဲ့စည်းထားမည်ဖြစ်သည်။



အလားတူ ချန်အာ-၇ မစ်ရှင်ကို ကြားခံဆက်သွယ်ရေးဂြိုဟ်တုသစ်တစ်စင်းဖြင့် အထောက်အကူပေးထားရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

ချန်အာ-၇ မစ်ရှင်၏လမျက်နှာပြင်လေ့လာရေးယာဉ်သည် ချန်အာ-၄ မစ်ရှင်၏ ယုတူ-၂ လမျက်နှာပြင် လေ့လာရေးယာဉ်ထက်အရွယ်အစားအားဖြင့် အနည်းငယ်ပိုကြီးမည်ဖြစ်ရာ သီးခြားဆုံးဖြတ်လုပ်ရှားနိုင်စွမ်း ပို၍မြင့်မားမည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ထို့ပြင် ချန်အာ-၇ မစ်ရှင်သည် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ၏ လမျက်နှာပြင်လေ့လာရေးယာဉ်ငယ် တစ်စင်းကိုပါ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ KKO

## သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို ပဲပုပ်တွင်ပါသောပရိုတင်းတစ်မျိုးက လျှော့ချပေးနိုင်

**နယူးယောက် ဇန်နဝါရီ ၂၉**

ပဲပုပ်တွင်ပါဝင်သော ပရိုတင်းတစ်မျိုးသည် သွေးအတွင်းကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ အီလီနွိုက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပဲပုပ်တွင်ပါဝင်သော ပရိုတင်းများအနက် Glycinin နှင့် B.conglycinin ပရိုတင်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ B.conglycinin ပရိုတင်းကြွယ်ဝသည့် ပဲပုပ်အမျိုးအစား စားသုံးသူသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ဖွယ်ရှိသည်ဟု အမေရိကန် သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

ပဲပုပ်များများ စားသုံးသူသည် လူတို့၏သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်အပေါ် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှုမျိုးရှိနိုင်ကြောင်း ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များ၌ တင်ပြခဲ့ကြပြီးဖြစ်သည်။

သို့ဖြစ်ရာ ပဲပုပ်၏အထက်ပါ ကျန်းမာရေးအကျိုးကျေးဇူး နှစ်ရပ်သည် Glycinin နှင့် B.conglycinin ပရိုတင်းများနှင့်ဆက်စပ်နေနိုင်သည်ဟု အမေရိကန် သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို ဘဝနေထိုင်မှုပုံစံအပြောင်းအလဲများဖြင့် လျှော့ချကုစားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO



## နာဆာက ဆော့ဖ်ဝဲလ်ပြဿနာများကြောင့် လွှတ်တင်ချိန်တစ်နှစ်ဆိုင်းငံ့ထားခဲ့ရသည့် ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်နိုင်ရန်စီစဉ်

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဆော့ဖ်ဝဲလ် ပြဿနာများကြောင့် လွှတ်တင်ချိန် တစ်နှစ်ဆိုင်းငံ့ထားခဲ့ရသည့် ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်နိုင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၈ ရက်က ရေးသားတင်ပြထားသည်။

ဆိုက်ခ်ီမစ်ရှင်ကို Space-X အာကာသ နည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ရန် စီစဉ်ထားသည်ဟု နာဆာတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။


နာဆာအဖွဲ့သည် ဆိုက်ခ်ီအမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခ်ီမစ်ရှင်ကို လွှတ်တင်ရန်စီစဉ်ထားခြင်းဖြစ်သည်။

မူလက နာဆာအဖွဲ့သည် ဆိုက်ခ်ီမစ်ရှင်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက လွှတ်တင်ရန် စီစဉ်ထားသော်လည်း ဆိုက်ခ်ီအာကာသယာဉ်၏ ပျံသန်းရေးစနစ်ကွန်ပျူတာဆော့ဖ်ဝဲလ် ပြဿနာတစ်ရပ်ကြောင့် နာဆာအဖွဲ့က လွှတ်တင်ရေးအစီအစဉ်ကို တစ်နှစ်ရွှေ့ဆိုင်းခဲ့ပြီး မစ်ရှင်အခြေအနေကို ပြန်လည် သုံးသပ်ခဲ့သည်။

ယခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ဖြစ်ခဲ့ပါက ဆိုက်ခ်ီအာကာသယာဉ်သည် ၂၀၂၉ ခုနှစ် ဩဂုတ်လတွင် ဆိုက်ခ်ီဂြိုဟ်သိမ်ရှိရာသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်အသင်းမှ ပါတေး အဲဗာတန်အသင်းနှင့်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်



**လန်ဒန် ဇန်နဝါရီ ၂၉**

အာဆင်နယ်အသင်း အဓိက ကွင်းလယ်ကစားသမား ပါတေးသည် မန်စီးတီးအသင်းနှင့်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော်လည်း ဒဏ်ရာမပြင်းထန်သည့်အတွက် အဲဗာတန်အသင်းနှင့်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု နည်းပြအာတီတာက အတည်ပြု ပြောကြားခဲ့ကြောင်း Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိ ပါတေးသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်း ကွင်းလယ်ပိုင်း၌ အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး အာဆင်နယ်အသင်း ချန်ပီယံဆုအတွက် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်လျက်ရှိအောင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

ပါတေးသည် အက်ဖ်အေဖလားပွဲစဉ်အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သည့်အတွက် ပွဲချိန်ဒုတိယပိုင်းတွင် လူစားလဲထွက်ခွာခဲ့ရပြီး အစောပိုင်းက ဒဏ်ရာကြောင့် အနားယူရဖွယ်ရှိနေသော်လည်း အသေးစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာတွင် အသေးစား ဒဏ်ရာသာဖြစ်သောကြောင့် ရက်ပိုင်းသာအနားယူပြီး ပြန်လည်ကစားနိုင်မည်ဖြစ်သည်။

အာဆင်နယ် အသင်းနည်းပြအာတီတာက "ပါတေးရဲ့ ဒဏ်ရာနဲ့ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုတွေပြုလုပ်ပြီးပါပြီ။ သူ့ဒဏ်ရာက မပြင်းထန်လို့ ရက်ပိုင်းသာအနားယူလိုက်ရင် ပြန်လည်ကစားနိုင်တယ်လို့လဲ ဆေးအဖွဲ့က အကြောင်းကြားထားပါတယ်။ ဒါကြောင့် သူ တစ်ရက် နှစ်ရက် အနားယူပြီးရင်တော့ ပြန်ကောင်းလာမှာပါ။ လာမဲ့ အဲဗာတန်အသင်းနဲ့ပွဲစဉ်အတွက် အသင့်ဖြစ်နေမှာပါ" ဟု ပြောကြားခဲ့သည်။ STA

# အန်ဂါအသင်း ကွင်းလယ်ကစားသမား အိုနာဟီကို ခေါ်ယူရန် မာဆေးအသင်း သဘောတူညီမှုရရှိ

**ပဲရစ် ဇန်နဝါရီ ၂၉**

မာဆေးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အန်ဂါအသင်း ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား အိုနာဟီကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာ အန်ဂါအသင်းနှင့် သဘောတူညီမှုရရှိခဲ့သည်ဟု Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၂ နှစ်ရှိ အိုနာဟီသည် ယခုနှစ် ဘောလုံးရာသီ အန်ဂါအသင်း ကွင်းလယ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ကစားနေသည့်အပြင် ပြီးခဲ့သည့် ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း မော်ရိုကိုအသင်းအား ဆီမီးဖိုင်နယ်ထိ ရောက်ရှိအောင် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဥရောပကလပ်အသင်းကြီးများဖြစ်သည့် ဆီဗီလာအသင်း၊ နာပိုလီအသင်းနှင့် လက်စတာအသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းခံခဲ့ရသည်။

သို့သော် ပြင်သစ်လီဂူးပြိုင်ဘက် မာဆေးအသင်းက အိုနာဟီကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းခဲ့ရာ လက်ဦးမှုရယူနိုင်ခဲ့ပြီး ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကာ ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဝန်းကျင်သာ ပေးချေရမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

လက်ရှိတွင် မာဆေးအသင်းသည် အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားပြီးချိန်တွင် ၁၃ ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်ဖြင့် ရမှတ် ၄၃ မှတ်ရရှိကာ အဆင့် (၃) နေရာသို့ ရောက်ရှိနေကြောင်း သိရသည်။ ML



**ပြင်သစ်လီဂူး ပွဲစဉ် (၂၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| နိုက် | ၁ | - | ၀ | လိုင်လီ |
| အော်ဇေး | ၀ | - | ၂ | မောင့်ပယ်လီယာ |
| ဘရက် | ၄ | - | ၀ | အန်ဂါ |
| ကလဲယားမောင့် | ၀ | - | ၀ | နန့်တက် |
| စထရာဘော့ | ၁ | - | ၂ | တူးလော့ |
| အေဂျက်စီယို | ၀ | - | ၂ | လိုင်ယွန် |

(ဝ၄ဝ)

# မန်ယူနှင့် ကစားရမည့် ယူရိုပါလိဂ်ပွဲစဉ်တွင် ဒမ်ဘီလီပါဝင်နိုင်မည်မဟုတ်ကြောင်း ဘာစီလိုနာထုတ်ပြန်

**ဘာစီလိုနာ ဇန်နဝါရီ ၂၉**

ဘာစီလိုနာအသင်း တောင်ပံကစားသမား ဒမ်ဘီလီသည် ဂျီရိုနာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ရက်သတ္တသုံးပတ်ခန့် အနားယူရမည်ဖြစ်၍ အမှတ်ပေးပွဲစဉ်အပါအဝင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကစားရမည့် မန်ယူအသင်းနှင့် ယူရိုပါလိဂ်ပွဲစဉ်ကိုပါ လွဲချော်နိုင်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒမ်ဘီလီသည် ဂျီရိုနာအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်ပိုင်း၌ ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ ပွဲကစားချိန် ၂၆ မိနစ်အရောက်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သဖြင့် အသင်းဖော်ကစားသမားပက်ထရီနှင့် လူစားလဲခဲ့ရပြီး သုံးပတ်ခန့် အနားယူရမည်ဖြစ်သောကြောင့် ဖေဖော်ဝါရီ ၂ ရက်တွင် ကစားရမည့် ဘက်တစ်အသင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင် ကစားရမည့် ဆီဗီလာအသင်း၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကစားရမည့် ဗီလာရီးရဲလ်အသင်း ပွဲစဉ်ကို လွဲချော်မည့်အပြင် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကစားရမည့် မန်ယူအသင်းနှင့် ယူရိုပါလိဂ်ပွဲစဉ်ကိုပါ လွဲချော်နိုင်သည်။

အသင်းနည်းပြဇာဗီက "ဒမ်ဘီလီရဲ့ဒဏ်ရာအခြေအနေကို ဒီနေ့ညနေပိုင်းမှာ စစ်ဆေးမှုပြုလုပ်သွားမှာပါ။ ပုံမှန်အားဖြင့်တော့ ကြွက်သားဒဏ်ရာဟာ ရက်သတ္တသုံးပတ်လောက်အနားယူရတာပါ။ ဒါပေမဲ့ ဆေးစစ်ချက်အဖြေထွက်ပေါ်လာမှသာ အတည်ပြုနိုင်မှာဖြစ်ပေမဲ့ အနည်းဆုံးတော့ ဖေဖော်ဝါရီ လကုန်လောက်မှ အသင်းနဲ့ပူးပေါင်းနိုင်မှာ ဖြစ်ပါတယ်။ အသင်းအနေနဲ့ ဒမ်ဘီလီလို အဓိက ကစားသမားတစ်ဦးကို ဆုံးရှုံးရတာ နစ်နာပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# စပို့တင်းလစ္စဘွန်းကစားသမား ပက်ထရီပိုရီ စပါးအသင်းသို့ ပြောင်းရွှေ့ရန် ဆေးစစ်မှုခံယူ

**လန်ဒန် ဇန်နဝါရီ ၂၉**

စပါးအသင်းသည် စပို့တင်းလစ္စဘွန်းခံစစ်ကစားသမား ပက်ထရီပိုရီအား ခေါ်ယူရန် ကာလရှည်ကြိုးပမ်းခဲ့ရာ ယခုအခါ ငါးနှစ်သက်တမ်းစာချုပ်ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သဖြင့် စပါးအသင်းတွင် ဆေးစစ်မှုခံယူလျက်ရှိသည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ပက်ထရီပိုရီသည် ယခင်က မန်စီးတီးအသင်း ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတွင် ပွဲကစားခွင့်မရရှိသဖြင့် စပိန်လာလီဂါနှင့် စပို့တင်းလစ္စဘွန်းအသင်းတို့တွင် သုံးရာသီဆက်တိုက်အငှား သွားရောက်ကစားခဲ့ရပြီးနောက် စပို့တင်းလစ္စဘွန်းအသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ယူရိုသန်း ၄၀ ဝန်းကျင်ဖြင့် ၂၀၂၃ ခုနှစ်ထိ အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ပက်ထရီပိုရီသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၂၆ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး သုံးဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိပြုလုပ်ကာ ညာတောင်ပံခံစစ်ပိုင်းတွင် အကောင်းဆုံးကစားနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း စပါးအသင်းနှင့်တွေ့ဆုံချိန်တွင် ပုံစံကောင်းပြသ၍ အသင်းအား ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် စပါးအသင်း နည်းပြကွန်တီက အသင်းညာတောင်ပံ ခံစစ်ပိုင်းတွင် အယ်မာဆန်၊ ဗိုဟာတီတို့၏နေရာ၌ အစားထိုးရန်အတွက် ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေးယူရို ၄၈ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။



လက်ရှိတွင် ခံစစ်ကစားသမား ပက်ထရီပိုရီသည် စပါးအသင်းတွင် ဆေးစစ်မှုခံယူရန်အတွက် လန်ဒန်မြို့သို့ ရောက်ရှိနေပြီး ဆေးစစ်မှုအောင်မြင်ပါက တရားဝင်ကစားသမားအဖြစ် ထုတ်ပြန်ကြေညာ၍ လာမည့် ဖေဖော်ဝါရီ ၅ ရက်တွင် ကစားရမည့် မန်စီးတီးအသင်းနှင့် ပွဲစဉ်၌ ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။ ML

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ရီဒင်းကို အနိုင်ရခဲ့သော်လည်း ကွင်းလယ်ကစားသမား အယ်ရစ်ဆင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သောကြောင့် ချိုင်းထောက်ဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရကာ ကာလရှည်အနားယူရဖွယ်ရှိနေကြောင်း သိရသည်။
- လိုင်ယွန်အသင်း ကစားသမားတိုးတီသည် လက်စတာအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ပြီး ဆေးစစ်မှုခံယူလျက်ရှိကြောင်း သိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဘွန်ဒက်လီဂါ သုံးပွဲဆက်တိုက် သရေရလဒ်ထွက်ပေါ်ခဲ့မှုကြောင့် မိမိအနေဖြင့် အသင်းရလဒ်ပိုင်းအပေါ် စိုးရိမ်လျက်ရှိကြောင်း နည်းပြနာဂျယ်စမန်းက ပြောကြားခဲ့သည်။ ML

# စီရော်နယ်ဒိုက နွှတ်ဆက်ပွဲပြုလုပ်ရန် အသင်းဟောင်း မန်ယူအသင်းမှ ကစားသမားလေးဦးကို ဆော်ဒီနိုင်ငံသို့ ဖိတ်ကြား



**ရိုယာဒ် ဇန်နဝါရီ ၂၉**

ဆော်ဒီကလပ် အယ်နာဆာအသင်း တိုက်စစ်ကစားသမား စီရော်နယ်ဒိုက နွှတ်ဆက်ပွဲပြုလုပ်ရန်အတွက် အသင်းဟောင်း မန်ယူအသင်းမှကစားသမား လေးဦးကို ဆော်ဒီနိုင်ငံသို့ လာရောက်ရန်အတွက် ဖိတ်ကြားမှုပြုလုပ်ခဲ့သည်ဟု One Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီက အင်တာဗျူး အစီအစဉ်တစ်ခုတွင် မန်ယူအသင်းမှ တာဝန်ရှိသူများနှင့်နည်းပြ တန်ဟတ်တို့ကို လူသိရှင်ကြား ပြင်းပြင်းထန်ထန်ဝေဖန်မှုပြုလုပ်ခဲ့သည့်အတွက် မန်ယူအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပနေသည့်ကာလတွင် စီရော်နယ်ဒိုနှင့်စာချုပ်ဖျက်သိမ်းပြီး အသင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီး လာရောက်ပူးပေါင်းခြင်း မရှိသောကြောင့် အသင်းဟောင်းမှ ကစားသမားများနှင့် နွှတ်ဆက်ပွဲပြုလုပ်ခဲ့ခြင်းမရှိသည့်အတွက် ယခုအခါ မန်ယူအသင်းမှ ၎င်းနှင့် ရင်းနှီးသည့် မိတ်ဆွေများဖြစ်သည့် မက်ဂွဲယား၊ ကာက်စ်မဲရိုး၊ တာရန်းနှင့်ဖာနန်ဒက်တို့ကို ဆော်ဒီနိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် မန်ယူအသင်းနှင့်လမ်းခွဲခဲ့သော်လည်း အသင်းဟောင်းမှ ကစားသမားအချို့နှင့် ရင်းနှီးသည့်ဆက်ဆံရေးများရှိနေပြီး လက်ရှိအချိန်ထိလည်း အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်မှုများရှိနေသည့်အတွက် နွှတ်ဆက်ပွဲပြုလုပ်ရန် ဆော်ဒီနိုင်ငံသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# Farmers Insurance Open ချန်ပီယံဆုကို မက်ဟိုမာ ဆွတ်ခူး

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား မက်ဟိုမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက် လျှော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဘရက်ဒလေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး တစ်နိုင်ငံတည်းသား ကစားသမား မိုရီကာဝါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာအမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မက်ဟိုမာက "ဒီပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်ဖို့ ကျွန်တော် စိတ်ရှည်သည်းခံပြီး ရလဒ်ကောင်းလာအောင်ကြိုးစားခဲ့ရတယ်။ အဲဒီအတွက် ယုံကြည်မှုပိုပြီးမြင့်တက်လာခဲ့တယ်။ ပြိုင်ပွဲတစ်ပွဲမှာ အောင်မြင်မှုရဖို့အတွက် စွမ်းဆောင်ရည်မြင့်မားရမယ်။ စိတ်ရှည်သည်းခံရမယ်။ ဒါ့ပြင် ကံကောင်းဖို့လဲလိုပါသေးတယ်။ နောက်ဆုံးနေ့ရဲ့ ၁၈ ကျင်းကတော့ မာရသွန်အပြေးပြိုင်ပွဲလိုပဲ။ ပင်ပန်းသလိုဖိအားလဲများပါတယ်။ နောက်ကနေလိုက် ကစားခဲ့ရပေမဲ့ အဆုံးသတ်မှာ အောင်မြင်မှုရယူနိုင်ခဲ့လို့ ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ဗိုလ်စွဲရန် ရေပန်းစားခဲ့သည့် စပိန်ဂေါက်သီးရိုက် ကစားသမား ဂျွန်ရမ်းသည် နောက်ဆုံးနေ့တွင် ပုံစံကောင်းပျောက်ဆုံးကာ ရလဒ်ပိုင်းကျဆင်းခဲ့ပြီး စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်သာလျှော့ရိုက်ပြီး အမှတ်ပေးဇယား၏ T7 နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မက်ဟိုမာသည် နောက်ဆုံးနေ့ မတိုင်မီထိ နောက်မှလိုက်ကစားခဲ့ရသော်လည်း နောက်ဆုံးနေ့တွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကစားသမားများကို ကျော်ဖြတ်ကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL



# ချဲလ်ဆီးအသင်းက အန်ဇိုဖာနန်ဒက်ကို ယူရိုသန်း ၁၀၀ အပြင် ကစားသမားတစ်ဦး အလိုက်ပေးကမ်းလှမ်း

**လန်ဒန် ဇန်နဝါရီ ၂၉**

ချဲလ်ဆီးအသင်းက ဇန်နဝါရီ ကစားသမား အပြောင်းအရွှေ့ကာလပြီးဆုံးရန် နာရီပိုင်းအလိုတွင် ကာလရှည် ပစ်မှတ်ထားနေသည့် ဘင်ဖီကာအသင်းမှ လူငယ်ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ အပြင် ဘင်ဖီကာအသင်း အလိုရှိသည့်ကစားသမားတစ်ဦးအလိုက်ပေးပြီး ကမ်းလှမ်းခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် အန်ဇိုဖာနန်ဒက်ကို ခေါ်ယူရန် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလကတည်းက ကြိုးပမ်းလျက်ရှိနေပြီး ကစားသမားနှင့်သဘောတူညီမှုရရှိထားပြီ ဖြစ်သော်လည်း ဘင်ဖီကာအသင်းနှင့် ပြောင်းရွှေ့ကြေးညှိနှိုင်းမှု အဆင်မပြေသည့်အတွက် ကြန့်ကြာနေခြင်းဖြစ်သည်။

အန်ဇိုဖာနန်ဒက်သည် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့် အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲ၏ လူငယ်အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ချဲလ်ဆီးအသင်းက ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အန်ဇိုဖာနန်ဒက်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက အစောပိုင်းက အန်ဇိုဖာနန်ဒက်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၇၀နှင့် ကမ်းလှမ်းခဲ့သော်လည်း ဘင်ဖီကာအသင်းက ပယ်ချခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၂၀ ရရှိမှသာ ရောင်းချမည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

ယခုအခါ ချဲလ်ဆီးအသင်းက ဘင်ဖီကာအသင်းတောင်းဆိုသည့် ပြောင်းရွှေ့ကြေးယူရိုသန်း ၁၂၀ ကို ငွေသားချည်းမဟုတ်ဘဲ ပြောင်းရွှေ့ကြေးယူရို သန်း ၁၀၀ထိ ပေးချေပြီး ဘင်ဖီကာအသင်း အလိုရှိသည့် ကစားသမားတစ်ဦး အလိုက်ပေးမည်ဖြစ်သည့်အတွက် ဘင်ဖီကာအသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးနှင့် ကွာဟမှုမရှိသောကြောင့် အပြောင်းအရွှေ့ဖြစ်မြောက်ရန် နီးစပ်နေကြောင်း သိရသည်။ STA

# ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆာဘာလင်ကာဆွတ်ခူး

**ကင်ဘာရာ ဇန်နဝါရီ ၂၉**

ဩစတြေးလျနိုင်ငံတွင်ကျင်းပခဲ့သည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲအမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲအဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၄-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ နိုင်ငံမဲ့ ကစားသမားအနေဖြင့် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်ပြီး ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲတစ်လျှောက် နိုင်ငံမဲ့ ကစားသမားက ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် တင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆာဘာလင်ကာက "ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခွင့်ရခဲ့လို့ ဂုဏ်ယူပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကအောင်မြင်မှုရဖို့ရှုန်းကန်ခဲ့ရသလို ကစားသမားဘဝ အတက်အကျလဲမြန်ခဲ့ပါတယ်။ အောင်မြင်မှုတွေရဖို့ အများကြီး ကြိုးစားအားထုတ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်မရဲ့နည်းပြအဖွဲ့က ကျွန်မအတွက် အကောင်းဆုံး ကြိုးစားပေးခဲ့ကြတယ်။ စိတ်ရောကိုယ်ပါနစ်ပြီးတော့ အများကြီး ကူညီပေးခဲ့ကြတယ်။ သူတို့ကြောင့် ဒီဆုဖလားကိုရခဲ့တာပါ။ ဒီဆုဖလားက ကျွန်မထက် ကျွန်မရဲ့ နည်းပြအဖွဲ့ဝင်တွေက ပိုပြီးတော့ထိုက်တန်ပါတယ်။ ကျွန်မအတွက် အကောင်းဆုံးကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရုရှား-ယူကရိန်း အရေးတွင် ဘီလာရုစ်သည် ရုရှားနိုင်ငံဘက်မှ ကူညီခဲ့သည့်အတွက် အားကစားပြိုင်ပွဲများတွင် ရုရှားကစားသမားများနှင့် ဘီလာရုစ်ကစားသမားများကို အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက နိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပိတ်ပင်ထားခြင်းကြောင့် ဆာဘာလင်ကာသည် နိုင်ငံမဲ့ကစားသမားအဖြစ် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

ဆာဘာလင်ကာသည် ဆုရရှိခဲ့သော်လည်း ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဆုဖလားတွင် ဆုရကစားသမား အမည်စာရင်းကို ရေးသားဖော်ပြရာတွင် ဆာဘာလင်ကာအမည်သာ ရေးသားခဲ့ပြီး ကိုယ်စားပြုနိုင်ငံကို ထည့်သွင်းခဲ့ခြင်းမရှိကြောင်း သိရသည်။

AZL



# လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံဆုကို ဘီတာဘီယက်ဗ် ကာကွယ်နိုင်ခဲ့

**လန်ဒန် ဇန်နဝါရီ ၂၉**

WBC၊ IBF၊ WBO လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ ကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ ဘီတာဘီယက်ဗ်နှင့် စိန်ခေါ်သူ ယက်ဒီတို့ ယနေ့နံနက်အစောပိုင်းက အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် ထိုးသတ်ခဲ့ရာ ဘီတာဘီယက်ဗ်က ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်ဟု Ring-news 24 သတင်းဌာနက ဖော်ပြခဲ့သည်။


ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဗ်သည် အင်္ဂလန်လက်ဝှေ့သမားယက်ဒီကို ရှစ်ချီမြောက်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ပြီးနောက် လိုက်ဟဲဗီးဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံဆုအတွက် WBA လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ ဘီဗိုလ်နှင့်ထိုးသတ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ယက်ဒီသည် လက်ရှိ အင်္ဂလန်လက်ဝှေ့လောက၏ အတိုးတက်ဆုံးလက်ဝှေ့သမားတစ်ဦးဖြစ်သော်လည်း ဘီတာဘီယက်ဗ်နှင့်ထိုးသတ်ခဲ့သည့် ပွဲစဉ်တွင် စွမ်းဆောင်ရည်ပိုင်းမှာ မေးခွန်းထုတ်စရာဖြစ်ခဲ့ပြီး ဘီတာဘီယက်ဗ်သည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲ ၁၉ ပွဲထိုးသတ်ထားပြီး ရှုံးပွဲမရှိဘဲ ၁၉ ပွဲစလုံး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘီတာဘီယက်ဗ်သည် လိုက်ဟဲဗီးဝိတ်တန်းလောက၌ စွမ်းဆောင်ရည်အမြင့်ဆုံးလက်ဝှေ့သမားအဖြစ် ရပ်တည်နေသကဲ့သို့ WBA လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံ ရုရှား လက်ဝှေ့သမားတစ်ဦးဖြစ်သည့် ဘီဗိုလ်ကို အနိုင်ရခဲ့ပါက လိုက်ဟဲဗီးဝိတ်တန်းတွင် ပြိုင်ဘက်ကင်း ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ AZL

# တရုတ်-ရုရှား စီးပွားရေးဆိုင်ရာဆက်ဆံရေး

ပိုက်တင်



ရုရှား-ယူကရိန်းပဋိပက္ခ ဖြစ်ပေါ်လာသည့်အခါ ရုရှား၏ အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်၊ အနာဂတ်တွင် စီးပွားရေးအင်အားအရာတွင် စူပါပါဝါဖြစ်လာမည်လည်းဖြစ်သော တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံ၏ စီးပွားရေးကဏ္ဍဆက်နွယ်မှု (ဆက်ဆံရေး) ကိစ္စရပ်များကို သိရှိထားနိုင်ကြလျှင် များစွာ အကျိုးများနိုင်မည်ဖြစ်သောကြောင့် အောက်ပါအတိုင်း အရေးပါသည့်အကြောင်းခြင်းရာများကို ရေးသားတင်ပြလိုက်ပါသည်။

ရုရှားနိုင်ငံအဖို့ တရုတ်နိုင်ငံသည် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံအဖြစ် တည်ရှိလာခဲ့သည်မှာ ယခုဆိုလျှင် ၁၃ နှစ်ဆက်တိုက်ရှိလာခဲ့ပြီဖြစ်သည်။ ၂၀၂၁ ခုနှစ် တစ်နှစ်တည်းတွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ (Trade Volume)မှာ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၉ ဘီလီယံထိရှိခဲ့သည်။ (တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးလိုငွေမှာ ထိုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ရှိခဲ့သည်။) တရုတ်နိုင်ငံအဖို့မူ ရုရှားနိုင်ငံနှင့်ကုန်သွယ်ရေးသည် အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများ ကုန်သွယ်မှုပမာဏစုစုပေါင်း၏ ဆယ်ပုံတစ်ပုံခန့်မျှသာ ရှိသည်ဟုဆိုသော်လည်း တရုတ်နိုင်ငံသို့ တင်သွင်းရသောဓာတ်မြေဩဇာပစ္စည်းစုစုပေါင်း၏ ၂၂ ဒသမ ၇၃ ရာခိုင်နှုန်း၊ နီကယ်နှင့်၎င်း၏ဆက်စပ်ပစ္စည်းများ တင်သွင်းမှုစုစုပေါင်း၏ ၁၈ ဒသမ ၇၅ ရာခိုင်နှုန်း၊ သစ်နှင့်သစ်တောထွက်ပစ္စည်းတင်သွင်းမှုပမာဏ စုစုပေါင်း၏ ၁၈ ဒသမ ၃၈ ရာခိုင်နှုန်း၊ ဓာတ်ငွေ့နှင့် လောင်စာဆီတင်သွင်းမှုပမာဏစုစုပေါင်း၏ ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိသည်။ အရေးအပါဆုံးအချက်မှာ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ စွမ်းအင်တင်သွင်းမှုကို အကြီးအကျယ်မှီခိုနေရသည်ဟူသောအချက်ပင်ဖြစ်သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံအဖို့ လောင်စာဆီနှင့် လျှပ်စစ်စွမ်းအင်တင်ပို့မှု အများဆုံးရှိနေသည့်နိုင်ငံလည်းဖြစ်သည်။ ထို့ပြင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ဆော်ဒီအာရေဗျနိုင်ငံပြီးလျှင် ရေနံစိမ်းတင်ပို့မှုအများဆုံးနိုင်ငံဖြစ်သလို အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ကျောက်မီးသွေးတင်ပို့မှု အများဆုံးနိုင်ငံလည်းဖြစ်သည်။ ထို့မျှသာမက တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံမှ ကျောက်မီးသွေးတင်သွင်းမှုများကို ကန့်သတ်ပြီးသည့်နောက်ပိုင်းတွင် ရုရှားနိုင်ငံမှ ကျောက်မီးသွေးတင်ပို့မှုကို တိုးမြှင့်ဆောင်ရွက်နေသည်လည်းဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ရုရှားနိုင်ငံ၏ ရေနံတင်ပို့မှုသည် တန်ချိန်သန်းပေါင်း ၇၉ ဒသမ ၆ သန်းရှိခဲ့ရာ ၎င်းပမာဏသည် တရုတ်နိုင်ငံသို့တင်ပို့မှုပမာဏစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းရှိပြီး ၁၇ ရာခိုင်နှုန်းခန့်တင်သွင်းရသော ဆော်ဒီအာရေးဗီးယားနိုင်ငံပြီးလျှင် ရုရှားနိုင်ငံမှတင်သွင်းမှုသည် ဒုတိယအများဆုံးဖြစ်သည်။ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ ပဋိပက္ခ စတင်ဖြစ်ပွားသည့်အချိန်တွင် တရုတ်နိုင်ငံ၏ နိုင်ငံတော်ပိုင်ကုမ္ပဏီကြီးများသည် (ရုရှားနိုင်ငံကို ပေါ်ပေါ်ထင်ထင် အားပေးကူညီနေသည်ဟု အထင်မရောက်စေလိုသောသဘောဖြင့်) ဈေးနှုန်းများ အထူးလျှော့ပေါ့ပေးနေသည့် ကာလဖြစ်သော်ငြား ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုသဘောတူညီချက်အသစ်များပြုလုပ်ရန် ဆိုင်းငံ့ထားခဲ့လေသည်။ သို့သော် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သော တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့၏ ထိပ်သီးတွေ့ဆုံဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည့် တည်ဆဲသဘောတူညီချက်များကိုမူ ဆက်လက်ထားရှိရန် သဘောတူညီချက်ရှိထားကြသည်။ ရုရှား-ယူကရိန်းပဋိပက္ခသည် မျှော်လင့်သလို မြန်မြန်အဆုံးသတ်နိုင်ခြင်းမရှိချေ။ ဥရောပသမဂ္ဂနိုင်ငံများသည် ယူကရိန်းအရေးကြောင့် ရုရှားနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများစတင်ချမှတ်လိုက်သည့်အခါတွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားသောနိုင်ငံများဆီသို့ ရေနံတိုက်ရိုက်တင်ပို့မှုအစား ဥရောပနိုင်ငံများမှတစ်ဆင့် ကြားခံတင်ပို့သည့်စနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည်။ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် မေလမှစ၍ ရုရှားနိုင်ငံမှ ရေနံတင်သွင်းမှုကို ထပ်မံမြှင့်တင်လိုက်ပြီး ၂၀၂၂ ခုနှစ် ဧပြီလမှစတင်၍ ငွေပေးချေမှုများကို တရုတ်ယွမ်ငွေ (RMB) ဖြင့် ဆောင်ရွက်ပေးချေရန် သတ်မှတ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန်လတွင် တရုတ်နိုင်ငံသည် ဥရောပသမဂ္ဂနိုင်ငံများမှ အများဆုံးရေနံတင်ပို့မှုကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ရုရှားနိုင်ငံမှသာ အများဆုံးတင်သွင်းရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့၏။ တရုတ်နိုင်ငံသို့ တင်သွင်းသောရေနံပမာဏစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်း (ရုရှားနိုင်ငံမှာ နိုင်ငံခြားသို့တင်ပို့သော ရေနံပမာဏ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း)ကို တင်သွင်းခဲ့သည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ အများဆုံးတင်ပို့သောနိုင်ငံ မဟုတ်သော်ငြားလည်း တာ့ခ်မန်နစ္စတန်နိုင်ငံ (Turkmenistan) ပြီးလျှင် ဒုတိယအများဆုံး သဘာဝဓာတ်ငွေ့တင်ပို့သော နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေသည်။ ရုရှားနိုင်ငံသည် ၂၀၁၉ ခုနှစ်မှစတင်ပြီး ဆားဘီးယားရှိ ပိုက်လိုင်း (အရှေ့ဘက်လမ်းကြောင်း)မှတစ်ဆင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များ စတင်တင်ပို့ရောင်းချခဲ့သည်။ တရုတ်နိုင်ငံသို့ ရုရှားနိုင်ငံမှတင်ပို့သော သဘာဝဓာတ်ငွေ့ပမာဏ ၂၀၂၁ ခုနှစ်တွင် ၁၀ ဘီလီယံ ကုဗမီတာရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ တင်ပို့မှုအများဆုံး ပမာဏဖြစ်သော ၃၈ ဘီလီယံ ကုဗမီတာသို့ ရောက်ရှိမည်ဖြစ်သည်။ ဆားဗီးယား-၂ ဟုအမည်ပေးထားသော သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသစ်မှနေ၍ ၅၀ ဘီလီယံကုဗမီတာ ခန့်ကို ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း တင်ပို့နိုင်ရန်လည်း သဘောတူညီမှုရရှိကြပြီး စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ၎င်းဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်မှုပြီးစီးပါက ဥရောပသို့ ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့ တင်ပို့မှုကို လမ်းကြောင်းပြောင်းလျက် တရုတ်နိုင်ငံသို့ တင်ပို့ရန်ရှိသည်။ လက်ရှိ ဥရောပသမဂ္ဂနိုင်ငံများသို့ ရုရှားနိုင်ငံ၏ သဘာဝဓာတ်ငွေ့တင်ပို့မှုပမာဏ စုစုပေါင်း ရုရှား-ယူကရိန်းပဋိပက္ခ မစတင်မီကာလထိ ၁၅၀ ဘီလီယံကုဗမီတာ နှင့် ၁၉၀ ဘီလီယံကုဗမီတာကြားရှိသည်။ များမကြာမီက ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသော ရုရှားနိုင်ငံမှဥရောပသို့ သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း Nord Stream 1 ၏ သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်နိုင်မှုပမာဏမှာ ၅၅ ဘီလီယံကုဗမီတာခန့်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပိုက်လိုင်းများဖြင့် သယ်ယူတင်သွင်းခြင်းက ဓာတ်ငွေ့ရည်များနှင့်ရေနံများကို ရေကြောင်းမှ သယ်ယူတင်သွင်းရခြင်းထက် များစွာပိုမိုလုံခြုံစိတ်ချရသည်ဟု ယုံကြည်လျက်ရှိသည်။ ရေကြောင်းမှ သယ်ယူတင်သွင်းခြင်းသည် ပထဝီနိုင်ငံရေးမဟာဗျူဟာအရ အထူးသဖြင့် မလက္ကာရေလက်ကြားကို ဖြတ်သန်းသယ်ယူရခြင်းအတွက် များစွာစွန့်စားရသည်ဟု ယူဆထားလေသည်။ ပါရှန်ပင်လယ်ကွေ့နိုင်ငံများနှင့် တရုတ်နိုင်ငံတို့ကြား မည်မျှပင်ကောင်းမွန်စိတ်ချရသော ဆက်ဆံရေးရှိစေကာမူ အကြောင်းတစ်စုံတစ်ရာကြောင့် အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများက တရုတ်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်လာခဲ့မည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသကို ဖြတ်သန်းလျက် တရုတ်နိုင်ငံဆီသို့ ရေကြောင်းမှကုန်စည်များ သယ်ယူပို့ဆောင်ရေးသည် အာမခံချက်အပြည့်အဝရှိနိုင်တော့မည်မဟုတ်ကြောင်း တရုတ်နိုင်ငံက ယုံကြည်ယူဆထားသည်လည်းဖြစ်သည်။ အခြားတစ်ဖက်တွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ တောင်ပိုင်းနှင့်မြောက်ပိုင်းတို့ကို ဆက်သွယ်ထားနိုင်ရန် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအပြင် ရထားလမ်းများနှင့် ပင်လယ်ရေကြောင်းလမ်းများကိုလည်း ရရှိပိုင်ဆိုင်ထားလေသည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံ၏ အလွန်အရေးပါသော စီးပွားကုန်သွယ်မှုမိတ်ဖက်ဖြစ်နေသည်သာမက လတ်တလောဖြစ်ပေါ်နေသော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့်လည်း အဆိုပါနှစ်နိုင်ငံသည် အစားထိုးမရသော ဆက်ဆံဖက်နိုင်ငံများအဖြစ် ပိုမိုခိုင်မာလာနေပြီဖြစ်သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organisation) ၏ သုတေသနဌာန ဒါရိုက်တာဟောင်းလည်းဖြစ်၊ ရုရှားနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူလည်းဖြစ်သူ ပရော်ဖက်ဆာ ဇောင်ဟွာရှန် (Professor Zhao Huasheng)၏အဆိုအရ ၁၉၉၆ ခုနှစ်ကတည်းက တည်ဆောက်ထားခဲ့သော ရုရှားနိုင်ငံနှင့် ဆက်ဆံရေးဆိုင်ရာ အဆင့်အတန်းကို လျော့ကျစေမည့်ကိစ္စရပ်များကို လက်ခံရန် သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန် တရုတ်နိုင်ငံအတွက် မည်သည့်အခြေအနေမျှ မရှိဟုဆိုသည်။ ရုရှား-ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ တရုတ်နိုင်ငံက အရေးယူမှုတစ်စုံတစ်ရာပြုလုပ်သည်ဖြစ်စေ၊ ရှုတ်ချပြောဆိုမှုတစ်စုံတစ်ရာဖြစ်စေပြုလုပ်ခဲ့လျှင် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးကိုထိခိုက်စေရန် ဆောင်ရွက်သည်ဟု ရုရှားနိုင်ငံအနေဖြင့် ယူဆသွားနိုင်သည့်ကိစ္စကို တရုတ်နိုင်ငံအနေဖြင့် မည်သည့်နည်းနှင့်မဆို ရှောင်ရှားမည်သာဖြစ်၏။

အထူးသဖြင့် အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်ဒေသဆိုင်ရာမဟာဗျူဟာအရ ပင်လယ်ဘက်မှ ဝိုင်းရံပိတ်ဆို့ရန် ကြိုးပမ်းနေမှုကိုခံနေရသော တရုတ်နိုင်ငံအနေဖြင့် ယူရေးရှားဒေသနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံ၏ မဟာမိတ်ဖြစ်မှုသည် အရေးတကြီးလိုအပ်ချက်ဖြစ်လာနေလေသည်။ တရုတ်(တိုင်ပေ)အရေးကဲ့သို့သော စိန်ခေါ်မှုများအတွက်ကြောင့်လည်း တရုတ်နိုင်ငံအဖို့ ရုရှားနိုင်ငံသည် မဟာဗျူဟာမြောက်ခိုင်မာတည်ငြိမ်မှုရှိသော မဟာမိတ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေလိမ့်မည်ဖြစ်လေတော့သည်။

**❖ ရုရှားနိုင်ငံသည် ၂၀၁၉ ခုနှစ်မှစတင်ပြီး ဆားဘီးယားရှိ ပိုက်လိုင်း (အရှေ့ဘက်လမ်းကြောင်း)မှတစ်ဆင့် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့များ စတင် တင်ပို့ရောင်းချခဲ့သည်။ တရုတ်နိုင်ငံသို့ ရုရှားနိုင်ငံမှတင်ပို့သော သဘာဝဓာတ်ငွေ့ပမာဏ ၂၀၂၁ ခုနှစ်တွင် ၁၀ ဘီလီယံ ကုဗမီတာရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှု အများဆုံး ပမာဏဖြစ်သော ၃၈ ဘီလီယံကုဗမီတာသို့ ရောက်ရှိမည်ဖြစ်သည်။ ဆားဘီးယား-၂ ဟုအမည်ပေးထားသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်မှနေ၍ ၅၀ ဘီလီယံကုဗမီတာခန့်ကို ၂၀၂၄ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း တင်ပို့နိုင်ရန်လည်း သဘောတူညီမှုရရှိကြပြီး စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ❖**

**ကိုးကား**

- diis.dk/en/research/the-economic-meaning-of-the-russia-ukraine-war-china

# ပဲခူးမြို့နယ် ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်သွားမည်ဖြစ်



**ပဲခူး ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံမှုများကို ဖေဖော်ဝါရီလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွဋ်အောင်ဝင်းက ပြောပြ၍ သိရသည်။

ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးသည် ပဲခူးမြို့နယ် ဗိုလ်ကုန်း (၁၈) ရပ်ကွက်အတွင်းတည်ရှိပြီး ဉာဏ်တော်အမြင့်ပေ ၁၈၀ ရှိသည့်စေတီတော်ကြီးဖြစ်ကြောင်း၊ လက်ရှိတွင် စေတီတော်ကြီး ဝတ္တကမြေအတွင်း သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရွှေဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီးကို ဘက်စုံပြုပြင်မွမ်းမံမှုတွေ ဆောင်ရွက်တဲ့နေရာမှာ လုံးတော်ပြည့်ရွှေသင်္ကန်းတော်ဆက်ကပ်ဖို့၊ စေတီတော်ကြီးရဲ့ အထက်ပစ္စယာကို ကြွေပြားခင်းကျင်းဖို့၊ ဂေါပကအဖွဲ့ဖွဲ့စည်းဖို့၊ စေတီတော်ရဲ့ ဝတ္တကမြေပြန်လည်သတ်မှတ်နိုင်ဖို့ကို ရှေ့လုပ်ငန်းစဉ်တွေအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိကတော့ စေတီတော်ကြီးရဲ့ လက်ရှိဝတ္တကမြေအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေပါတယ်"ဟု ဦးထွဋ်အောင်ဝင်းက ပြောပြ၍ သိရသည်။ ASH

# Wildcat ဇာတ်ကားတွင် မင်းသမီး မာယာဟော့ ပါဝင်သရုပ်ဆောင်နေ

**နယူးယောက် ဇန်နဝါရီ ၂၉**

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ဒါရိုက်တာ အီသန်ဟော့ ရိုက်ကူးမည့် Wildcat အမည်ရှိ ဇာတ်ကား၌ Stranger Things မင်းသမီး မာယာဟော့ ပါဝင်သရုပ်ဆောင်နေကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး မာယာဟော့သည် ဒါရိုက်တာ အီသန်ဟော့၏ သမီးလည်းဖြစ်သည်။

Wildcat ဇာတ်ကား၌ မင်းသမီး မာယာဟော့သည် မင်းသမီး လော်ရာလင်နေး၊ မင်းသား ရာဖေးကာဝဲ၊ ကော့ပါးဟော့မင်း စသည့် အနုပညာရှင်များနှင့်အတူ သရုပ်ဆောင်နေခြင်းဖြစ်သည်။

Wildcat ဇာတ်ကားသည် ရုပ်ရှင်မင်းသားဒါရိုက်တာ အီသန်ဟော့အတွက် ဒုတိယမြောက် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ရုပ်ရှင်မင်းသား ဒါရိုက်တာ အီသန်ဟော့သည် Wildcat ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်မည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# မြန်မာဆိုင်းဆရာများ၏ တီးမှုတ်ဖျော်ဖြေမှုများကို Sky Net DTH နှင့် Channel 9 တို့မှ ဆိုင်းတော်မင်္ဂလာအမည်ဖြင့် ထုတ်လွှင့်သွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

မြန်မာဆိုင်းဆရာများ၏ တီးမှုတ်ဖျော်ဖြေမှုများကို Sky Net DTH ရုပ်သံလိုင်းနှင့် Channel 9 ရုပ်သံလိုင်းတို့မှ ဆိုင်းတော်မင်္ဂလာအမည်ဖြင့် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါ အစီအစဉ်တွင်ပါဝင်သည့် မြန်မာဆိုင်းဆရာ မဟာရန်ကုန် ကျော်လင်းဘိုက ပြောပြ၍ သိရသည်။

မြန်မာ့ဆိုင်းကို ချစ်ခင်အားပေးကြသည့် ရုပ်မြင်သံကြားပရိသတ်များအတွက် Sky Net DTH ရုပ်သံလိုင်းနှင့် Channel 9 ရုပ်သံလိုင်းတို့မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ဆိုင်းကို ချစ်ခင်ကြတဲ့ ပရိသတ်တွေအတွက်ရော၊ မြန်မာ့ဆိုင်းမျိုးဆက်သစ်တွေအတွက်ပါ လမ်းဖွင့်ပေးလိုက်တဲ့ အစီအစဉ်တစ်ခုမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်အပါအဝင် အစီအစဉ်မှာပါဝင်တဲ့ ဆိုင်းညီအစ်ကိုတွေအားလုံး ဝိုင်းကုန်၊ လက်ရာစုံကို မခိုမကပ် ရေကုန်ရေခန်း တီးမှုတ်ဖျော်ဖြေတင်ဆက်မှာပါ"ဟု မြန်မာဆိုင်းဆရာ မဟာရန်ကုန် ကျော်လင်းဘိုက ပြောပြသည်။




အဆိုပါ Sky Net DTH ရုပ်သံလိုင်းနှင့် Channel 9 ရုပ်သံလိုင်းတို့မှ အပတ်စဉ်ထုတ်လွှင့်ပေးသွားမည့် ရွာစားကျော်များ၏ ဆိုင်းတော်မင်္ဂလာ အစီအစဉ်တွင် မြန်မာ့ယဉ်ကျေးမှုဆိုင်းပညာကို ချစ်ခင်မြတ်နိုးအားပေးကြသည့် မိဘပြည်သူများအတွက် ရွှေသရဖူဝေယံဟိန်း၊ ဟိန်းရာဇာ၊ ထက်အာကာ၊ မန္တလေးဝင်းဗိုလ်၊ စံမတူနိုင်မင်းစိုးတို့အပါအဝင် နာမည်ကျော် ဆိုင်းဆရာများ၏ ဆိုင်းလက်သံများနှင့်အတူ ဆိုင်းအဆိုတော်၊ ဆိုင်းနောက်ထများ၏ သီဆိုဖျော်ဖြေမှုများကို ရှုမြင်ခံစားရမည်ဖြစ်ကြောင်း သိရသည်။ ASH

# Avatar:The Way of Water ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ပဉ္စမမြောက် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ


**နယူးယောက် ဇန်နဝါရီ ၂၉**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Avatar: The Way of Water ဇာတ်ကားသည် Avengers: Infinity War ဇာတ်ကားကို ကျော်ဖြတ်၍ ကမ္ဘာ့ရုပ်ရှင်သမိုင်းတစ်လျှောက် ပဉ္စမမြောက်ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားတင်ပြထားသည်။

Avatar:The Way of Water ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၅၄ ဘီလီယံထိ ရောက်ရှိခဲ့ပြီးနောက် Avengers: Infinity War ကို ကျော်ဖြတ်၍ ကမ္ဘာ့ပဉ္စမမြောက် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာခြင်းဖြစ်သည်။

ထို့ပြင် လာမည့်ရက်ပိုင်းအတွင်း Avatar: The Way of Water ဇာတ်ကားသည် Star Wars: The Force Awaken ဇာတ်ကားကို ကျော်ဖြတ်၍ စတုတ္ထမြောက် ကမ္ဘာ့ဝင်ငွေ အကောင်းဆုံးဇာတ်ကားတစ်ကားဖြစ်လာနိုင်သည်။

Avatar: The Way of Water ဇာတ်ကားသည် ဒါရိုက်တာ ဂျိမ်းကင်မရွန်အတွက် ဝင်ငွေအမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရှိခဲ့သော တတိယမြောက်ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO




# ကမာရွတ်မြို့နယ် Royal Palace Art Gallery ပြခန်းတွင် Royal Image 9 အွန်လိုင်းပန်းချီပြပွဲ ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Royal Palace Art Gallery ပန်းချီပြခန်းတွင် Royal Image 9 အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်ဆွေမြင့်က ပြောပြ၍ သိရသည်။

အဆိုပါ Royal Image 9 အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၃ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီ ခင်ဇော်လတ်၊ ပန်းချီ ဥမ္မာ၊ ပန်းချီ သက်မော်၊ ပန်းချီ သက်မွန်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ စောစတီးဖ၊ ပန်းချီ နီပိုဦး၊ ပန်းချီ အောင်သူငြိမ်း၊ ပန်းချီ သိန်းရွှေကြည်တို့၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် လက်ရာစုံပန်းချီကား ၄၅ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခေတ်ပြိုင်ပန်းချီဆရာ ကိုးယောက်ရဲ့ လတ်တလောရေးခြစ်ထားတဲ့ပန်းချီကားတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ပန်းချီကားအသစ်တွေဖြစ်တဲ့အတွက် စုဆောင်းသူတွေ၊ ဝါသနာရှင်တွေအတွက် အကြိုက်တွေ့ဖို့ မျှော်လင့်ပါတယ်။ အခုနောက်ပိုင်းက ပန်းချီပြခန်းတွေ ပြန်ဖွင့်လာသလို အွန်လိုင်းပြပွဲတွေလဲ ခပ်စိတ်စိတ်လုပ်လာတဲ့အတွက် ဈေးကွက်ထဲမှာ ပန်းချီကားသစ်တွေ တိုးလာသလို ပန်းချီဆရာမျက်နှာသစ်တွေရဲ့ လက်ရာသစ်တွေလဲ မြင်ရတော့မှာပါ"ဟု ဒေါ်ခင်ဆွေမြင့်က ပြောပြသည်။

အဆိုပါ ပန်းချီပြခန်းတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ခုနစ် သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# Donors contact Palin Kangthayar Elephant Camp to feed elephants for 572 times during Covid-19 period



Palin Kangthayar Elephant Camp.

**Nyaung-U January 29**

Elephant lovers from all over Myanmar have been contacting the officials at the Palin Kangtharyar Elephant Camp, which was opened on the bank of the Ayeyawady River near the Myingyan-Pakokku Road in NyaungU Township, Mandalay Region, through online during the Covid-19 period.

During the covid-19 period, elephant lovers from all over Myanmar have been donating money to feed buffet for elephants at the Palin Kangtharyar Elephant Camp operated by Myanma Timber Enterprise under the Ministry of Natural Resources and Environmental Conservation.

There are 22 elephant camps opened in regions and states. They mainly feed on sugar cane, napier grass, banana, pumpkin, watermelon, cucumber, mango, coconut, corn and seasonal fruits, and if the donors feed an elephant food buffet once, it cost them between 30,000 to 50,000 kyats.

U Aung Kyaw Lin, a mahout of Palin Kangtharyar Elephant Camp, said that the elephant camps opened for the development of city-based tourism are facing difficulties in feeding the elephants during the Covid-19 pandemic period. Depar Lin

# Trump's 2024 campaign has a different look, for now

**Washington January 29**

Donald Trump's announcement that he's running for US president in 2024 wasn't a lark, or a ploy to avoid prosecution, as some have speculated. He's hitting the road and laying the kind of groundwork necessary for a serious bid to recapture the White House.

Nearly three months after announcing his campaign, the former president made his first campaign foray out of his adopted home state of Florida on Saturday.

In New Hampshire, he addressed a meeting of the Republican Party and announced the outgoing state party chair would be a senior adviser to his campaign. And at the state capitol in Columbia, South Carolina, he received the endorsements of the state's governor, Henry McMaster, and Senator Lindsey Graham.

The latter, a Trump confidante who expressed some disillusionment after the Capitol riot on 6 January 2021, is now back firmly in the fold.

"How many times have you heard, 'We like Trump policies, but we want somebody new?" Mr Graham asked the crowd. "There are no Trump policies without Donald Trump. I was there."

Mr Trump once again denied his 2020 defeat and told supporters that he - unlike any possible Republican alternatives - would be the most effective nominee in 2024.

BBC

# Sittway border trade camp manages US$23.47 million worth of trade value from 1 April 2022 to 23 January 2023

**Sittway January 29**

Sittway border trade camp handled trade value worth US$23.47 million with Bangladesh from 1 April 2022 to 23 January 2023 of the 2022-23 fiscal year, said U Aung Aung, general secretary of Rakhine State Chambers of Commerce and Industry.

In undertaking border trade measures between Bangladesh and Rakhine State of Myanmar, Sittway border trade camp handled export volume worth US$23.31 million and import volume worth US$0.16 million during the period from 1 April 2022 to 23 January 2023 of the 2022-23 fiscal year.

"During the period, the border camp exported fish and farming rohu among the various kinds of marine products to Bangladesh," said U Aung Aung.

The border trade managed export of various goods, 65 per cent of which were marine products to Bangladesh and 35 per cent of which are dried goods. The marine products comprised farming rohu fish, hilsa, dried fish and dried fish meals.

Moreover, areca nut, wool, coconut oil and brooms were also exported to Bangladesh as well as plum jam, fresh ginger, onion, gram, dried plum, tamarind seeds, scandal, sarong, Thanakha, coffee mix, sunflower seeds and instant noodle from other regions and states. ASH



Cargos being loaded onto a ship.

# Nadhim Zahawi committed a serious breach of ministerial code, says Sunak

**London January 29**

Nadhim Zahawi has been sacked from government after an inquiry by Rishi Sunak's ethics adviser criticised how he handled his tax affairs.

The prime minister said an inquiry showed there had been "serious breach of the ministerial code".

He had asked Sir Laurie Magnus to investigate after it emerged Mr Zahawi paid a penalty to HMRC while he was chancellor, over previously unpaid tax.

Sir Laurie concluded the MP had failed to be open about his finances.

In a letter to Mr Zahawi, Mr Sunak wrote: "As a result, I have informed you of my decision to remove you from your position in His Majesty's Government."

In response, Mr Zahawi thanked the prime minister and said he took pride in his achievements in government - highlighting the vaccine rollout and the Queen's funeral - but did not offer an apology or mention his tax affairs.

He promised to support the prime minister "from the backbenches in the coming years".

BBC



Nadhim Zahawi had served as Conservative Party chairman and minister without portfolio in Rishi Sunak's government.

# Price of 53 visses of horse gram reaches to about 160,000 kyats in Mandalay market

**Mandalay January 29**

The price of 53 visses of horse gram rose to about 160,000 kyats due to the improvement in sales in the Mandalay market, said U Sett Maung Swe, secretary of the Mandalay Brokers, Traders and Millers Maha Kahtaintaw Association (Mandalay Commodity Exchange).

At present, there is a recovery in the sale of horse gram from Ye-U in the Mandalay market, and traders are buying good quality horse gram at a good price.

"Horse gram produced from Ye-U is currently being bought in the Mandalay market, and the trade is good. There are only a few orders from abroad for the horse gram," he continued.

In the second week of January, the price of domestically produced horse gram was only about 155,000 kyats for 53 visses.

In the same way, the varieties of horse gram produced from Shan State are also being traded in the Mandalay market as usual.

184

# Plans to number, name islands in Taninthayi Region to protect coast and the sea


An aerial view of Taninthayi coast.

**Dawei January 29**

Plans are underway to number and name the islands in Taninthayi Region as part of protecting the Taninthayi coast and the sea, said assistant director U Kyaw Sithu of the region government office.

The Taninthayi Region work committee was formed to implement seven objectives to number the islands with names or nameless in Taninthayi Region along other islands along the Taninthayi coastal area and name the nameless islands meeting the international standards.

"Systematic counting the number of islands and locations in the sea of Taninthayi coastal area will help safeguard the sea territory and coastal area meeting the international standards, and if some disputes happen, we can rebut the disputes clearly," he added.

More than 800 islands scatter in the sea offshore the Taninthayi Region, attracting local and foreign travellers to taking relaxation. Hence, the authorities will systematically verify the location and number of those islands.

ASH

# More than 100,000 tons of fertilizers worth over US$58 million imported in December 2022

**Nay Pyi Taw January 29**

More than 100,000 tons of fertilizers worth over US$58 million was imported in December 2022 due to cultivation season, according to the Ministry of Commerce.

As now is cultivation season, these fertilizers are imported in shipping and on land border.

Under the supervision of the Myanmar Petrochemical Enterprise, No 4 fertilizer plant in Myaungdaga and No 5 fertilizer plant in Kangyidaunt are producing 300 metric tons of urea fertilizers per day. These fertilizers are being distributed to local farmers through region and state governments.

In December, 100,000 tons of fertilizers worth US$56.558 million was imported in shipping and 6,700 tons worth US$2.067 million on border land, totalling 106,700 tons worth US$58.625 million.

In this regard, fertilizers were imported from China, Brunei, Malaysia, Belgium, Iran, Germany, UAE, Canada, South Korea and other countries in shipping and China, India and Thailand on land border..

Hence, authorities will allow registration for fertilizers, licences for warehouses and import endorsement online to the businesspersons.

336


Bags of imported fertilizer stockpiled in a warehouse.

# Border trade camps along Myanmar-Chinese border areas arrange US$2,157.37 million worth of trade value from 1 April 2022 to 23 January 2023

**Nay Pyi Taw January 29**

Border trade camps located along Myanmar-Chinese border areas handled US$2,157.37 million worth of trade value from 1 April 2022 to 23 January 2023 in the 2022-23 fiscal year, said deputy director Daw Cho Thet Mu of Trade Policy Branch of the Trade Department under the Ministry of Commerce.

During the period, Muse border trade zone managed US$1,760 million of trade value, Lweje camp SU$105.73 million, Chinshwehaw camp US$215.06 million, Kanpaiti camp US$66.42 million and Kengtung camp US$9.62 million, totalling US$2,157.37 million.

During the nine-month period, border trade camps along Myanmar-China border have managed US$2,157.37 million worth of trade value. Among then, Muse, Lweje and Chinshwehaw camps handled larger volume of trade. These all border trade camps undertook border trade process by 30 more per cent than previous year. Now, merchants are in smooth trade process due to allowing payment of US$, yuan and baht currencies," she added.

Muse, Lweje, Chinshwehaw, Kengtung and Kanpaiti border trade camps are managing trade with China along the border line.

ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# All towns, more than 7,300 villages electrified in Ayeyawady Region upon completion of projects in 2022-23 FY

**Pathein January 29**

The Ministry of Electric Power stated that upon completion of the projects in 2022-23 fiscal year, all towns and more than 7,300 villages in Ayeyawady Region will have to consume electricity.

The government is implementing the national electrification plan in all regions and states including Nay Pyi Taw Council Area in order to enable the entire people to consume electricity in 2030.

The NEP will last for 15 years from 2015 to 2030. During the period, the government built power stations, sub-power stations and power plants and installed power cables and supplies electricity to the people off the national grid.

Upon completion of the projects in 2022-23 fiscal year, all towns and more than 7,300 villages in Ayeyawady Region will have to enjoy electrification.

Six districts of Ayeyawady Region—Pathein district formed with 15 towns and 2,938 villages, Hinthada district with 13 towns and 2,921 villages, Maubin district with four towns and 1,646 villages, Myaungmya district with four towns and 1,578 village, Pyapon districts with five towns and 1,596 villages, Labutta district with four towns and 1,181 villages—is formed with 45 towns and 11,860 villages.

In 2022-23 fiscal year, 45 towns and 7,351 villages of the region can be electrified. In this regard, national grid will electrify 43 towns and 2,024 villages and other systems, two towns and 5,327 villages.

Hence, there will remain 4,509 villages to get electricity at the end of 2022-3 fiscal year. But, the national electrification plan will cover these areas in financial years. 336


A village road seen with electricity infrastructure.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံထုတ် Fury အနာဂတ်တိုက်ခိုက်ရေးဒရုန်း မြေပြင်၌ အင်ဂျင်စမ်းသပ်မှုများကို အောင်မြင်စွာပြုလုပ်ခဲ့



အမေရိကန်နိုင်ငံ လေတပ်သုတေသနဓာတ်ခွဲခန်း (US Air Force Research Laboratory-AFRL) နှင့် Blue Force Technologies (BFT) တို့သည် ၎င်းတို့၏ Fury အနာဂတ်တိုက်ခိုက်ရေးဒရုန်း မြေပြင်၌ အင်ဂျင်စမ်းသပ်မှုများကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

အဆိုပါစမ်းသပ်မှုသည် ဒစ်ဂျစ်တယ်အင်ဂျင်နီယာရင်းနယ်ပယ်နှင့် ခွဲခြမ်းစိတ်ဖြာမှုမှတစ်ဆင့် ထုတ်လုပ်ပေးသည့်အချက်အလက်ကိုအသုံးချကာ စစ်မြေပြင်နှင့် ပျံသန်းမှု၊ စမ်းသပ်မှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုစမ်းသပ်မှုများမှ စုဆောင်းထားသောအချက်အလက်များကို အနာဂတ်တိုက်ခိုက်ရေးဒရုန်း တည်ဆောက်မှုတွင် တွက်ချက်မှုဆိုင်ရာ နည်းလမ်းများကို မှန်ကန်ကြောင်း အတည်ပြုနိုင်ရန်အတွက် အသုံးပြုသွားမည်ဖြစ်သည်။

Fury အနာဂတ်တိုက်ခိုက်ရေးဒရုန်းများတွင် တွန်းကန်အားစနစ်လမ်းကြောင်းကို သင့်လျော်စွာ ပေါင်းစပ်လုပ်ဆောင်ခြင်းသည် ယာဉ်တစ်ခုလုံးအတွက် အထင်ရှားဆုံး မောင်းနှင်အားဒီဇိုင်းလည်းဖြစ်သည်ဟု BFT ဥက္ကဋ္ဌ Scott Bledsoe က ရှင်းပြသည်။

ပျံသန်းမှုစမ်းသပ်ရန်အတွက် မတည်ဆောက်မီ၊ တွန်းကန်အားစီးဆင်းမှုလမ်းကြောင်းအစိတ်အပိုင်းများနှင့် Williams International အင်ဂျင်များကြား အပြန်အလှန် အကျိုးသက်ရောက်မှုကို မှန်ကန်စွာခန့်မှန်းနိုင်စေရန် စမ်းသပ်သရုပ်ပြရန် အရေးကြီးသည်။

စမ်းသပ်မှုမပြုမီ AFRL နှင့် BFT တို့သည် Fury ၏ ပျံသန်းမှုစွမ်းဆောင်ရည်ကိုကြည့်ရှုရန်အတွက် မက်ထရစ်တိုင်းတာရေးကိရိယာများ အလုပ်လုပ်ကြောင်း သေချာစေရန် အချိန်တိကျသော တွက်ချက်မှုဆိုင်ရာအရည်ဒိုင်းနမစ်ခွဲခြမ်းစိတ်ဖြာမှုကို ပြုလုပ်ခဲ့ကြသည်။

AFRL ၏အကူအညီဖြင့် ကျွန်ုပ်တို့သည် အနာဂတ် ACP မျိုးကွဲများကို လျင်မြန်စွာဒီဇိုင်းထုတ်နိုင်ရန် ဒစ်ဂျစ်တယ်စနစ်သုံးအင်ဂျင်နီယာရင်းပစ္စည်း၊ ကိရိယာ Toolchain များကို ထပ်မံတည်ဆောက်နေသည်ဟု Bledsoe က ပြောကြားခဲ့သည်။

အကဲဖြတ်သုံးသပ်မှုသည် ပဥ္စမမျိုးဆက်တိုက်လေယာဉ်များ လေ့ကျင့်မှုတွင် ရန်သူများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် တိုက်ခိုက်ရေးဒရုန်းများကို နည်းလမ်းရှာဖွေအကောင်အထည်ဖော်နေသည့် လေတပ်သုတေသနဓာတ်ခွဲခန်း- AFRL Bandit ပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ ပရိုဂရမ်၏ကနဦးအဆင့်အတွက် စာချုပ်ကို BFT ကုမ္ပဏီအား ၂၀၂၂ ခုနှစ်တွင်ပေးအပ်ခဲ့ပြီး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉ သန်းဖြစ်သည်။

ရရှိလာသောလေယာဉ်ကို အမေရိကန်လေတပ်၊ မရိန်းတပ်နှင့် ရေတပ်တို့တွင် မစ်ရှင် အစမ်းလေ့ကျင့်မှုများအတွက် ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်ပြီး အခြားသောမောင်းသူမဲ့ပလက်ဖောင်းများ ပါဝင်သော ACP စစ်ဆင်ရေးများနှင့်ပေါင်းစပ်လုပ်ဆောင်သွားမည်ဖြစ်သည်။

**Future US Combat Drone Completes Ground Engine Test ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံက ယူကရိန်းသို့ တင့်ကားအစီး ၆၀ ထပ်မံပေးပို့သွားမည်

ပိုလန်နိုင်ငံသည် ရုရှား၏ထိုးစစ်ကို တုံ့ပြန်နိုင်ရန်အတွက် ယူကရိန်းနိုင်ငံသို့ တင့်ကားအစီး ၆၀ ထပ်မံပေးပို့သွားမည်ဖြစ်ပြီး ယူကရိန်းသမ္မတ ဗလာဒီမာ ဇီလန်စကီးက အဆိုပါလုပ်ဆောင်ချက်ကို ချီးကျူးဂုဏ်ပြုကြောင်း ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

"ပိုလန်နိုင်ငံကို ကျေးဇူးတင်ပါတယ်။ ယူကရိန်းကိုပံ့ပိုးပေးဖို့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေအတွက် ပိုလန်နိုင်ငံက ပေးမဲ့ တင့်ကားအစီးရေ ၆၀ ထဲမှာ ၃၀ က နာမည်ကြီး PT-91 Twardy တင့်ကားတွေဖြစ်ပြီး Leopard (ကျားသစ်) ၁၄ စီးပါပါတယ်"ဟု ဇီလန်စကီးက Twitter တွင် ရေးသားထားသည်။

ယူကရိန်းသည် ဂျာမနီနှင့် အမေရိကန်တို့မှ တိုက်ခိုက်ရေးတင့်ကားများကို ပေးပို့သွားရန် ကတိကဝတ်များကို လက်ခံရရှိထားပြီး ယခုသီတင်းပတ်အစောပိုင်းက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ပိုလန်ဝန်ကြီးချုပ် Mateusz Morawiecki က ပြီးခဲ့သည့် ဇန်နဝါရီ ၂၆ ရက်က ကနေဒါ CTV News သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အဆိုပါပံ့ပိုးကူညီမှုအစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

"အခုအချိန်မှာတော့ PT-91 အစီး ၃၀ အပါအဝင် ခေတ်မီပြုပြင်ထားတဲ့ တင့်ကားအစီး ၆၀ ပေးပို့ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ပြီးတော့ ထိပ်တန်းတင့်ကားတွေချည်းပါပဲ။ ပိုလန်နိုင်ငံပိုင် Leopard 2 တင့်ကား ၁၄ စီးလဲပါပါတယ်။ ယူကရိန်းပဋိပက္ခ စတင်ကတည်းက ပိုလန်က ယူကရိန်းကို တင့်ကားအစီးရေ ၂၅၀ ထက်မနည်းပေးပို့ခဲ့ပါတယ်"ဟု၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပိုလန်မှပေးပို့ထားပြီးသော တင့်ကားများမှာ အဓိကအားဖြင့် T-72 ဆိုဗီယက်အမျိုးအစားများဖြစ်ပြီး PT-91 မှာ ခေတ်မီတင့်ကားများဖြစ်သည်။

ရက်သတ္တပတ်များစွာ သံတမန်ရေးအငြင်းပွားမှုအပြီးတွင် အမေရိကန်နှင့် ဂျာမနီတို့သည် ၎င်းတို့၏ အကြီးစား Abrams နှင့် Leopard ပင်မတိုက်ပွဲဝင်တင့်ကားများကို ယူကရိန်းသို့ပေးပို့သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် ကြေညာခဲ့သည်။

ထို့ပြင် ဂျာမနီနိုင်ငံသည် အခြားနိုင်ငံများကို ၎င်းတို့ပိုင် Leopard တင့်ကားများကို ယူကရိန်းနိုင်ငံသို့ ပေးပို့ရန်လည်း ခွင့်ပြုထားသည်။



**Poland Will Send 60 Additional Tanks to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီက ယူကရိန်းအတွက် တင့်ကားခဲယမ်းများရောင်းချပေးရန်ကမ်းလှမ်းမှုကို ဘရာဇီးငြင်းဆို

ဂျာမနီသည် ယူကရိန်းအတွက် တင့်ကားခဲယမ်းများရောင်းချပေးရန် ကမ်းလှမ်းမှုကို ဘရာဇီးသမ္မတ Lula Da Silva က ငြင်းဆိုခဲ့ကြောင်း ဘရာဇီးသတင်းစာ Folha de Sao Paulo က ဇန်နဝါရီ ၂၇ ရက်တွင် ဖော်ပြခဲ့သည်။ ယူကရိန်းနိုင်ငံအပေါ် အနောက်အုပ်စု၏မူဝါဒကို ဝေဖန်သူ Lula Da Silva သည် ရုရှားနှင့် ၎င်း၏ ပဋိပက္ခတွင် ကြားနေရန် ကြိုးပမ်းခဲ့သည်။

ဘရာဇီးနိုင်ငံကာကွယ်ရေးထိပ်တန်းခေါင်းဆောင်များ၊ ကာကွယ်ရေးဝန်ကြီးဟိုဆေးမူစီယိုနှင့် ပြီးခဲ့သည့်သီတင်းပတ်က တွေ့ဆုံမှုတွင် သမ္မတက အဆိုပါတောင်းဆိုမှုကို ငြင်းဆိုခဲ့ကြောင်း ပြောကြားခဲ့သည်။ သတင်းရင်းမြစ်များ၏အဆိုအရ ရာထူးမှ ထုတ်ပယ်ခံထားရသော ကြည်းတပ်စစ်ဦးစီးချုပ် Julio Cesar de Arruda မနုတ်ထွက်မီက ဂျာမနီသည် ၎င်း၏ Leopard 1 တင့်ကားများအတွက် အမေရိကန်ဒေါ်လာ ၅ သန်းအောက်တန်ဖိုးရှိ ကျည်ဆန်များကို ဝယ်ယူလိုကြောင်း Lula Da Silva ကို ပြောကြားခဲ့သည်။

Lula က ယူကရိန်းသို့ ခဲယမ်းများမပို့ကြောင်းအာမခံရန် ဘာလင်ကို တောင်းဆိုခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း နောက်ဆုံးတွင် Folha de Sao Paulo က ရုရှားများကိုနှိုးဆွရန်မထိုက်တန်ကြောင်း ငြင်းဆိုခဲ့သည်။

ယူကရိန်းသို့ ခဲယမ်းများပေးပို့ရန် ကမ်းလှမ်းချက်ကို ငြင်းဆိုခဲ့ပြီး ရုရှားများကို ဒေါသထွက်စေရန် မထိုက်တန်ကြောင်း Lula ကပြောကြားခဲ့သည်ကို Folha de Sao Paulo သတင်းစာက ဖော်ပြခဲ့သည်။

ရက်သတ္တပတ်အနည်းငယ်အကြာတွင် ဂျာမနီသည် Leopard 2 ပင်မတိုက်ပွဲဝင်တင့်ကားများကို ယူကရိန်းနိုင်ငံအား ပေးပို့မည်ဖြစ်ပြီး တင့်ကားများပိုင်ဆိုင်ထားသော အခြားနိုင်ငံများကိုလည်း ယူကရိန်းထံလွှဲပြောင်းခွင့်ပြုမည်ဟု တရားဝင်ကြေညာခဲ့သည်။

ယခင် ဘရာဇီးသမ္မတဟောင်း Lula သည် ယူကရိန်းပဋိပက္ခတွင် ကြားနေရပ်တည်ခဲ့သည်။ Jair Bolsonaro အစိုးရသည် ၎င်း၏စစ်ရေးဆောင်ရွက်မှုနှင့် ပတ်သက်၍ ရုရှားနိုင်ငံကို ကုလသမဂ္ဂအထွေထွေညီလာခံတွင် တရားဝင်ရှုတ်ချခဲ့သော်လည်း သမ္မတနှစ်ဦးစလုံးသည် ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများ မပြုလုပ်ခဲ့ကြဘဲ ရန်လိုမှုများဖြစ်ပွားမှုအတွက် ယူကရိန်းသမ္မတ ဇီလန်စကီးကို အပြစ်တင်ခဲ့ကြသည်။

Lula သည် ယူကရိန်းအစိုးရနှင့် စစ်ဘက်သို့ ဒေါ်လာဘီလီယံပေါင်းများစွာ ပံ့ပိုးနေခဲ့ခြင်းအတွက် အမေရိကန်ကို ပြစ်တင်ရှုတ်ချခဲ့ပြီး အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ပဋိပက္ခကိုသွေးထိုး(မီးထိုး)ခြင်းမပြုဘဲ ရှောင်ရှားနိုင်သေးသည်ဟု ပြီးခဲ့သည့်နှစ်က အကြံပြုခဲ့သည်။ ရုရှားတပ်ဖွဲ့ဝင်များ မစေလွှတ်မီကတည်းက ရုရှား၏ ငြိမ်းချမ်းရေးအတွက် အဓိကတောင်းဆိုချက်တစ်ခုဖြစ်သည့် ယူကရိန်းသည် အမေရိကန်ဦးဆောင်သောစစ်ဘက်အစုအဖွဲ့သို့ မည်သည့်အခါမျှ ပါဝင်ခွင့်မပြုကြောင်း NATO ခေါင်းဆောင်ပိုင်းမှ ရုရှားကို အာမခံသင့်သည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ ဘရာဇီးသမ္မတ Lula Da Silva က ယူကရိန်းသည် လက်ရှိပဋိပက္ခအတွက် အပြစ်တင်သင့်သည့် အဓိကတရားခံဖြစ်သည်ဟုလည်း ယခင်က ပြောခဲ့ဖူးသည်။

**Brazil refuses to sell tank ammo for Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ပုသိမ်ဒေသထွက်မှုင်ငါးပိများ ရန်ကုန်ဈေးကွက်မှဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းရရှိနေ



**ပုသိမ် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဒေသထွက် မှုင်ငါးပိများ ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့မှ ငါးပိ၊ ငါးခြောက်ရောင်းချသည့် လုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းထံမှ သိရသည်။

ပုသိမ်မြို့တွင် ဒေသထွက် မှုင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက မှုင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိသာဈေးရှိခဲ့ပြီး လက်ရှိ ဇန်နဝါရီလအတွင်း မှုင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ဒေသထွက် မှုင်ငါးပိများကို လက်ရှိ ဇန်နဝါရီလအတွင်း ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုပိုမိုအားကောင်းလာကြောင်း သိရသည်။

"ပုသိမ်ဒေသထွက် မှုင်ငါးပိတွေက လူအများကြိုက်နှစ်သက်ကြပါတယ်။ သန့်စင်ပြီးအရသာလဲရှိတာကြောင့် ရန်ကုန်ကဖောက်သည်တွေက ချိတ်ဆက်မှာယူတာများပါတယ်။ ဒေသထွက် မှုင်ငါးပိတွေကို ရန်ကုန်ဈေးကွက်မှာ အဓိကတင်ပို့ရောင်းချတာပါ။ အခုနှစ် မှုင်ငါးပိက အထွက်နည်းနေသေးပြီး ရန်ကုန်ဘက်ကနေ မှာယူမှုက တအားများနေပါတယ်။ နေ့စဉ် တစ်ရက်ကို ပိဿာချိန် ၂၀၀ လောက် မှာယူနေပြီး လောလောဆယ် ပိဿာချိန် ၁၂၀ လောက်ပဲ တင်ပို့နိုင်ပါတယ်။ ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကလဲ ကောင်းလာပါတယ်။ မှုင်ငါးပိတွေ အရောင်းအဝယ်ပြန်ကောင်းလာတော့ ကျွန်မတို့လို လုပ်ငန်းရှင်တွေရော လုပ်သားတွေရော အဆင်ပြေကြပါတယ်"ဟု ပုသိမ်မြို့မှ ငါးပိ၊ ငါးခြောက်ရောင်းချသည့် လုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်းက ပြောပြသည်။

ပုသိမ်မြို့တွင် ရွှေသောင်ယံ၊ ချောင်းသာ၊ ငွေဆောင်၊ ပုသိမ်စသည့်ဒေသများရှိ ရေလုပ်သားများထံမှ မှုင်ကောင်များကို ငါးပိ၊ ငါးခြောက် ထုတ်ထုတ်ရောင်းချသည့် လုပ်ငန်းရှင်များကဝယ်ယူပြီး မှုင်ငါးပိထုတ်လုပ်ရောင်းချနေခြင်းဖြစ်ကြောင်း၊ အဆိုပါ မှုင်ငါးပိထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင် ၁၉ ဦးရှိပြီး မှုင်ငါးပိလုပ်ငန်းသည် ဒေသထွက်ကုန် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ မှုင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားငါးဦးမှ ရှစ်ဦးထိ အလုပ်အကိုင်ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် အိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကန်ကျေးရွာအုပ်စု အိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေ ၃၂၇ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ အိုင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတတိယအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ရန် အသင်းသား၊ အသင်းသူ စုစုပေါင်း ၉၃ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၇ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးထွန်းမင်းလွင်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် အသင်းသူ၊အသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးထက်အောင်(ပျော်ဘွယ်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် မရိကလကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရိကလကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှုလုပ်ငန်းအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် တာဝန်ရှိသူများက မရိကလကျေးရွာ၌ ကုန်ထုတ်တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့်သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထား ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

မရိကလကျေးရွာ၌ အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၅ ပေရှိ ကွန်ကရစ်ကုန်ထုတ်တံတားနှင့် Box Culvert သုံးစင်း တည်ဆောက်ခြင်း လုပ်ငန်းကို ရွှေသံမြေကုမ္ပဏီက ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၈ ဒသမ ၆၁ သန်းဖြင့် ၂၀၂၂ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မရိကလကျေးရွာ၌ ကုန်ထုတ်တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေဒေသခံတောင်သူများ၏ သွားလာရေးများအဆင်ပြေချောမွေ့လာမည့်အပြင် ဒေသမှ ထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများကိုလည်း ဈေးကွက်အရောက် လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေး အကျိုးပြုစေမည်ဖြစ်ကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးသူ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၁-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နှိုးဆော်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီးအောင်ထက်ဟိန်း | ၀၉-၂၀၁၄၄၇၀ | |
| (ခ) | ဒုတိယဗိုလ်မှူးကြီးအောင်ကို | ၀၉-၂၅၉၀၉၉၈၉၉ | |
| (ဂ) | ဒုတိယဗိုလ်မှူးကြီးသန်းနိုင်ထွဋ် | ၀၉-၆၆၁၆၅၅၉၆၄ | နေပြည်တော် |
| (ဃ) | ဒုတိယဗိုလ်မှူးကြီးကျော်မျိုးဝင်း | ၀၉-၄၅၆၉၉၄၆၉၁ | မြစ်ကြီးနား |
| (င) | ဒုတိယဗိုလ်မှူးကြီးဖြူဝင်း | ၀၉-၆၉၂၀၀၀၇၀၈ | လားရှိုး |
| (စ) | ဒုတိယဗိုလ်မှူးကြီးကျော်သူလင်း | ၀၉-၂၆၂၂၆၆၄၃၃ | တောင်ကြီး |
| (ဆ) | ဒုတိယဗိုလ်မှူးကြီးအေးဝင်းသိန်း | ၀၉-၃၉၉၀၀၃၂၃ | ခိုလမ် |
| (ဇ) | ဒုတိယဗိုလ်မှူးကြီးအောင်သူထွန်း | ၀၉-၂၅၀၁၈၆၅၇၁ | ကျိုင်းတုံ |
| (ဈ) | ဒုတိယဗိုလ်မှူးကြီးမင်းသိန်းနိုင် | ၀၉-၆၉၅၁၄၃၃၅၅ | မော်လမြိုင် |
| (ည) | ဒုတိယဗိုလ်မှူးကြီးမျိုးမင်းခိုင် | ၀၉-၆၇၇၇၀၂၃၂၃ | မြိတ် |
| (ဋ) | ဒုတိယဗိုလ်မှူးကြီးစိုးမင်းအောင် | ၀၉-၄၉၅၈၇၁၅၇ | ရန်ကုန် |
| (ဌ) | ဦးမင်းမင်းထွန်း | ၀၉-၄၂၂၅၁၁၈၈၈ | ရန်ကုန် |
| (ဍ) | ဦးသက်နိုင် | ၀၉-၆၉၃၀၁၉၄၉၅ | ရန်ကုန် |
| (ပ) | ဒုတိယဗိုလ်မှူးကြီးဇော်မင်းထက် | ၀၉-၆၉၅၀၆၈၄၀၄ | ပုသိမ် |
| (ဏ) | ဗိုလ်မှူးချုပ်ကျော်ကျော်သန်း | ၀၉-၃၉၁၀၃၂၂၄ | အမ်း |
| (တ) | ဒုတိယဗိုလ်မှူးကြီးစိုးထွန်းဝင်း | ၀၉-၃၁၂၃၄၁၂၂ | မုံရွာ |
| (ထ) | ဗိုလ်မှူးကြီးကျော်စိန်ထွန်း | ၀၉-၃၉၁၀၄၄၂၂ | မန္တလေး |
| (ဒ) | ဦးတင်မောင်စိုး | ၀၉-၂၅၀၈၆၂၁၅၈ | မန္တလေး |
| (ဓ) | ဦးစိုးဟိန်းနောင် | ၀၉-၆၉၅၀၀၈၆၈၀ | မန္တလေး |
| (န) | ဒုတိယဗိုလ်မှူးကြီးအောင်စန်းဝင်း | ၀၉-၄၅၄၇၄၄၂၄၃ | တောင်ငူ |

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာအခမ်းအနားကျင်းပ



အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၉**

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ၏ ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ကျောက်မဲဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရမထေရ်မြတ် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်စာသင်တိုက် ပဓာနနာယက ကန်သုံးဆင့်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသမထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကို ကြွရောက်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး အလှူရှင်များကသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက ကျောက်မဲဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွရောက်တော်မူကြသည့် ဆရာတော်၊သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်သန်းထိုက် ကလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ကြကြောင်း သတင်းရရှိသည်။

# ဇန်နဝါရီ ၂၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၁၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၈၁ ဦး |

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဇန်နဝါရီ ၂၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၆၇ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# အိန္ဒိယနှင့် မြန်မာနိုင်ငံမှ ဆေးပညာရှင်များပူးပေါင်းကာ ဆေးဝါးစက်ရုံများ တည်ထောင်၍ ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၉**

ရန်ကုန်မြို့ရှိ အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်း (India-Myanmar Chamber of Commerce-IMCC)၏ ဖိတ်ကြားချက်အရ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အိန္ဒိယစင်တာ၌ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသို့ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr. Vinay Kumarက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ အိန္ဒိယ-မြန်မာနှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်းသည် အရေးပါသောအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံသည် ဆေးပညာရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်သောနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံမှဆေးပညာရှင်များ မြန်မာနိုင်ငံသို့လာရောက်၍ မြန်မာဆေးပညာရှင်များနှင့်ပူးပေါင်းကာ ဆေးကုသမှုများဆောင်ရွက်ရန်နှင့် ဆေးဝါးစက်ရုံများတည်ထောင်၍ ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းပါကြောင်း၊ နယ်ပယ်အသီးသီးတွင်တွေ့ကြုံရသော အခက်အခဲများကို ပူးပေါင်းဖြေရှင်း၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍဆိုင်ရာ စီးပွားဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အိန္ဒိယ-မြန်မာ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Naresh Kumar Dinodiya နှင့် အတွင်းရေးမှူးတို့က အိန္ဒိယ-မြန်မာ ကုန်သည်ကြီးများအသင်း၏ ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အိန္ဒိယလုပ်ငန်းရှင်များ၏မေးမြန်းမှုများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အိန္ဒိယ သံအမတ်ကြီး H. E. Mr. Vinay Kumar က ပြည်ထောင်စုဝန်ကြီးအား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဇမ္ဗူအေးဘုရားကုန်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဗိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိကြသည့် အသင်းများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်နှင့် မော်လမြိုင်တပ်နယ်၊ မုဒုံတပ်နယ်တို့မှ ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။





# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ဦးနေမင်းသူနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဇဟို)ကျောင်းသို့သွားရောက်၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လှူဒါန်းသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းသို့ သွားရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပေးအပ်လှူဒါန်းလိုက်သော မြဝတီစာပေတိုက်မှထုတ်ဝေသည့် စာအုပ်၊ စာစောင်များကို လှူဒါန်းခဲ့ပြီး သုတဉာဏ်စာကြည့်တိုက်အတွင်းရှိ ဗဟုသုတရရှိစေမည့် သုတ၊ ရသစာအုပ်စာပေများထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လဟယ်မြို့ရှိ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပသည့် ရွှေပြည်သာအားကစားကွင်းသို့ သွားရောက်ကြည့်ရှု၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဘက်စုံအသုံးပြုနိုင်သည့် (Synthetic)ပြေးလမ်းပါ ဘက်စုံသုံးအားကစားကွင်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘောလုံးကွင်းဧရိယာကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးအတွက် စနစ်တကျ တိုင်းတာဆောင်ရွက်ပေးသွားမည်ဖြစ်ရာ တိုးချဲ့ရန်လိုအပ်သည့်မြေနေရာကို ဒေသအာဏာပိုင်အဖွဲ့အပါအဝင် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဘောလုံးကွင်းကို အသစ်ပြန်လည်တည်ဆောက်ပြီးပါက မြက်ခင်းများစိမ်းလန်းစိုပြည်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် စနစ်တကျဆောင်ရွက်ရမည့်နည်းလမ်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး

အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာခြင်း

**ယမန်နေ့မှအဆက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကို ၂၆-၁၂-၂၀၂၂ ရက်နေ့မှ ၂၇-၁-၂၀၂၃ ရက်နေ့အထိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပခဲ့ပါသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် မူလအာဘိဓမ္မိက (အဘိဓမ္မာပထမပိုင်းငါးကျမ်းအောင်) ၄ ပါး၊ ဒီဃဘာဏက(ဒီဃနိကာယ်သုံးကျမ်းအောင်) ၈ ပါး၊ ဝိနယဓရ(ဝိနည်း ဒုတိယပိုင်းအောင်)၃၇ ပါး၊ ဉဘတောဝိဘင်္ဂဓရ(ဝိနည်းပထမပိုင်းအောင်) ၈၅ ပါး၊ **စုစုပေါင်း ၁၃၄ ပါး** အောင်မြင်ခဲ့ပါသည်။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲသဘောရေးဖြေပွဲတွင် ဒီဃနိကာယကောဝိဒ (ဒီဃနိကာယ်သုံးကျမ်းအောင်) ၃ ပါး၊ ဝိနယကောဝိဒ(ဝိနည်းဒုတိယပိုင်းသုံးကျမ်း) ၈ ပါး၊ ဉဘတောဝိဘင်္ဂကောဝိဒ(ဝိနည်း ပထမပိုင်းနှစ်ကျမ်း) ၇ ပါး၊ **စုစုပေါင်း ၁၈ ပါး** အောင်မြင်ခဲ့ပါကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

**သာသနာရေးဦးစီးဌာန**

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင် ဝိနယဓရ(၃၇)ပါး**

၁၁။ ပလ္လင်အမှတ် (၄၅) အရှင်ပညာသာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၄၆) အရှင်ဉာဏဓဇ(ခင်ဦး)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၄၈) အရှင်ဝိမလာလင်္ကာရ(ရွှေဘို)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၄၉) အရှင်သာဂရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၅၀) အရှင်သုမနာလင်္ကာရ(စဉ့်ကိုင်)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၅၁) အရှင်ခေမာ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၅၄) အရှင်တိလောကာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၅၅) အရှင်အဂ္ဂဉာဏာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၅၈) အရှင်ကုသလ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၀။ ပလ္လင်အမှတ် (၆၅) အရှင်ဇောတိက၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ် (၆၈) အရှင်ပဏ္ဍိတ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၇၀) အရှင်ပညာဓဇ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၇၂) အရှင်သိရောမဏိ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၇၃) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၇၆) အရှင်ကုမာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၇၇) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၇။ ပလ္လင်အမှတ် (၇၈) အရှင်ကဝိသာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၈။ ပလ္လင်အမှတ် (၈၀) အရှင်ခေမိန္ဒ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၈၆) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၈၈) အရှင်ကောဝိဒါလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၈၉) အရှင်ပညာနန္ဒ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၃၂။ ပလ္လင်အမှတ် (၉၂) အရှင်ဇဝန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ် (၉၃) အရှင်အဂ္ဂဉာဏ(မော်ကျွန်း)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ် (၉၅) အရှင်မဏိဇောတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၉၈) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ် (၉၉) အရှင်ဉာဏဝံသာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၃၇။ ပလ္လင်အမှတ် (၁၀၀) အရှင်အရိယာနန္ဒာလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၂)ဝါ ရွှေပါရမီမြစိမ်းသာမဏေကျော်စာသင်တိုက်၊ သထုံမြို့၊ မွန်ပြည်နယ်၊ **(အထူးအောင်)**

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင် ဉဘတောဝိဘင်္ဂဓရ(၈၅)ပါး**

၁။ ပလ္လင်အမှတ် (၁၀၃) အရှင်သုမန၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၀၅) အရှင်ပညာသာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၀၇) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၄။ ပလ္လင်အမှတ် (၁၀၈) အရှင်ဉာဏုတ္တရာဘိဝံသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၀၉) အရှင်ဒီပ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၁၀) အရှင်အဂ္ဂိနန္ဒ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၁၁၁) အရှင်သုဇာတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၁၁၃) အရှင်ပညာသီဟ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၁၄) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၁၁၅) အရှင်မဇ္ဈိက၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၁၇) အရှင်အာလောက၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၂၀) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**(အထူးအောင်)**

၁၃။ ပလ္လင်အမှတ် (၁၂၁) အရှင်ဝိညာဏဇောတ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၁၂၂) အရှင်ကုမာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၂၄) အရှင်ဓမ္မစာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၂၅) အရှင်ဣန္ဒဝံသ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၁၇။ ပလ္လင်အမှတ် (၁၂၇) အရှင်သုဇနာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၂၈) အရှင်အဘိဇာတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၁၂၉) အရှင်ဇဝန(သရက်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၁၃၀) အရှင်ကောသလ္လ(တောင်တွင်းကြီး)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၁။ ပလ္လင်အမှတ် (၁၃၁) အရှင်ဝိသုဒ္ဓ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ မဟာခိုနန်းကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၁၃၄) အရှင်ဉာဏဓဇာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **(အထူးအောင်)**

၂၃။ ပလ္လင်အမှတ် (၁၃၆) အရှင်ကဝိန္ဒသေဋ္ဌ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၄။ ပလ္လင်အမှတ် (၁၃၇) အရှင်ပညာသာရာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၃၈) အရှင်သဒ္ဓမ္မ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓာဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

၂၆။ ပလ္လင်အမှတ် (၁၄၀) အရှင်စက္ကိန္ဒ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၁၄၄) အရှင်ခေမာသိရီလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ မနောဟရီကျောင်းတိုက်၊ ထန်းတပင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၁၄၅) အရှင်ပညာသုတာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၄၆) အရှင်ပညာဝံသာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၄၈) အရှင်ကုန္တဝံသ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၅၄) အရှင်သောမသိရီ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ် (၁၅၅) အရှင်ဇဋိလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ် (၁၅၈) အရှင်ပညာနန္ဒ(တန့်ဆည်)၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၄။ ပလ္လင်အမှတ် (၁၆၁) အရှင်ပညာမိက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၇)ဝါ မြရွှေပင်သဒ္ဓမ္မသုခရိပ်သာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၁၆၂) အရှင်ဝရဉာဏ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ် (၁၆၃) အရှင်အာစာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **(အထူးအောင်)**

၃၇။ ပလ္လင်အမှတ် (၁၆၆) အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၁) ဝါ၊ မစိုးရိမ်တိုက်သစ်၊ ဓမ္မဒါယာဒကျောင်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ **(အထူးအောင်)**

၃၈။ ပလ္လင်အမှတ် (၁၆၇) အရှင်ပညာဇေ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၃၉။ ပလ္လင်အမှတ် (၁၆၈) အရှင်ဇောတိသာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ **(အထူးအောင်)**

၄၀။ ပလ္လင်အမှတ် (၁၇၀) အရှင်သုန္ဒရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ် (၁၇၁) အရှင်ကဝိသာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၄၂။ ပလ္လင်အမှတ် (၁၇၂) အရှင်သုဘောဂါလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ် (၁၇၃) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၇)ဝါ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၄၄။ ပလ္လင်အမှတ် (၁၇၄) အရှင်ပညောဘာသ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ပလ္လင်အမှတ် (၁၇၆) အရှင်သံဝရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ မလော့ကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ် (၁၇၇) အရှင်ဇဝန(တန့်ဆည်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၄၇။ ပလ္လင်အမှတ် (၁၇၉) အရှင်ဇောတိက(ရေစကြို)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၈။ ပလ္လင်အမှတ် (၁၈၂) အရှင်တိက္ခဉာဏ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၉။ ပလ္လင်အမှတ် (၁၈၃) အရှင်နန္ဒိသေနာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ပလ္လင်အမှတ် (၁၈၄) အရှင်သေဋ္ဌိလာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၁။ ပလ္လင်အမှတ် (၁၈၅) အရှင်တေဇနိယာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ ညောင်ပင်ဝိုင်းကျောင်း၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ **(အထူးအောင်)**

၅၂။ ပလ္လင်အမှတ် (၁၈၆) အရှင်ဓမ္မိသာရာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၃။ ပလ္လင်အမှတ် (၁၈၇) အရှင်ကိတ္တိဉာဏာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၄။ ပလ္လင်အမှတ် (၁၈၉) အရှင်ဝါယမာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၅။ ပလ္လင်အမှတ် (၁၉၀) အရှင်ဉာဏာစာရာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၆။ ပလ္လင်အမှတ် (၁၉၂) အရှင်သုန္ဒရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၅၇။ ပလ္လင်အမှတ် (၁၉၄) အရှင်သုဇန၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၈။ ပလ္လင်အမှတ် (၁၉၅) အရှင်ဘောဂဉာဏ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၉။ ပလ္လင်အမှတ် (၁၉၇) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၂)ဝါ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ **(အထူးအောင်)**

၆၀။ ပလ္လင်အမှတ် (၂၀၀) အရှင်ပညာဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆၁။ ပလ္လင်အမှတ် (၂၀၃) အရှင်ပညာမိက၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၂။ ပလ္လင်အမှတ် (၂၀၄) အရှင်သုစိတ္တ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆၃။ ပလ္လင်အမှတ် (၂၀၅) အရှင်ပဏ္ဍိတ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၄။ ပလ္လင်အမှတ် (၂၀၆) အရှင်ကဝိပိယ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၅။ ပလ္လင်အမှတ် (၂၁၀) အရှင်ပညာနန္ဒာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆၆။ ပလ္လင်အမှတ် (၂၁၄) အရှင်ပညာသိရီ(ထားဝယ်)၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆၇။ ပလ္လင်အမှတ် (၂၁၅) အရှင်သုမင်္ဂလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ သီတဂူဓမ္မဝိဟာရကျောင်းတိုက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၆၈။ ပလ္လင်အမှတ် (၂၁၈) အရှင်ကဝိန္ဒသိရီလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ အဝေရာ ရာမရန်ကင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၆၉။ ပလ္လင်အမှတ် (၂၁၉) အရှင်နရိန္ဒ(ပန်ဆန်း)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၇၀။ ပလ္လင်အမှတ် (၂၂၀) အရှင်သိရိန္ဒ(မန္တလေး)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၇၁။ ပလ္လင်အမှတ် (၂၂၁) အရှင်ဉာဏိက၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၂။ ပလ္လင်အမှတ် (၂၂၂) အရှင်သောဘန(တန့်ဆည်)၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၃။ ပလ္လင်အမှတ် (၂၂၃) အရှင်အာစိဏ္ဏ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၇၄။ ပလ္လင်အမှတ် (၂၂၄) အရှင်မနောဟရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇၅။ ပလ္လင်အမှတ် (၂၂၅) အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၆။ ပလ္လင်အမှတ် (၂၂၆) အရှင်တေဇသာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇၇။ ပလ္လင်အမှတ် (၂၂၇) အရှင်သုစိတ္တ(တံတားဦး)၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရှာင်းမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၇၈။ ပလ္လင်အမှတ် (၂၂၉) အရှင်သောဘိတာလင်္ကာရ(သန်လျင်) အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇၉။ ပလ္လင်အမှတ် (၂၃၀) အရှင်ပုပ္ဖရမ္မ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၀။ ပလ္လင်အမှတ် (၂၃၁) အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**(အထူးအောင်)**

၈၁။ ပလ္လင်အမှတ် (၂၃၂) အရှင်ရာဇိန္ဒာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၅)ဝါ အမှတ်(၃)ဗဟိုကျောင်း၊ ဝမ်းတွင်းမြို့၊ မန္တလေးတိုင်းဒေသကြီး

၈၂။ ပလ္လင်အမှတ် (၂၃၃) အရှင်အာသဘာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၃။ ပလ္လင်အမှတ် (၂၃၄) အရှင်ပဝရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၄။ ပလ္လင်အမှတ် (၂၃၅) အရှင်ဓမ္မာနန္ဒာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၈၅။ ပလ္လင်အမှတ် (၂၃၆) အရှင်ပါလိတာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးကားလမ်းရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတားကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး





ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီးကားလမ်းရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတားအား KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်း-ကျောက်ကြီး ကားလမ်းရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် နရွဲပင်ကျေးရွာ ပဲနွယ်ကုန်း-ကျောက်ကြီးကားလမ်း မိုင်တိုင်အမှတ် ၄ မိုင် ၃ ဖာလုံ အနီးရှိ အရှည် ၁၅ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၀ ပေ ခန့်ရှိ တံတားအမှတ်(၁/၅) ကွန်ကရစ်တံတားကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် တံတား၏ထိပ်နှစ်ဖက်မှာ ကတ္တရာလမ်းအစပ်မှ တစ်ပေခန့်စီကွဲအက်ပျက်စီးကာ တံတားဝဲဘက်လက်ရမ်းသည် လမ်းနှင့် တစ်ပေခန့်နိမ့်ဆင်းပျက်စီးခဲ့ပြီး ယာဉ်များဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသည့် တံတားအား အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်နိုင်ရေး တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ပေါ်ရှိ နိုင်ငံတော်ပိုင် ဌာနဆိုင်ရာအဆောက်အအုံများကို KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၉**

CRPH နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကို အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများလုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိရာ ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်ခန့်တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ အမှတ်(၃) ရပ်ကွက် မြို့မဈေးလမ်းရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးအား KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်မီးရှို့ခဲ့သဖြင့် မီးလောင်မှုကြောင့် မြေစာရင်းရုံးအတွင်းရှိ တစ်ထပ်၊ သွပ်မိုးအုတ်ညှပ် အဆောက်အအုံ တစ်လုံး၊ သွပ်မိုးပျဉ်ထောင်နေအိမ်လိုင်းခန်း တစ်လုံးနှင့် မြေစာရင်းရုံးနှင့်ကပ်လျက်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးအတွင်းရှိ MPT ဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများထားရှိသည့် သွပ်မိုး၊ အုပ်ညှပ် အဆောက်အအုံ အခန်း တစ်ခန်းတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ပေါ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံး မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ပေါ်ရှိ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး မီးရှို့ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝေမင်းထွန်းနှင့် ဆွေမာဦးတို့သည် ၎င်းတို့အသုံးပြုသည့် "Wai Min Htun" Facebook အကောင့်နှင့် "Swe Mar Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မာဒါဂါစကားနိုင်ငံတွင် ချီနိုဆိုမုန်တိုင်းတိုက်ခတ်သဖြင့် လူ ၁၆ ဦးသေဆုံး



**အန်တာနာနာရီဗို ဇန်နဝါရီ ၂၉**

မာဒါဂါစကားနိုင်ငံတွင် ဇန်နဝါရီ ၂၇ ရက်က ချီနိုဆိုဟုအမည်ပေးထားသည့် မုန်တိုင်းတိုက်ခတ်သဖြင့် လူ ၁၆ ဦးသေဆုံးကာ ၁၇ ဦး ပျောက်ဆုံးနေကြောင်း မာဒါဂါစကား အာဏာပိုင်အဖွဲ့အစည်းကအတည်ပြုခဲ့သည်ဟု CGTN သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းသည် ဇန်နဝါရီ ၁၉ရက်ကတစ်ကြိမ် တိုက်ခတ်ခဲ့သလို ယခု ဒုတိယအကြိမ်တိုက်ခတ်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုများလည်းဖြစ်ပွားနေကြောင်း၊ ချီနိုဆိုမုန်တိုင်းသည် အိန္ဒိယသမုဒ္ဒရာမှ အစပျိုးလာခဲ့ခြင်းဖြစ်ပြီး မိုရွန်ဒါရာမြို့တွင် ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြစ်ပေါ်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မာဒါဂါစကားနိုင်ငံမှာ မုန်တိုင်းတိုက်ခတ်ခဲ့ပြီး ရေဘေးအန္တရာယ်တွေဖြစ်ပေါ်နေပါတယ်။ သေဆုံးသူ ၁၆ ယောက်ရှိခဲ့ပြီး ပျောက်ဆုံးနေသူ ၁၇ ယောက်ရှိခဲ့ပါတယ်။ ပျက်စီး ဆုံးရှုံးမှုမြင့်မားတဲ့အတွက် လူသားချင်း စာနာထောက်ထားရေး အကူအညီတွေ လိုအပ်နေပါတယ်။ ဥရောပသမဂ္ဂအဖွဲ့အစည်းက ကူညီထောက်ပံ့မှုတွေပြုလုပ်သွားဖို့ ပြင်ဆင်နေတယ်"ဟု ပြည်သူ့ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ အကူအညီပေးရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပထမတစ်ကြိမ် မုန်တိုင်းတိုက်ခတ်ခဲ့စဉ်ကလည်း ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသလို ဒုတိယအကြိမ်တိုက်ခတ်မှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ စုစုပေါင်း ၆၀၀၀၀၊ လူနေအိမ်ခြေ ၁၃၀၀၀ ကျော်၊ စာသင်ကျောင်းဆောင် ၁၀၀ ကျော်ထိ ပျက်စီးခဲ့သည့်အတွက် စာသင်ကျောင်းများကို ယာယီပိတ်ထားရကြောင်း မာဒါဂါစကား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

# နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၈ ဘီလီယံဆုံးရှုံး

**အဘူဂျာ ဇန်နဝါရီ ၂၉**

နိုင်ဂျီးရီးယားနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကြောင့် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၈ ဘီလီယံထိ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း Federal Capital Territory (FCT)အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု This Day Live သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ပြည်နယ် ၃၆ ပြည်နယ်ထိ သဘာဝဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရပြီး စီးပွားရေးအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ၊ လူနေအိမ်ခြေများအပြင် စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့ရကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ နိုင်ဂျီးရီးယားနိုင်ငံ လူသားချင်းစာနာထောက်ထားရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"၂၀၂၂ ခုနှစ်အတွင်း ပြည်နယ် ၃၆ ပြည်နယ်ထိ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် စီးပွားရေးအဆောက်အအုံ၊ အခြေခံအဆောက်အအုံတွေနဲ့ လူနေအိမ်ခြေတွေ၊ စိုက်ခင်းတွေတော်တော်များများပျက်စီးခဲ့တယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၈ ဘီလီယံထိ ဆုံးရှုံးခဲ့ရတယ်။ စိုက်ပျိုးရေးကဏ္ဍက ပျက်စီးမှုပမာဏများခဲ့တဲ့အတွက် တောင်သူတွေလဲအရှုံးပေါ်ခဲ့ရတယ်။ စိုက်ခင်းပမာဏစုစုပေါင်းဧက ၆၅၀၀၀၀ ထိ ပျက်စီးခဲ့ရတယ်။ ပျက်စီးဆုံးရှုံးမှု အဆိုးရွားဆုံးအခြေအနေနဲ့ရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်တွေကတော့ ဂျီဂါဝါပြည်နယ်၊ ရေးဗားပြည်နယ်၊ တာရာဘာပြည်နယ်၊ ခရော့ရေးဗားပြည်နယ်နဲ့ ဒယ်လ်တာပြည်နယ်တို့ပဲဖြစ်ပါတယ်"ဟု နိုင်ဂျီးရီးယားနိုင်ငံလူသားချင်းစာနာထောက်ထားရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဆာဒီယာက ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# အီရန်နိုင်ငံတွင် ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**တီဟီရန် ဇန်နဝါရီ ၂၉**

အီရန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇန်နဝါရီ ၂၈ ရက်က ပြင်းအား ၅ ဒသမ ၉ မဂ္ဂနီကျူ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့မှုကြောင့် လူသုံးဦးသေဆုံးပြီး လူဦးရေ ၃၀၀ ကျော်ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြထားသည်ဟု CNN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

တူရကီနိုင်ငံ နယ်စပ်အနီး အီရန်နိုင်ငံ ခွိုင်မြို့ပတ်ဝန်းကျင် မြေအောက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ခွိုင်မြို့အတွင်း လူသုံးဦးသေဆုံးပြီး ဦးရေ ၃၀၀ ကျော် ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ နေအိမ်အများအပြား ပျက်စီးခဲ့ရကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက ဖော်ပြထားသည်။

အီရန်အရေးပေါ်အဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူ Mojtaba Khaledi က ပဏာမအစီရင်ခံချက်များအရ ခွိုင်မြို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းမြို့နှင့်အနီးအနားရှိ အာမီယာမြို့နှင့် တက်ဘရစ်မြို့တို့သို့ လူနာတင်ယာဉ်နှင့် ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ထားကြောင်း ပြောကြားခဲ့သည်။



ဥရောပ-မြေထဲပင်လယ်ငလျင်ဗဟိုဌာန၏အဆိုအရ အဆိုပါငလျင်လှုပ်ခတ်မှုသည် တူရကီ၊ အီရတ်၊ အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သို့လည်း ငလျင်လှုပ်ခတ်မှုလှိုင်းရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုလအစောပိုင်းကလည်း ခွိုင်မြို့အနီး ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး နေအိမ်အများအပြားပျက်စီးခဲ့ကြောင်း၊ အီရန်နိုင်ငံသည် ပြင်းထန်သော ငလျင်ဇုန်အတွင်း ကျရောက်လျက်ရှိသောကြောင့် မကြာသေးမီလများအတွင်း အီရန်နိုင်ငံ တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ ပြည်နယ်များတွင် ပြင်းထန်အဆင့်နှင့် အလယ်အလတ်အဆင့်ရှိသော ငလျင်များ မကြာခဏလှုပ်ခတ်ခဲ့ကြောင်း ဥရောပ-မြေထဲပင်လယ်ငလျင်ဗဟိုဌာန၏ အဆိုအရ သိရသည်။ AZH

# အော့ကလန်မြို့တွင် ရေကြီးရေလျှံမှုကြောင့် လူသုံးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး

**အော့ကလန် ဇန်နဝါရီ ၂၉**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် လွန်ခဲ့သောသီတင်းပတ်အတွင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးရေလျှံမှုကြောင့် လူသုံးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဇန်နဝါရီ ၂၈ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နယူးဇီလန်ဝန်ကြီးချုပ်Chris Hipkins က ပြောကြားခဲ့သည်ဟု CNN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

နယူးဇီလန်ဝန်ကြီးချုပ် Chris Hipkins ကအရေးပေါ်ဝန်ဆောင်မှုလုပ်ငန်းများမှတာဝန်ရှိသူများကို တွေ့ဆုံပြီး ပျက်စီးဆုံးရှုံးမှုများကို စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ဇန်နဝါရီ ၂၈ ရက်က CNN သတင်းဌာနနှင့် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် Hipkins က အော့ကလန်မြို့ မြောက်ဘက်ရှိ ဝူပါပေမြို့သို့သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံစဉ် ပျက်စီးဆုံးရှုံးမှုများအတွက် တတ်နိုင်သလောက် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အော့ကလန်မြို့တွင် ဇန်နဝါရီ ၂၇ ရက်က ရွာသွန်းခဲ့သောမိုးရေချိန်သည် မီလီမီတာ ၂၄၀ ရှိခဲ့ပြီး နယူးဇီလန်နိုင်ငံတွင်း ယခုနှစ် နွေရာသီတစ်ခုလုံးရွာသွန်းခဲ့သော မိုးရေချိန်နှင့်ညီမျှကြောင်း နယူးဇီလန်မိုးလေဝသဌာနက ကြေညာထားသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့တော်လမ်းများပေါ်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ထောင်နှင့်ချီသော ပြည်သူများမှာ ကယ်ဆယ်ရေးနေရာများတွင် စခန်းချလျက်ရှိကြောင်း၊ အော့ကလန်နိုင်ငံတကာလေဆိပ်ကိုလည်း ယနေ့ထိ ပိတ်ထားကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများအတွက် ဗဟိုအစိုးရက အမေရိကန်ဒေါ်လာ ၆၄၉၀၀ ရန်ပုံငွေခွင့်ပြုခဲ့ပြီး ပြည်သူများအနေဖြင့် အချင်းချင်းဂရုစိုက်ကြရန် နယူးဇီလန်ဝန်ကြီးချုပ် Chris Hipkins က တိုက်တွန်းထားကြောင်း သိရသည်။ AZH

# ရေနံကုမ္ပဏီပိုင်ရှင်ဆူလ်တန်အယ်လ်ဂျပ်ဘာကို COP28 ညီလာခံဥက္ကဋ္ဌအဖြစ်မှဖယ်ရှားပေးရန် အမေရိကန်လွှတ်တော်အမတ်များက ဂျွန်ကာရီကိုတိုက်တွန်း

**ဝါရှင်တန် ဇန်နဝါရီ ၂၉**

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုညီလာခံ COP28 ကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး ရေနံကုမ္ပဏီပိုင်ရှင် ဆူလ်တန်အယ်လ်ဂျပ်ဘာကို ညီလာခံဥက္ကဋ္ဌအဖြစ်မှဖယ်ရှားပေးရန် အမေရိကန်လွှတ်တော်အမတ်များက အမေရိကန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထူးသံတမန်ဖြစ်သူ ဂျွန်ကာရီကို တိုက်တွန်းခဲ့ကြောင်း US News သတင်းဌာနက ဇန်နဝါရီ ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်လွှတ်တော်မှ ဒီမိုကရက်တစ် လွှတ်တော်အမတ် ၂၇ ဦးကလည်း ဆူလ်တန်အယ်လ်ဂျပ်ဘာကို ဥက္ကဋ္ဌအဖြစ် ဖယ်ရှားပေးရေး စာရေးတောင်းဆိုခဲ့ကြောင်း၊ အဘူဒါဘိုင်းလ်နေရှင်နယ် ရေနံကုမ္ပဏီ၏အကြီးအကဲဖြစ်သူ ဆူလ်တန်အယ်လ်ဂျပ်ဘာကို COP28 ညီလာခံ၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ထားခြင်းအပေါ် စိတ်ပျက်မိကြောင်း၊ ရေနံကုမ္ပဏီပိုင်ရှင်ကို ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ၏ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ထားခြင်းမှာ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များအပေါ် လွှမ်းမိုးမှုရှိနိုင်မည် မဟုတ်ကြောင်း ဒီမိုကရက်တစ် လွှတ်တော်အမတ်များက သုံးသပ်ခဲ့ကြောင်း သိရသည်။


"COP28 ညီလာခံရဲ့ဥက္ကဋ္ဌအဖြစ် ရေနံကုမ္ပဏီပိုင်ရှင်ကို ရွေးချယ်တင်မြှောက်ထားတာဟာ သင့်တော်တဲ့ လုပ်ရပ်မဟုတ်ပါဘူး။ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တော်တွေအပေါ်မှာ လွှမ်းမိုးနိုင်မှာ မဟုတ်ဘူး။ ပိုပြီးတော့ ရှုပ်ထွေးသွားနိုင်တယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာလော်ဘီတွေ အပေါ်မှာလဲ ဩဇာလွှမ်းမိုးမှုမရှိနိုင်တဲ့အတွက် COP28 ညီလာခံရဲ့ရည်ရွယ်ချက်ကို ထိခိုက်လာစေနိုင်တယ်။ ဂျွန်ကာရီအနေနဲ့ ဥက္ကဋ္ဌပြောင်းပေးဖို့အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းထံ တောင်းဆိုသွားသင့်တယ်။ တောင်းဆိုဖို့လဲ လွှတ်တော်အမတ်တွေက စာရေးသားပေးပို့ပြီး အကြံပြုတင်ပြထားပါတယ်"ဟု ကယ်လီဖိုးနီးယားပြည်နယ်၏ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဟက်ဖ်မန်းက ပြောကြားခဲ့သည်။

**နိုင်းဆက်**

Ow Kv H @

# ရွက်ကျပင်

လင်းလက်ကြယ်(လက်ပံလှ)



(၁)

ညိုမောင်ဦးဆောင်ခေါ်လာတဲ့နောက်ကနေ ဆိုင်ကယ်ဖြည်းဖြည်းမောင်းရင်း လိုက်ခဲ့လိုက်တယ်။ အရိပ်ကောင်းကောင်းနဲ့ သရက်ပင်အောက်ရောက်တော့ ဆိုင်ကယ်ကိုရပ်လိုက်တယ်။ တဲထဲက ခွေးနှစ်ကောင်က ကျွန်တော့်ကိုမြင်တော့ ထိုးဟောင်ပါလေကော။ အဲဒီအချိန် ညိုမောင်က ခွေးနှစ်ကောင်ကိုဟောက်လိုက်တယ်။ ကျွန်တော့်ကိုလဲ တဲထဲဝင်ဖို့အတွက် ပြောလိုက်တယ်။

"လာ အစ်ကိုမကိုက်ဘူးရယ်။ ဟောင်ရုံပဲဟောင်တာ"

ညိုမောင်က မကိုက်ဘူးပြောပေမဲ့ ကျွန်တော်ကတော့ ဟောင်နေတဲ့ခွေးနှစ်ကောင်ကိုလိုက်ကြည့်နေရတယ်။

"မိန်းမရေ ဂျက်မကို သံကြိုးချည်ထားလိုက်ပါကွာ"

ညိုမောင်က ကျွန်တော့်အနေအထားကိုကြည့်ပြီး သူ့ရဲ့မိန်းမကို လှမ်းပြောလိုက်တယ်။ ညိုမောင့်မိန်းမကလဲ ခွေးမလေးကို ဂျက်မ ဂျက်မလို့ခေါ်ပြီး သံကြိုးနဲ့ ချည်လိုက်တယ်။

"ရဲရဲထိုင်ပါအစ်ကို။ ခွေးတွေက မကိုက်ပါဘူး။ မမြင်ဖူးလို့ဟောင်တာပါ။ အနေကြာသွားရင် မဟောင်တော့ဘူးရယ်။ အစ်ကိုကြောက်မှာစိုးလို့ ခွေးမကို ချည်ပေးထားတာ"

ခွေးမကို ချည်ပြီးတော့မှပဲ ကျွန်တော်လဲ စိတ်ချလက်ချထိုင်ရဲတော့တာ။ ခွေးထီးကတော့ ညိုမောင် မောင်းထုတ်လိုက်ကတည်းက မရှိတော့ဘူး။ ဂျက်မကတော့ သံကြိုးချည်ထားတာတောင် ဟောင်နေတုန်းပဲ။ သိပ်မကြာပါဘူး ညိုမောင်ပြောသလိုပဲ ခွေးမလဲ အညောင်းသွားလို့နေမှာ ဆက်ပြီးမဟောင်တော့ဘူး။

(၂)

"လက်ဖက်သုပ်လေးစားအုံး အစ်ကို"

ဓာတ်ဘူးထဲကရေနွေးကိုငှဲ့နေတုန်း ညိုမောင့်မိန်းမက လက်ဖက်သုပ်ပန်းကန်လေးလာချရင်း ပြောလိုက်တာ။ ကျွန်တော်လဲ ရေနွေးခွက်ကို လက်ကကိုင်ရင်း ညိုမောင့်မိန်းမကို ခေါင်းညိတ်ပြလိုက်တယ်။

"ဘယ်လိုလဲ အလုပ်အကိုင်က အဆင်ပြေကြလား"

"မဆိုးဘူးပြောရမှာပေါ့။ အစတုန်းကနဲ့စာရင်တော့ အခုက ချောင်လည်သွားပါပြီ"

ညိုမောင်က ကျွန်တော့်အမေးကို ပြန်ဖြေရင်း လက်ဖက်သုပ်ကို တစ်ဇွန်းကော်ပြီးစားလိုက်တယ်။

"ညီမကတော့ အခုလိုဘဝလေးပိုသဘောကျတယ်။ ဒါလေးက ပင်ပန်းတယ်ဆိုပေမဲ့ လင်မယားနှစ်ယောက်အတူတူနေရတော့ စိတ်ချမ်းသာတယ်"

ညိုမောင့်မိန်းမကပါ ဝင်ပြောလိုက်တော့ ကျွန်တော်လဲ ခေါင်းညိတ်နေလိုက်တယ်။

"ဒီလိုဘဝလေး ပြန်ဖြစ်လာတာလဲ အစ်ကိုရဲ့အားပေးစကားတွေကြောင့်လဲ ပါတာပေါ့"

ညိုမောင့်ဆီက စကားကြားရတော့ လွန်ခဲ့တဲ့နှစ်နှစ်လောက်က အချိန်ကို ပြန်သတိရမိသွားတယ်။ အဲဒီတုန်းက ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွေဖြစ်နေတဲ့အချိန်။ အလုပ်တွေပိတ်၊ လမ်းတွေပိတ်နေတဲ့အချိန်။ တချို့စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီတွေဆိုရင် ဝန်ထမ်းအင်အားတွေပါလျှော့ကြတယ်။ အဲဒီအထဲမှာ ညိုမောင်တို့ကုမ္ပဏီလဲပါတယ်။ ကုမ္ပဏီက ဝန်ထမ်းလျှော့တဲ့အထဲမှာ ညိုမောင်ကပါလာခဲ့တယ်။ ကုမ္ပဏီကအလုပ်ထွက်ရတော့ အလုပ်လက်မဲ့ဖြစ်သွားတယ်။ မြို့ပေါ်မှာအိမ်ငှားနေရတာဆိုတော့ ဝင်ငွေမရှိတော့ အဆင်မပြေတော့ဘူး။ တခြားအလုပ်တွေကို လိုက်ရှာရအောင်လဲ အဲဒီအချိန်တွေတုန်းက ဘယ်လိုမှအဆင်မပြေဘူး။ နောက်ဆုံးတော့ ညိုမောင်လဲ ကျွန်တော်တို့ရွာလေးကို ပြန်လာခဲ့တယ်။ တကယ်တော့ ညိုမောင်က ကျွန်တော်တို့ရွာသားမဟုတ်ဘူးရယ်။ ညောင်ဦးဘက်က။ ကျွန်တော်တို့ရွာကိုရောက်တော့ ညိုမောင့်အသက်က ဆယ့်ရှစ်နှစ်လောက်ရှိသေးတာ။ အဲဒီတုန်းက ကျွန်တော်ကလဲ အခုလုပ်နေတဲ့ကုမ္ပဏီမှာမလုပ်သေးဘူး။ လမ်းဂိုတ်မှာ။ ညိုမောင်လဲ သူ့တို့အသိတစ်ယောက်အဆက်နဲ့ ရောက်လာတာ။ လမ်းဂိုတ်ကို ညိုမောင်ရောက်လာတော့ ကျွန်တော့်လက်အောက်မှာ ငွေကောက်အနေနဲ့ရောက်လာတာ။ ကျွန်တော်ကတော့ အတွင်းစာရေးအနေနဲ့ လုပ်နေရတာ။ ကျွန်တော်နဲ့ ညိုမောင် လမ်းဂိုတ်မှာ အတူတူလုပ်ကိုင်ခဲ့တာ နှစ်အနည်းငယ်ကြာတယ်။ နောက်တော့ ကျွန်တော်လဲ ဘွဲ့ရသွားတော့ လမ်းဂိုတ်ကနေထွက်ပြီး အခုလုပ်နေတဲ့ကုမ္ပဏီမှာ ဝင်လုပ်လိုက်တယ်။ ညိုမောင်ကတော့ လမ်းဂိုတ်မှာ ကျန်နေခဲ့တာ။ ကျွန်တော်ထွက်သွားပြီး နှစ်နှစ်လောက်နေတော့ ညိုမောင်လဲ ကျွန်တော်တို့ရွာသူနဲ့ အိမ်ထောင်ကျခဲ့တယ်။ နောက်တော့ ညိုမောင်လဲ လမ်းဂိုတ်မှာ အလုပ်လုပ်ရင်းနဲ့ အဝေးသင်တက်ခဲ့တာ။ ဘွဲ့ရပြီးတော့ အခြားကုမ္ပဏီမှာ အလုပ်ဝင်နေတာ။ ညိုမောင့်မိန်းမကတော့ ညိုမောင်နဲ့အတူတူလိုက်မသွားဘူး။ ရွာမှာပဲ သူ့မိဘတွေနဲ့ အတူတူနေပြီး စိုက်ပျိုးရေးကိုလုပ်နေတာ။ ညိုမောင်ကတော့ အလုပ်ပိတ်ရက်တွေမှာ ရွာကို ပြန်လာလုပ်နေရတာပေါ့။

"ကျွန်တော့်မှာ ကုမ္ပဏီကနေ အလုပ်ထွက်ရတော့ အနာဂတ်ပျောက်သလို ခံစားလိုက်ရတယ်။ ဘာလုပ်စားလို့ စားရမှာမှန်းကို မသိအောင်ပါပဲ အစ်ကိုရာ"

ညိုမောင်က လက်ဖက်သုပ်ပန်းကန်ထဲက အကြော်ဆန်လေးကို ဇွန်းလေးနဲ့ယူရင်း ပြောလိုက်တယ်။ ညိုမောင့်အပြောကြောင့် ပြီးခဲ့တဲ့အချိန်က ညိုမောင်နဲ့တွေ့ခဲ့တာကို ပြန်သတိရမိတယ်။

(၃)

အဲဒီနေ့က အလုပ်ကနေ အိမ်ပြန်ရောက်တော့ ဖုန်းတစ်ကောဝင်လာတယ်။ မှတ်ထားတဲ့နာမည်မပါတော့ ဘယ်သူမှန်းမသိဘူး။ အဲဒါနဲ့ ကျွန်တော်လဲ ဖုန်းကို ကောက်ကိုင်လိုက်တယ်။ တစ်ဖက်က ဖုန်းပြောတဲ့သူက အာလေးလျှာလေးနဲ့။ သေချာမေးမှ ညိုမောင်ဖြစ်နေတာ။ ညိုမောင့်ကို အကျိုးအကြောင်းသေချာမေးကြည့်တော့ အလုပ်ပြုတ်လာလို့ အလုပ်ပေးအုံးလို့ လှမ်းပြောတာ။ ပြီးတော့ သူရှိတဲ့ဆီ လှမ်းခေါ်ပါလေကော။ ကျွန်တော်လဲ အကျိုးအကြောင်းသိအောင်လို့ ညိုမောင်ထိုင်နေတဲ့ဘီယာဆိုင်ကို သွားလိုက်တယ်။ အဲဒီအချိန်တွေတုန်းက ကျွန်တော်တို့ရွာမှာ ကိုဗစ်-၁၉ ကူးစက်မှုရှိနေပြီဖြစ်တယ်။ ဒါပေမဲ့ သိပ်ပြီးတင်းတင်းကြပ်ကြပ်မလုပ်သေးဘူး။ အပြင်ထွက်ရင်တော့မက်(စ်)တပ်နေရပြီ။

"ဘယ်အချိန်ကတည်းက သောက်နေတာလဲကွာ"

ညိုမောင်သောက်နေတဲ့ ဘီယာဆိုင်ကိုရောက်တော့ ညိုမောင့်အနေအထားကိုကြည့်ပြီးမေးလိုက်တယ်။

"မကြာသေးဘူး အစ်ကို။ သောက်လေအစ်ကို"

ညိုမောင့်ကြည့်ရတာတော်တော်လေးကို စိတ်ညစ်နေမှာအမှန်။ ကျွန်တော်လဲ သောက်ချင်စိတ်မရှိတာနဲ့ မသောက်တော့ဘူးပြောပြီး သိချင်တာတွေကို မေးခဲ့ရတယ်။ အဲဒီတုန်းက မမျှော်လင့်ဘဲအလုပ်ထွက်လိုက်ရတော့ အနာဂတ်ပျောက်သွားသလို ဖြစ်သွားတဲ့ ညိုမောင်ရဲ့စကားတွေဟာ တကယ်သနားဖို့ကောင်းနေမိတယ်။ ဘာပဲဖြစ်နေနေ ညိုမောင့်အတွက် စိတ်ခွန်အားဖြစ်မဲ့စကားလေးတွေ ပြောပေးဖို့က ကျွန်တော့်တာဝန်ဖြစ်နေတာ။ ပြောရမဲ့စကားကလဲ အခုအချိန်မှာ ပြောပြလို့က အဆင်မပြေဘူး။ ညိုမောင်က တော်တော်မူးနေပြီ။ ကျွန်တော်ပြောလဲ သူမှတ်မိမှာမဟုတ်ဘူး။ အဲဒါနဲ့ ဆုံးမမဲ့စကားကိုမပြောတော့ဘဲ အိမ်ပြန်ဖို့ပဲ ပြောလိုက်တော့တယ်။ တစ်ချိန်က အကြောင်းတွေစဉ်းစားနေမိရာ-

"ကဲ. . . အစ်ကို။ ကျွန်တော့်စိုက်ခင်းတွေ လိုက်ကြည့်အုံးလေ"

ညိုမောင့်အပြောကြောင့် ဖြစ်ခဲ့တာတွေပြန်တွေးနေရာက ညိုမောင်ခေါ်တဲ့နောက်ကို လိုက်ခဲ့လိုက်တယ်။ ဂျက်မကတော့ ကျွန်တော်ထတာမြင်တော့ ထိုးဟောင်လိုက်သေးတယ်။

(၄)

စိုက်ခင်းထဲရောက်တော့ ညိုမောင်ကကျွန်တော့်ကို ရှင်းပြနေတာ။ ညိုမောင့်စိုက်ခင်းထဲမှာဆို ကန်စွန်း၊ နံနံ၊ ဆလတ်၊ ကိုက်လန်၊ ထောပတ်ပဲတွေ စိုက်ထားတာ။ ညိုမောင်တို့စိုက်ခင်းက ထွက်တဲ့ဟာမှန်သမျှ ဖောက်သည်လာယူကြတယ်။ သွားရောင်းစရာမလိုဘူး။ ညနေဆိုရင် ဖောက်သည်ယူမဲ့သူတွေက လာယူကြပြီ။ အခုတော့ ညိုမောင့်စိုက်ခင်းလေးဟာ ညိုမောင်တို့ လင်မယားနှစ်ယောက်တည်းနဲ့မနိုင်တော့ နေ့စားနှစ်ယောက်ကိုငှားပြီး လုပ်ခိုင်းနေရတာ။ နံနံပေါင်၊ ကန်စွန်းပေါင်တွေဆိုတာ အရှည်ကြီးတွေ။

"ဒီနံနံပေါင် တစ်ပေါင်ဆို အခုဖောက်သည်ဈေးနဲ့ဆိုရင် တစ်သိန်းပဲ။ တစ်ပြိုင်တည်းရတာတော့ မဟုတ်ဘူးပေါ့။ တစ်နေ့ကို ဘယ်လောက်ဆိုပြီး ဖောက်သည်ယူသလောက် နုတ်ပေးရတာ။ ဒီကလေးမလေးနှစ်ယောက်ဆို အမြဲတမ်းခေါ်ထားရတာ"

ညိုမောင်က ကျွန်တော့်ကိုရှင်းပြရင်းနဲ့ နံနံပင်တွေ နုတ်နေတဲ့ကောင်မလေးနှစ်ယောက်ကို မေးငေါ့ပြလိုက်တယ်။ နံနံပင်တွေစိုက်ထားတဲ့ ပေါင်အရှည်ကလဲ ဆယ်ပေါင်ရှိတာ။

"သူတို့ကိုကျတော့ လစာနဲ့လား"

"လစာနဲ့တော့မဟုတ်ဘူး။ နေ့စားပေါ့။ ဒါပေမဲ့ နံနံနုတ်တဲ့အခါတော့ နေ့စားမပေးပါဘူး။ အစည်းရေနဲ့ပေးတာ။ အဲဒါမှ ကျွန်တော်လဲအဆင်ပြေ၊ သူတို့လဲ အဆင်ပြေမှာလေ"

ညိုမောင်ပြောပြတာကို ခေါင်းညိတ်လိုက်တယ်။ စိတ်ထဲမှာလဲ ကျွန်တော်တို့ငယ်ငယ်က ဝါးကပ်ဆိုင်ဖွင့်တာကို သွားသတိရမိတယ်။ အဲဒီတုန်းကလဲ ကျွန်တော်တို့အိမ်မှာ ဝါးကပ်လုပ်တဲ့မိသားစုသုံးစုလောက်ရှိတယ်။ သူတို့ကိုလဲ ကျွန်တော်တို့က လစာနဲ့ရှင်းပေးတာမဟုတ်ဘူး။ အချပ်ရေနဲ့ရှင်းပေးတာ။ ဥပမာ- ဝါးကပ်အချပ်တစ်ရာဆို ပိုက်ဆံဘယ်လောက်ဆိုပြီး သတ်မှတ်ထားတာ။ အဲဒါမှ သူတို့လုပ်ရင် လုပ်သလိုရမှာ။ အချပ်ငါးဆယ်ပြီးတဲ့သူ အချပ်ငါးဆယ်ဖိုးကို ရမှာလေ။ အဲဒါကိုပြန်တွေးပြီး ညိုမောင်ပြောပြတာကို သဘောပေါက်မိတယ်။

"စိုက်ပျိုးရေးလေးကလဲ အဆင်ပြေလာတော့၊ လူငှားလေးလဲ ငှားနိုင်လာတော့ ဝက်မွေးမြူရေးလေးပါ တွဲလုပ်နေတာ"

စိုက်ခင်းထဲကဖြတ်လာရင်း ထန်းလက်မိုးလေးနဲ့ မိုးထားတဲ့တဲလေးဆီကို ညိုမောင်က လက်ညှိုးထိုးပြပြီး ပြောလိုက်တာ။

"ဘယ်နှကောင်မွေးထားတာလဲ"

"ခုနစ်ကောင်တည်းပါ။ သူကတော့ စုဘူးပေါ့ အစ်ကိုရာ"

"ဘယ်ဆိုးလို့လဲ။ ကြိုးစားမှုရဲ့အသီးအပွင့်လေးတွေက လှနေပြီပဲ"

ညိုမောင်ရဲ့အောင်မြင်မှု၊ တိုးတက်မှုတွေကိုကြည့်ပြီး ပီတိတို့ဖြစ်ကာ ပြောလိုက်တယ်။

"ဒါဟာလဲ အစ်ကို့ကျေးဇူးတွေပါပဲ အစ်ကိုရယ်။ အစ်ကိုပြောပြခဲ့တဲ့စကားလေးကို ကျွန်တော်ဘယ်တော့မှ မမေ့ဘူး။ ပြီးတော့ ကျွန်တော်ဟာ ရွက်ကျပင်လိုပဲ ဖြစ်နေရမယ်လို့ ဆုံးဖြတ်ထားတယ်"

စာမျက်နှာ ၂၅သို့ ➤

# တနင်္သာရီတိုင်းဒေသကြီးထွက် သဘာဝငှက်သိုက်များ ဈေးကောင်းရရှိလာသဖြင့် ငှက်ခေါ်စက်များတပ်ဆင်ကာ ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူများပြားလာ



**ထားဝယ် ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီးမှထွက်ရှိသည့် သဘာဝငှက်သိုက်များ ဈေးကောင်းရရှိလာသဖြင့် ငှက်ခေါ်စက်များတပ်ဆင်ကာ ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူ တိုးတက်များပြားလာကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ငှက်သိုက်ကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များရှိ သဘာဝတောတောင်များမှ ရှာဖွေထုတ်လုပ်ရောင်းချနေပြီး နေအိမ်များတွင်လည်း မွေးမြူထုတ်လုပ်ရောင်းချနေကြောင်း၊ မြိတ်ကျွန်းစုဒေသနှင့် ကော့သောင်းဒေသတို့မှ ထွက်ရှိသော ငှက်သိုက်(အမည်း) Bird's Nest(Black)များသည် စင်ကာပူနိုင်ငံတွင် ဈေးကွက်ခိုင်မာစွာရရှိနေပြီဖြစ်သဖြင့် ငှက်သိုက်တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၄၇၀ ဒေါ်လာထိ ပေါက်ဈေးရရှိနေကြောင်း၊ သဘာဝငှက်သိုက်များကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးနေရသောကြောင့် ငှက်သိုက်ဈေးနှုန်းများမြင့်တက်လာကာ ဈေးကွက်သွက်လက် လှုပ်ရှားလာသဖြင့် တနင်္သာရီတိုင်းဒေသကြီးရှိ နေအိမ်များတွင် ငှက်ခေါ်စက်များတပ်ဆင်ကာ ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူများပြားလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါပင်ရင်းဒေသများ၌ သဘာဝငှက်သိုက်၏ ဈေးနှုန်းများမှာ ငှက်သိုက်အကြမ်း တစ်ကျပ်သားလျှင် ငွေကျပ် ၃၆၀၀၀၊ ငှက်သိုက်အချော တစ်ကျပ်သားလျှင် ငွေကျပ် ၅၃၀၀၀ နှင့် တစ်ခါသောက်ပုလင်း ၄၅ မီလီလီတာ တစ်ဘူးလျှင် ငွေကျပ် ၆၀၀၀ ခန့်ရှိနေပြီး ယခုအခါ ငှက်သိုက်များကို မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြကာ ဖြန့်ဖြူးရောင်းချပေးနေကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**ချမ်း ချမ်း**

# မြို့သစ်မြို့နယ် လဲလူကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် လဲလူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လဲလူကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

မြို့သစ်မြို့နယ် လဲလူကျေးရွာ၌ လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Cash For Work စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**



➤ **စာမျက်နှာ ၂၄မှအဆက်**

ညိုမောင့်အပြောကြောင့် တစ်ချိန်က ကျွန်တော်ပြောခဲ့တာကို ပြန်သတိရမိသွားတယ်။

ညိုမောင့်ကို ဘီယာဆိုင်ကနေပြန်ပို့ပြီး နှစ်ရက်လောက်နေတော့ ညိုမောင့်ဆီကို ပြန်သွားလိုက်တယ်။ အဲဒီအချိန်ထိ ညိုမောင်က မရွှင်မလန်းဘူး။ ပိုဆိုးတာက ယောက္ခမအိမ်မှာကပ်နေရတော့ မျက်နှာငယ်နေတာလဲပါမှာပေါ့။ နောက်တော့ စိတ်ပြေလက်ပျောက်ဖြစ်အောင် လက်ဖက်ရည်ဆိုင်ခေါ်သွားလိုက်တယ်။ လက်ဖက်ရည်ဆိုင်မှာလဲ ဖြစ်ခဲ့တာတွေကိုမပြောဘဲ ညိုမောင်စိတ်ရွှင်လန်းအောင်လို့ တခြားအကြောင်းတွေပဲ ပြောနေလိုက်တယ်။ လက်ဖက်ရည်ဆိုင်ကနေပြန်လာတော့မှပဲ ညိုမောင့်ယောက္ခမအိမ်မှာရှိတဲ့ ပန်းအိုးထဲက ရွက်ကျပင်လေးကို ညိုမောင့်အားခေါ်ပြလိုက်တယ်။

"ဒါ ဘာပင်လဲ ညိုမောင်"

ညိုမောင်က ကျွန်တော်ခေါ်ပြတော့ ကျွန်တော့်အနားရောက်လာပြီး ကြည့်လိုက်တယ်။

"ရွက်ကျပင်လေ"

"အဲဒါ ရွက်ကျပင်ကွဲ့ ငါ့တူ"

ညိုမောင့်ယောက္ခမကပါ လှမ်းဖြေလိုက်တယ်။

"ရွက်ကျပင်ကို သေချာကြည့်စမ်း ညိုမောင်။ ပန်းအိုးထဲမှာကျတဲ့အရွက်ကလဲ အပင်ပေါက်သလို၊ ပန်းအိုးအောက်မှာရှိတဲ့ မြေကြီးတွေပေါ်မှာလဲ ပေါက်နေတာ။ အခြားအရွက်တွေနဲ့မတူဘူးနော်။ အခြားအရွက်တွေက ပင်စည်ကနေ ကြွေကျသွားပြီဆိုရင် ခြောက်သွေ့သွားကြတယ်။ ရွက်ကျပင်က အရွက်တွေကတော့ သူကျရာနေရာမှာ မြေကြီးရှိရင် အပင် အဖြစ် ပြန်ရှင်သန်နေတာကွ။ တချို့က အချစ်ရေးမှာ မျက်နှာများရင် ရွက်ကျပင်နဲ့နှိုင်းတယ်။ ငါကတော့ အဲဒီလိုမနှိုင်းရက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ရှင်သန်မှုဟာ ရွက်ကျပင်လိုမျိုး ဖြစ်နေရမယ်လို့တွေးမိတယ်။ အခု မင်းအလုပ်ပြုတ်လာတယ်။ အဲဒါကို မင်းက စိတ်ဓာတ်ကျနေတာလား၊ မင်းရဲ့ဘဝကို ပင်စည်ကကြွေကျပြီး ခြောက်သွေ့သွားတဲ့သစ်ရွက်တွေလိုပဲ နေသွားမှာလား ဒါမှမဟုတ် ရွက်ကျပင်လေးလို နေသွားမှာလား မင်းစဉ်းစားကြည့်ပေါ့"

အဲဒီနေ့က ညိုမောင့်ကို ရွက်ကျပင်လေးနဲ့ဥပမာပြုပြီး ပြောပြလိုက်တယ်။ နောက်တစ်လနေတော့ ညိုမောင်ဟာ သူ့ယောက္ခမတွေပိုင်တဲ့ ယာကွက်ထဲမှာ သူ့မိန်းမနဲ့အတူ စိုက်ပျိုးရေးလုပ်နေတော့တာ။ အဲဒီအချိန်တွေတုန်းကလဲ မရှက်ဖို့အတွက် အားပေးစကားတွေပြောခဲ့တယ်။ အခုတော့ ညိုမောင်က ကျွန်တော်ပြောခဲ့တဲ့ ရွက်ကျပင်လေးလို သူ့ဘဝကို ကျင့်ကြံနေထိုင်နေပြီ။ အပင်သစ်တွေ ရှင်သန်ဝေဆာနေတဲ့ရွက်ကျပင်လေးလဲဖြစ်နေပြီ။ ညိုမောင့်ကိုကြည့်ပြီး ဝမ်းသာပီတိတို့ဖြစ်နေမိတယ်။ သူ့ရိန်နေမင်းလဲ အနောက်ဘက်ကို ဝင်လုလုဖြစ်နေပြီဆိုတော့ အိမ်ပြန်ဖို့ စိုက်ခင်းထဲကနေ ထွက်ခဲ့လိုက်တယ်။

## ရင်နှင့်အမျှ

- သည်ပန်းကို တမြတ်တနိုး
ကိုယ်တိုင်ပျိုး စိုက်ခဲ့တယ်။

- ပွင့်ချိန်တန် ပန်းမကိုင်ရှ
နန်းထိုက်ဖို့ရှယ်။

- မျှော်လင့်ချက် ကြီးစွာရယ်
တင့်တယ်စေ ကိုယ့်ဆန္ဒ။

- ပွင့်ဦးညှာ
ဝင့်မြူးလာ ဝေချိန်အခိုက်မှာပေါ့
မနှစ်ခြိုက်ရာ မူသွင်မသန့်ပုံရယ်နဲ့
ပန်းမျိုးညံ့ စံဖွဲ့မမီလေတော့
ပန်းဂုဏ်ရည် နွမ်းကြေညှိုးသော်ငြား
ကိုယ်ပျိုးရာ ကိုယ်ချစ်ပန်းပေမို့
ပန်းသက်ခြွေ မေတ္တာမခန်းနိုင်ဘု
လှရိပ်မြုံ ဥယျာဉ်နန်းမှာလ
ကမ်းလျက်သာ တာဝန်မလင့်စွာနဲ့
အစွမ်းကုန် ပန်းဂုဏ်မြှင့်မယ်လို့
ပန်းသခင် သစ္စာဆင့်ခဲ့တယ်
(ကွယ်. . .)
ရင်နှင့်အမျှ။ ॥

**မင်းသွေးနွယ်(ဇီးကုန်း)**

# တောင်တွင်းကြီးမြို့နယ် ပိတ်ဆွယ်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ပိတ်ဆွယ်ခုံကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ ယခုလို စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးအရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပိတ်ဆွယ်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၂၇၃ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၂ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၇ ဦးကို ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နှံ့ယဉ်**

## စာပေမြင့်မှ လူမျိုးတင့်မည်

# အနာကြီးရောဂါအတွက် ဆောင်ရန်၊ ရှောင်ရန်အစားအစာများ

ပေါက်ပေါက်

❖ အရေပြားပေါ်တွင် အရောင်ဖျော့သော သို့မဟုတ် နီသော သို့မဟုတ် ကြေးနီရောင်ပေါက်နေသော မနာမကျင်ခံစားမှုမရှိထုံနေသည့် အကွက်များပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ပြသပြီး စမ်းသပ်စစ်ဆေး၍ ကုသမှုခံယူသင့်ပါသည်။ ရောဂါဖြစ်နေခြင်းကို ဆောလျင်စွာသိရှိ၍ အချိန်မီဆေးကုသမှုခံယူခြင်းဖြင့် ၎င်းရောဂါကြောင့် ဖြစ်ပေါ်လာမည့် ကိုယ်လက်အင်္ဂါချို့ယွင်းမှုကို ကြိုတင်ကာကွယ်ရာရောက်ပေသည်။ အကယ်၍ အနာကြီးရောဂါဖြစ်နေပါက WHO က သတ်မှတ်ထားသော MDT ဆေးဝါးတစ်မျိုးဖြင့် ကုသပါက ရောဂါသည်နှင့် အနီးစပ်ဆုံး အတူနေသူများကို ရောဂါမကူးစက်အောင် ကာကွယ်ပေးနိုင်သည်။ ❖

ကိုယ်ရေပြားရောဂါကို မြန်မာနိုင်ငံတွင် "ကုဋ္ဌနူနာ(အနာကြီးရောဂါ)" ဟု ခေါ်ဆိုလေ့ရှိကြသည်။ အနာကြီးရောဂါ(Leprosy) သည် Hansen ခေါ် ဗက်တီးရီးယားကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး အရေပြားများကို ပျက်စီးစေသည်။ အနာကြီးရောဂါကို Tuberculoid သို့မဟုတ် Iepromatous ဟူ၍ အဆင့်နှစ်မျိုးသတ်မှတ်ထားပြီး ရောဂါအခြေအနေပေါ်မူတည်ကာ Dapsone၊ Rifampicin နှင့် Clofazimine ဆေးပေါင်းဖြင့် ကုသပေးရသည်။ ဥပမာ- အဆုတ်နာ၊ ဆစ်ဖလစ်ရောဂါများကို ဆရာဝန်နှင့် တရင်းတနှီးဆွေးနွေးကြသော်လည်း "ကုဋ္ဌနူနာရောဂါ" နာမည်တပ်လာသည့်အခါ ပါးစပ်ကဖွင့်ဟ၍ မပြောနိုင်အောင်ဖြစ်ကြရသည်။ ထိုစကားလုံးက ရောဂါထက် ကြောက်စရာကောင်းနေသည်ကိုလည်း တွေ့ရသည့်အတွက် လူအများက ထိုရောဂါနာမည်ကို ကြားရုံမျှနှင့်ပင် ထိတ်လန့်ကြောက်ရွံ့နေတတ်ကြသည်။

**ကမ္ဘာ့ကိုယ်ရေပြားရောဂါနေ့**

အိန္ဒိယနိုင်ငံတွင် မဟတ္တမဂန္ဒီကွယ်လွန်သော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ကို (ကမ္ဘာ့ကိုယ်ရေပြားရောဂါနေ့)အဖြစ် သတ်မှတ်ခဲ့သည်။ အိန္ဒိယနိုင်ငံသာမက တစ်ကမ္ဘာလုံးက လေးစားချစ်ခင်ရသော ဂန္ဒီကွယ်လွန်သောနေ့ကို သတိရဖွယ်အမှတ်တရပြုသည့်အနေဖြင့် နှစ်တစ်နှစ်၏ ဇန်နဝါရီလ စတုတ္ထပတ် တနင်္ဂနွေနေ့ကို ကမ္ဘာ့ကိုယ်ရေပြားရောဂါနေ့အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက သတ်မှတ်ထားကြသည်။ ထိုနေ့သို့ရောက်တိုင်း ကိုယ်ရေပြားရောဂါအကြောင်းနှင့်စပ်လျဉ်း၍ ပြည်သူလူထုဗဟိုပြုအသိပညာပေးပွဲများ၊ နှစ်သိမ့်ဆွေးနွေးပွဲများနှင့် လူနာသစ်များရှာဖွေ၍ အခမဲ့ကုသခြင်းများကို လုပ်ဆောင်ပေးလျက်ရှိသည်။

အနာကြီးရောဂါခံစားရသူများသည် ရောဂါနှင့်ပတ်သက်၍ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းစင်ပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်နိုင်ခွင့်ရှိသည်ကို လူတိုင်းသိစေလိုသော ရည်ရွယ်ချက်ဖြင့် ၎င်းရောဂါခံစားရသူများအတွက် စိတ်ခွန်အားဖြစ်စေသောဇာတ်လမ်းများကို မျှဝေကြရန်၊ နူနာဝေဒနာသည်များ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် လှုံ့ဆော်ပေးရန်နှင့် နူနာခံစားဖူးသူများ၏ အသက်ရှင်ခဲ့သော အတွေ့အကြုံများကို ဂုဏ်ပြုပေးကြရန်အတွက်ကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အကြံပြုနှိုးဆော်ထားသည်။

**မြန်မာနိုင်ငံနှင့် အနာကြီးရောဂါ**

မြန်မာနိုင်ငံတွင် အနာကြီးရောဂါကို အဓိကကုသပေးသောဌာနလေးခုရှိသည်။ ၎င်းတို့မှာ-

(၁) မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေနံ့သာ အနာကြီးဆေးရုံ၊
(၂) မန္တလေးပြည်သူ့ ဆေးရုံကြီး အထူးအရေပြားရောဂါကုဌာန၊
(၃) မြန်မာနိုင်ငံအောက်ပိုင်းတွင် မော်လမြိုင် တောင်ပိုင်းဆေးရုံ၊
(၄) ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးအရေပြားရောဂါကုဌာနတို့ဖြစ်ကြသည်။

အဆိုပါဌာနလေးခုထဲမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လူနာသစ်တွေ့ရှိမှုအများဆုံးဖြစ်ပြီး မှတ်တမ်းအရ လူနာအများစုသည် ရွှေပြည်သာ၊ လှိုင်သာယာနှင့် ဒဂုံမြို့သစ်တောင်ပိုင်းတို့မှဖြစ်ကြောင်း လေ့လာသိရသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားအထူးကုဌာနအပါအဝင် နယ်မြို့များရှိ ပြည်သူ့ကျန်းမာရေးဌာနနှင့် ကျေးရွာဆေးပေးခန်းများတွင် အနာကြီးရောဂါအတွက် MDT (Multi Drug Therapy) ခေါ် ဆေးပေါင်းကုထုံးကို အခမဲ့ရရှိနိုင်သည်။ ရောဂါအလွန်ဆိုးရွားသောအချိန်တွင် MDT ဆေးသောက်ရုံဖြင့် မလုံလောက်တော့ဘဲ ကုသမှုထပ်မံခံယူရပါမည်။ ရန်ကုန်ဆေးရုံတွင် ချိုင်းထောက်များနှင့် ဖိနပ်များ အခမဲ့ပေးခြင်း၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးအတွက် သင်ကြားပြသပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနာကြီးရောဂါလူနာသစ်ဦးရေ သိသိသာသာကျဆင်းသွားသော်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များအရ လူနာသစ်တွေ့ရှိမှုများသော နေရာဒေသတချို့ကျန်ရှိနေသေးကြောင်း သိရသည်။ လွန်ခဲ့သောငါးနှစ်ကျော်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် အနာကြီးရောဂါအဖြစ်များသော ဒေသများရှိ ကျေးလက်ကျန်းမာရေးဌာန ၂၈၀ ၌ စုစုပေါင်းလူနာသစ် ၇၂၆ ဦးကို စောစီးစွာ ရှာဖွေဖော်ထုတ်ကုသပေးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ အဆိုပါကိန်းဂဏန်းအရ မြန်မာနိုင်ငံတွင် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်ကို ၂၀၀၃ ခုနှစ်က ပြည့်မီနိုင်ခဲ့ပြီး တစ်နည်းအားဖြင့် အနာကြီးရောဂါဖြစ်ပွားမှုနှုန်း (Prevalence Rate) ကို လူဦးရေ ၁၀၀၀၀ လျှင် တစ်ဦးအောက် လျော့နည်းအောင် လျှော့ချနိုင်ခဲ့သည်ဟု လေ့လာသိရသည်။

**သတိပြုသင့်သည့် အနာကြီးရောဂါလက္ခဏာများ**

အရေပြားပေါ်တွင် အရောင်ဖျော့သော သို့မဟုတ် နီသော သို့မဟုတ် ကြေးနီရောင်ပေါက်နေသော မနာမကျင် ခံစားမှုမရှိထုံနေသည့် အကွက်များပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ပြသပြီး စမ်းသပ်စစ်ဆေး၍ ကုသမှုခံယူသင့်ပါသည်။ ရောဂါဖြစ်နေခြင်းကို ဆောလျင်စွာသိရှိ၍ အချိန်မီဆေးကုသမှုခံယူခြင်းဖြင့် ၎င်းရောဂါကြောင့်ဖြစ်ပေါ်လာမည့် ကိုယ်လက်အင်္ဂါချို့ယွင်းမှုကို ကြိုတင်ကာကွယ်ရာရောက်ပေသည်။ အကယ်၍ အနာကြီးရောဂါဖြစ်နေပါက WHO က သတ်မှတ်ထားသော MDT ဆေးဝါးတစ်မျိုးဖြင့် ကုသပါက ရောဂါသည်နှင့် အနီးစပ်ဆုံးအတူနေသူများကို ရောဂါမကူးစက်အောင် ကာကွယ်ပေးနိုင်သည်။

**အနာကြီးရောဂါအတွက် အကောင်းဆုံးအစားအစာများ**

(က) ဗီတာမင်အေကြွယ်ဝသော အစားအစာများဖြစ်ကြသည့် မုန်လာဥနီ၊ တိရစ္ဆာန်မှရသောအသည်း၊ ပန်းငရုတ်ချိုပွ၊ ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း ခေါ် ဘရိုကိုလီ၊ ဂေါ်ဖီထုပ်၊ ကန်စွန်းဥ၊ ထောပတ်ပဲ၊ ဆလတ်ရွက်၊ တရုတ်ဆီးချိုသီး၊ သခွားမွှေးနှင့် Beetroot ခေါ် အရွယ်အစားကြီးမားကာ အရည်ရွှမ်းသော မုန်လာဥနီအလုံးစသည်တို့ကိုစားပေးပါ (Beetroot ကို ရှမ်းပြည်နယ်(တောင်ပိုင်း) ဆောင်းရာသီ၌ ပေါပေါများများ တွေ့ရတတ်သည်)

(ခ) ဗီတာမင်ဘီ ဓာတ်ပေါင်းစုများဖြစ်ကြသည့် ငါးဥ၊ ပုစွန်တုပ်၊ ကဏန်း၊ ရေဘဝဲ၊ ကင်းမွန် ခေါ် ပြည်ကြီးငါး၊ အမဲသား၊ သိုးသား၊ ချိစ်စားပါ။

(ဂ) ဗီတာမင်စီကြွယ်ဝသည့်မာလကာ၊ လိမ္မော်၊ သံပရာ၊ ဂရိတ်ဖရု၊ ကီဝီ၊ ကျွဲကော၊ သင်္ဘော၊ စတော်ဘယ်ရီ စသည့်သစ်သီးများစားပါ။

(ဃ) ဇင့်နှင့် ကယ်လ်စီယမ်သတ္တုဓာတ်များပါရှိသည့် ကမာကောင်၊ နှမ်းဆီနှမ်းစေ့၊ ဖရဲသီးအစေ့၊ ရွှေဖရုံစေ့၊ ကိုကိုးမှုန့်၊ အမည်းရောင်ချောကလက်၊ ဒိန်ချဉ်၊ ငါးသေတ္တာငါး၊ ပဲပိစပ်၊ ပဲနို့ရည်၊ တိုဟူး၊ ဗာဒံစေ့စားပါ။

(င) ဗီတာမင်ဒီကြွယ်ဝသည့် မှို၊ ငါးကြီးဆီ၊ ပင်လယ်ငါးစားပါ။

(စ) ဗီတာမင်အီးကြွယ်ဝသည့် နေကြာစေ့၊ မုန်ညင်းရွက်၊ သင်္ဘောသီး၊ ကညွတ်စားပါ။

**အနာကြီးရောဂါအတွက် အိမ်တွင်းဆေးနည်းတိုများ**

- မြင်းခွာရွက်ထဲတွင် Glycolic ဓာတ်ပေါင်းပါရှိနေပြီး ၎င်းဓာတ်ပေါင်းစုက သွေးသန့်စေကာ အရေပြားပေါ်ရှိ အနာများကို ကျက်စေသော အစွမ်းရှိသည်။ ထို့ကြောင့် မြင်းခွာရွက်က ရေယုန်နာ၊ ပြည်တည်နာ၊ အနာပဆုပ်၊ နှင်းခူနာ၊ အနာကြီးရောဂါ၊ ယားနာ၊ အဖုအပိမ့်၊ ခရုသင်း(သမင်ဖြူ) စသည့် အရေပြားရောဂါအမျိုးမျိုးတို့ကို ပျောက်ကင်းစေကြောင်း သိပ္ပံပညာရှင်များက အတည်ပြုထောက်ခံထားကြသည်။ တစ်ကိုယ်လုံးယားယံပါက မြင်းခွာရွက် ၉၀ ကျပ်သားကို ရေတစ်ပုံးနှင့်ပြုတ်၍ ရေချိုးပေးပါ။ (နောက်တစ်နည်း)အနာကြီးရောဂါသည်များအတွက် မြင်းခွာရွက် ၁၀ ကျပ်သားကို ရေစင်စင်ဆေးပြီး နေရိပ်ထဲတွင် အခြောက်ခံပါ။ ပြီးနောက် သစ်သားဆုံ သို့မဟုတ် ကျောက်ဆုံတွင်ထောင်းပြီး ငရုတ်ကောင်းမှုန့် နှစ်ကျပ်သား၊ ပျားရည် ၁၂ ကျပ်သားတို့ဖြင့် ရောနယ်ကာ ဆီးကင်းသီးအရွယ်ခန့်လုံး၍ နေအခြောက်လှန်းပါ။ တစ်နေ့သုံးကြိမ်နှုန်းဖြင့် တစ်လုံးကျစီ မှန်မှန်သောက်ပေးပါက ကိုယ်ရေပြားရောဂါများ သက်သာပျောက်ကင်းလာစေမည်။
- သနပ်ခါးအရွက်ကိုပြုတ်၍ ရေချိုးပြီးနောက် ချွေးအောင်းပေးပါ။
- အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်းထောင်ကျော်ကတည်းကစ၍ ကင်းပုံပင်၏ အရွက်များကို တိုင်းရင်းဆေးဖော်စပ်ရာမှာ သုံးစွဲလာခဲ့ကြကြောင်း၊ အထူးသဖြင့် ကင်းပုံရွက်(အခါး)သည် ကိုယ်ရေပြား (အနာကြီး)ရောဂါအတွက် ရိုးရာကုထုံးအဖြစ် ကုသလျက်ရှိကြောင်းကို ဗြိတိသျှ ဆေးပညာဂျာနယ်နှင့် အိန္ဒိယ ဆေးပညာဂျာနယ်တို့၌ အကျယ်တဝင့် ဖော်ပြထားကြသည်။
- ခဝဲသီးပင်အရွက်၏ အရည်(သတ္တုရည်)ကို ကြက်သွန်ဖြူဖြင့် ရောစပ်လိမ်းပေးခြင်းဖြင့် ချမ်းသာရာရစေသည်။
- ကြသရမူလီပင်အရွက်ထဲ၌ Antimicrobial အစွမ်းသတ္တိရှိခြင်းကြောင့် အမြစ်ကို ကြိတ်ခြေ၍ ပျားရည်ဖြင့်ရောနယ်လိမ်းပေးခြင်းဖြင့် ကိုယ်ရေပြား(အနာကြီး) ရောဂါများကို သက်သာစေသည်။
- အနာဆွေး၊ အနာဟောင်း၊ အနာကြီး(နူနာ)များပေါ်သို့ ပျားရည်ဆွတ်လိမ်းပေးခြင်းဖြင့် အနာမြန်မြန်ကျက်စေသည်။
- ကြိတ်မှန်ပင် အစိုတစ်ပင်လုံးကို ညက်ညက်ကြိတ်ခြေပြီးနောက် နှမ်းနက်၏အဆီ (နှမ်းနက်ဆီ)ဖြင့်ချက်ကာ ကိုယ်ရေပြားရောဂါ အနူစွဲခြင်းများကို လိမ်းပေးခြင်းဖြင့် ရောဂါပျောက်ကင်းစေသည်။ နှမ်းနက်ဆီကို အလွယ်တကူမရနိုင်ပါက ကြိတ်မှန်ရွက်ရည်တစ်မျိုးတည်းဖြင့် လိမ်းပေးနိုင်ပါသည်။
- မှန်ကူသီးကို အစေ့ထုတ်၍ အမှုန့်ပြုပြီး ဖန်ခါးသီးအခြောက်မှုန့်နှင့်ရောပါ။ သမအောင်ပြုလုပ်ပြီးနောက် ဆီးကင်းခန့်အလုံးလေးများပြုလုပ်၍ တစ်နေ့တစ်လုံးမျှ နံနက်တိုင်း စားပေးပါ။
- ကနဖော့ရွက်ကိုကြိတ်၍ အနာပေါ် အုံပေးပါ။
- သက်ရင်းကြီးရွက်ကို ရေဖြင့်စင်ကြယ်စွာဆေးပြီးနောက် ညက်ညက်ထောင်းပါ။ ၎င်းထောင်းဖတ်များဖြင့် အနာပေါ်အုံပေးပါ။ အသားနုတက်လာပြီး ပျောက်ကင်းသွားပါလိမ့်မည်။
- စူလာနဖာပင်အခြောက်ကို အမှုန့်ပြု၍ လျက်ဆားသဖွယ်လျက်ပေးသော် အရေပြားယားယံခြင်းဝေဒနာ ပျောက်ကင်းစေပါသည်။

**အနာကြီးရောဂါအတွက် ရှောင်ရန်အစားအစာများ**

ငါးသလောက်၊ ငါးဖယ်၊ ပုစွန်ဆိတ်၊ မျှစ်၊ ငရုတ်သီး၊ အုန်းသီး၊ အရက်တို့ကိုလည်းကောင်း၊ သံဓာတ်ပါသော အားဆေးများကိုလည်းကောင်း၊ တွင်းတောင်မှ ထုတ်လုပ်သော ရေညှိအားဆေးကိုလည်းကောင်း၊ အလွန်မွှေးသော ဆပ်ပြာတို့ကိုလည်းကောင်း၊ ငါးရှဉ့်၊ ဖွတ်၊ ပုတတ်၊ ပုရစ်၊ မြွေစသော တွင်းအောင်းသားသတ္တဝါတို့ကိုလည်းကောင်း စားသုံးခြင်းမှ အထူးရှောင်ကြဉ်သင့်သည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာ့ဓလေ့အရ လူမြင်မခံဝံ့သော ရောဂါများ၊ ကုသရန်ခက်ခဲသောရောဂါများနှင့် အနာတခြား၊ ဆေးတခြားဖြစ်ကာ ကုသ၍ မပျောက်နိုင်သောရောဂါများကို "ဝဋ်နာ၊ ကံနာ" ဟု ဆိုကြသည်။ မည်သို့ပင်ဆိုစေကာမူ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ မိမိပြုခဲ့သောအကုသိုလ်ကံများကို ချေဖျက်သည့်အနေဖြင့် ယနေ့ယခုချိန်မှစ၍ အကုသိုလ်ရှောင်ပြီး ကုသိုလ်ကောင်းမှုများများလုပ်ကာ ခင်ပွန်းကြီး ၁၀ ပါးဝန်ချကန်တော့ပါရန် အကြံပြုလိုပါသည်။ မမြင်နိုင်သောအင်အားတစ်ခုက ကံကောင်းခြင်းလက်ဆောင်များ သင့်ထံအရောက်ပို့ဆောင်လာပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသောဆောင်းမြေပဲများ နုတ်ယူခူးဆွတ်



**ကျွန်းလှ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဆောင်းမြေပဲများ နုတ်ယူခူးဆွတ်နေကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆောင်းမြေပဲ ၆၅၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ၁၄၂၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆောင်းမြေပဲ ဧက ၆၀၀၀ ကျော်လောက် စိုက်ဖို့ လျာထားတယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလကနေ စတင်စိုက်ပျိုးခဲ့တာဆောင်းမြေပဲဧက ၁၀၀၀၀ ကျော်လောက် စိုက်ပျိုးနိုင်ခဲ့တယ်။ ဆောင်းမြေပဲစိုက်ပျိုးမှုက လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု ဆောင်းမြေပဲတွေ စတင်နုတ်ယူ ခူးဆွတ်နေတာ တစ်ဧကကို တင်း ၅၀ ထွက်ရှိပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးသော မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၂၆၂၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၁၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မြဝတီမြို့နယ် အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိသည့် ဖလူးကျေးရွာအုပ်စု အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် စီမံကိန်းစာရင်း၊ ဇယားဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

အင်ကြင်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၉၆ ဦး စုစုပေါင်းအသင်းသား ဦးရေ ၂၀၀ အား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ၈ သန်းကို ထုတ်ချေးပေးပြီး လုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ခိုး**

ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေး ဘယ်လိုကြိုတင်ပြင်ဆင်သွားမလဲ

ရာသီဥတုပြောင်းလဲမှုသည် လက်ရှိအချိန်တွင် ဖိအားပေးမှုများအနက်မှ တစ်ခုပင်ဖြစ်ပြီး ကမ္ဘာ့လူမှုအသိုက်အဝန်းအပေါ် သက်ရောက်မှုများစွာဖြစ်ပေါ်စေလျက်ရှိသည်။ ပဋိပက္ခဖြစ်ပွားရာဒေသတွင် နေထိုင်သူများအဖို့မှု ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုသည် လွန်စွာဆိုးရွားစေလျက်ရှိသည်။ အပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်းနှင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များ အကြိမ်ကြိမ်ဖြစ်ပေါ်ခြင်းသည် ထိခိုက်လွယ်အုပ်စုများကို ပိုမိုနစ်နာစေပြီး မမျှော်မှန်းနိုင်သောဆိုးကျိုးသက်ရောက်မှုများလည်း ကျရောက်လေ့ရှိသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် ပဋိပက္ခ ညှိနှိုင်းဖြေရှင်းရေးနှင့်ဆုံးဖြတ်ချက်ချမှတ်ရေး ကြိုးပမ်းမှုများကို ပိုမိုသိမ်မွေ့ရှုပ်ထွေးစေသည်။ ရာသီဥတုပြောင်းလဲမှုသည် ပဋိပက္ခမှပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးတို့တွင် စိန်ခေါ်မှုများအပေါ် ရေရှည်သက်ရောက်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ သာဓကအနေဖြင့် အာဖဂန်နစ္စတန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မာလီ၊ ဆိုမာလီယာနှင့် ယီမင်တို့ရှိ ပဋိပက္ခများ၏ နောက်ဆက်တွဲဆိုးကျိုးခံစားနေရသူများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုလည်း ခံစားရလျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ်ဆောင်ရွက်ရာတွင် အေးချမ်းလုံခြုံမှုသည် များစွာအရေးပါလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် ကမ္ဘာလုံးအတိုင်းအတာဖြင့် ဘဏ္ဍာငွေပံ့ပိုးမှုသည် ထိခိုက်လွယ်အုပ်စုများထံ ရောက်ရှိရန်လိုအပ်နေဆဲပင်ဖြစ်သည်။ အီဂျစ်နိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့သော ကုလသမဂ္ဂရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ညီလာခံ(COP27)၌ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေတစ်ရပ်ထူထောင်သွားရန် သဘောတူညီခဲ့သည်။ ထို့ပြင် အဆိုပါထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူများသည် "စဉ်ဆက်မပြတ် ငြိမ်းချမ်းမှုအတွက် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ခြင်း"ဟူသော ငြိမ်းချမ်းရေးနှင့်ဆက်စပ်သည့် ပထမဆုံးခြေလှမ်းကို စတင်ဆောင်ရွက်ခဲ့သည်။

COP28 ကြိုတင်ပြင်ဆင်မှုအနေဖြင့် အာရပ်စော်ဘွားများပြည်ထောင်စုသည် လွန်ခဲ့သောမတ်လက ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ရန်ပုံငွေထူထောင်ရန်၊ စဉ်ဆက်မပြတ်ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အလွတ်သဘောအစည်းအဝေးပြုလုပ်ခဲ့သည်။ COP28 ဥက္ကဋ္ဌဖြစ်သည့် အာရပ်စော်ဘွားများပြည်ထောင်စုသည် လွန်ခဲ့သော သီတင်းပတ်က ရာသီဥတုပြောင်းလဲမှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှုတို့နှင့် စပ်လျဉ်း၍ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို လက်ခံကျင်းပခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်များသည် မှန်ကန်သောလမ်းကြောင်းသို့ ချီတက်ရာတွင် အရေးပါသောခြေလှမ်းများပင်ဖြစ်သော်လည်း ပဋိပက္ခခံစားနေရသည့်နယ်မြေများ၌ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုအစီအစဉ်များ ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများစွာကျန်ရှိနေဆဲပင်ဖြစ်သည်။

စစ်ဘေးဒဏ်သင့်အသိုက်အဝန်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထင်ရှားသောဆိုးကျိုးသက်ရောက်မှုတစ်ခုမှာ အိမ်ခြေရာမဲ့များဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။ ရေကြီးရေလျှံမှုများ၊ ပူပြင်းခြောက်သွေ့မှုများနှင့် မုန်တိုင်းတိုက်ခတ်မှုများကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် ပိုမိုမြင့်တက်လျက်ရှိသောကြောင့် ပြည်သူများသည် အိုးအိမ်များကို စွန့်ခွာထွက်ပြေးရလျက်ရှိသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)၏အဆိုအရ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများသည် ပြည်သူ သန်း ၂၀ ကျော်ကို အိုးအိမ်စွန့်ခွာထွက်ပြေးမှုများ ဖြစ်ပေါ်စေလျက်ရှိသည်ဟုဆိုသည်။



ပစိဖိတ်ကျွန်းနိုင်ငံများဖြစ်သည့် တူဗလူနှင့် ကီရီဘာတီတို့သည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည့် ဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသည်။ အာဖရိကတွင် ပူပြင်းခြောက်သွေ့မှုနှင့် သဲကန္တာရဖြစ်ပေါ်လာမှုများသည် ရေကြည်ရာမြက်နုရာရွှေ့ပြောင်းသွားလာမှုများ လုပ်ဆောင်လာရသဖြင့် လူမှုအသိုက်အဝန်းများကို အိမ်ခြေရာမဲ့ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် အနာဂတ်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် အိမ်ခြေရာမဲ့ဖြစ်ပေါ်မှုများ မြင့်တက်လာနိုင်ပေသည်။ အခြားသိသာထင်ရှားသော သက်ရောက်မှုမှာ အသက်ရှင်ရပ်တည်နိုင်ရန် အခွင့်အလမ်းဆုံးရှုံးလာခြင်းပင်ဖြစ်သည်။ သောက်သုံးရေနှင့်စိုက်ပျိုးမြေကဲ့သို့သော သဘာဝအရင်းအမြစ်များ ရရှိရေးအတွက် ယှဉ်ပြိုင်မှုများတိုးမြင့်ဖြစ်ပေါ်လာခြင်းသည် တင်းမာမှုများ မြင့်တက်လာပြီး အကြမ်းဖက်တိုက်ခိုက်မှုနှင့် မလုံခြုံမှုတို့ ဖြစ်ပေါ်လာစေသည်။

ကုလသမဂ္ဂ၏အဆိုအရ ၂၀၅၀ ပြည့်နှစ်ခန့်တွင် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်သည် သောက်သုံးရေရှားပါးသောဒေသများ၌ နေထိုင်ရမည်ဟုဆိုသည်။ အရှေ့အလယ်ပိုင်းဒေသသည် ရေရှားပါးမှုပိုမိုကြုံတွေ့ရဖွယ်ရှိနေသည်။ ရေရှားပါးမှုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပဋိပက္ခများ ဖြစ်ပေါ်စေလျက်ရှိပြီး အီရတ်တွင် နေရပ်စွန့်ခွာမှုများဖြစ်ပေါ်စေလျက်ရှိသည်။ နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့၏ အဆိုအရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အီရတ်တောင်ပိုင်းပြည်နယ်များမှ ပြည်သူဦးရေ ၁၅၀၀၀ ခန့်သည် အိုးအိမ်စွန့်ခွာခဲ့ရကြောင်းနှင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ပူပြင်းခြောက်သွေ့မှုကြောင့် ပြည်သူဦးရေ ၁၂၀၀၀ ခန့်သည် နေအိမ်ထပ်မံစွန့်ခွာခဲ့ရကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့သည် ပဋိပက္ခဖြစ်ပွားရာ တိုင်းပြည်များ၊ အထူးသဖြင့် ဗဟိုအာဖရိကနိုင်ငံ၊ မာလီနှင့် အီရတ်တို့တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများ သက်ရောက်လာတော့မည်ဖြစ်ကြောင်း သတိပေးတပ်လှန့်ထားရှိသည်။ ရာသီဥတုပြောင်းလဲမှုသည် ပျက်စီးဆုံးရှုံးမှုများအပြင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူများ၏ကျန်းမာရေးအပေါ် ဆိုးဆိုးရွားရွားသက်ရောက်စေလျက်ရှိသောကြောင့် အူရောင်ငန်းဖျားနှင့်ငှက်ဖျားရောဂါတို့ ဖြစ်ပွားစေလျက်ရှိသည်။ အာဖဂန်နစ္စတန်၊ ယီမင်နှင့် တောင်ဆူဒန်နိုင်ငံတို့တွင် ကောက်ပဲသီးနှံအထွက်နှုန်းများ ကျဆင်းလာခြင်းသည် ဆာလောင်မွတ်သိပ်မှုနှင့် အာဟာရချို့တဲ့မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ဆိုမာလီယာတွင် ပူပြင်းခြောက်သွေ့မှုနှင့် ရေကြီးရေလျှံမှုများ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မြေပြိုမှုများဖြစ်ပေါ်ခြင်းသည် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုများ မြင့်တက်လာစေသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာသက်ရောက်မှုများကို လျှော့တွက်၍ရမည်မဟုတ်ချေ။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသည့်ဒေသများတွင် နိုင်ငံရေးနှင့်လုံခြုံရေးဆိုင်ရာသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာသက်ရောက်မှုများ လျှော့ချနိုင်ရေး ပိုမိုအလေးထားပြီး အရင်းအမြစ်များ ပံ့ပိုးပေးသွားသင့်ပေသည်။

ပထမဆုံးအနေဖြင့် ပဋိပက္ခဖြစ်ပွားရာနေရာများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းတို့အတွက် ရန်ပုံငွေတိုးမြှင့်ထူထောင်သွားရေးလိုအပ်သည်။ ထိုသို့ထူထောင်ရာတွင် အခြေခံအဆောက်အအုံများ၊ ကြိုတင်သတိပေးစနစ်များနှင့် အရေးပေါ်တုံ့ပြန်ရေးစီမံကိန်းများတွင် ရန်ပုံငွေထူထောင်သွားခြင်းတို့ပါဝင်သည်။ အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှု၊ လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်သူများသည် ထိလွယ်ရှလွယ်နေရာများတွင် ရန်ပုံငွေထူထောင်မှုများ လုပ်ဆောင်သွားရန် လိုအပ်သည်။ စိန်ခေါ်မှုများ မြင့်တက်နေသော သဘာဝပတ်ဝန်းကျင်တွင် ရန်ပုံငွေမည်မျှခွဲဝေသွားမည်ဆိုသော နည်းဗျူဟာဆိုင်ရာပြဿနာများ တိုးတက်ရေးအတွက်လည်း လိုအပ်သည်။

ဒုတိယအချက်မှာ အဆုံးအဖြတ်ပေးသူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့်အတူ လယ်ယာလုပ်ငန်းခွင်သင်တန်း၊ အသေးစားရန်ပုံငွေထူထောင်ခြင်းတို့အပါအဝင် စဉ်ဆက်မပြတ်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းအစီအစဉ်များ မြှင့်တင်သွားရန်လိုအပ်ပေသည်။ တတိယအချက်အနေဖြင့် ဆိုလာစွမ်းအင်ထုတ်လုပ်ခြင်းအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များပံ့ပိုးပြီး ပဋိပက္ခကြုံတွေ့နေရသောနေရာများတွင် အားပေးကူညီသွားရန်လိုအပ်သည်။ စတုတ္ထအချက်အနေဖြင့် ပဲရစ်သဘောတူညီချက်အရ အမျိုးသားအဆင့် ပါဝင်ဆောင်ရွက်မှုများသည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများတွင် များစွာအရေးပါလျက်ရှိသည်။ နောက်ဆုံးအချက်အနေဖြင့် ပဋိပက္ခဖြစ်ပွားမှု၊ ဆင်းရဲမှု၊ မညီမျှမှုနှင့် နိုင်ငံရေးမတည်ငြိမ်မှုဖြစ်ပွားရသည့်အကြောင်းရင်းများ ဖြေရှင်းနိုင်ရေး ကြိုးပမ်းအားထုတ်သွားရန် လိုအပ်သည်။

ပဋိပက္ခကြုံတွေ့ခံစားနေရသည့် အသိုက်အဝန်းများတွင် ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများလျှော့ချနိုင်ရေး ကြိုးပမ်းအားထုတ်မှုအားလုံးသည် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဒေသတွင်းအသိုက်အဝန်းများကြား ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။ ထို့ကြောင့် အဆုံးအဖြတ်ပေးနိုင်သူများအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ စိတ်ကူးစိတ်သန်းများကိုလည်း လက်တွေ့အကောင်အထည်ဖော်သွားနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ ဆိုရလျှင် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ပျက်ကွက်ခြင်းသည် ပဋိပက္ခကြုံတွေ့ခံစားနေရသည့်ဒေသများကို ပိုမိုထိခိုက်နစ်နာစေလျက်ရှိသည်။ ထို့ကြောင့် COP28 အနေဖြင့် ထိခိုက်လွယ်ဒေသများတွင် ရာသီဥတုပြောင်းလဲမှု နောက်ဆက်တွဲဆိုးကျိုးများ လျှော့ချနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

- **Preparing for perfect storm of conflict and climate change by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# သာပေါင်းမြို့နယ် ကွက်ပြင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**သာပေါင်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွက်ပြင်ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် VDP စီမံကိန်းတာဝန်ခံတို့သည် ကွက်ပြင်ကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကွက်ပြင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ အရှည် ပေ ၁၁၅၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်ဘီးလမ်းပြီးစီးမှုကြောင့် ကွက်ပြင်ကျေးရွာရှိ အိမ်ခြေ ၁၀၁ အိမ်မှ လူဦးရေ ၅၉၆ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးခြင်းနှင့် လူငယ်များ

မောင်ကြည်လင်(ရွှေကြိုးကြာ)

ကျွန်ုပ်တို့သည် လူအချင်းချင်း နေ့စဉ်ဆက်ဆံရာ၌ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးဖြင့် ဆက်ဆံကြရသည်။ ထိုသို့ဆက်ဆံကြရာတွင် ယဉ်ကျေးသောအမူအရာကို အခြေခံ၍ ပြောဆိုနေကြရသည်။ ယဉ်ကျေးသော အမူအရာကို သက်ရှိသတ္တဝါတိုင်း နှစ်သက်ကြသည်။ စကားပြောဆိုဆက်ဆံရာ၌ ယဉ်ကျေးသောအမူအရာသည် လွန်စွာအရေးပါသည်။ ယဉ်ကျေးခြင်းဟုဆိုရာတွင် ကိုယ်အမူအရာယဉ်ကျေးခြင်း၊ နှုတ်အမူအရာယဉ်ကျေးခြင်း၊ စိတ်အမူအရာယဉ်ကျေးခြင်းဟူ၍ ခွဲခြားထားသည်။

ကိုယ်အမူအရာယဉ်ကျေးခြင်းသည် တစ်ပါးသူ၏ စိတ်ကိုကြည်နူးစေသည်။ ထို့ပြင် တစ်ပါးသူ၏ဂုဏ်ကို လေးစားသော အမူအရာလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် လူကြီးများရှေ့တွင် ဦးညွတ်၍ သွားလာနေထိုင်ခြင်း၊ ထမင်းစားရာတွင် ကြီးသူကိုဦးချ၍ စားခြင်း၊ လမ်းလျှောက်ရာတွင် ညင်သာစွာလျှောက်ခြင်း၊ ဆရာသမားများ၊ ရဟန်းသံဃာများရှေ့တွင် တင့်တယ်စွာ နေထိုင်တတ်ခြင်း စသည်တို့သည် ကိုယ်အမူအရာယဉ်ကျေးခြင်းပင်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဟူသော စည်းကမ်းနှင့်အညီ ပြုမူဆက်ဆံကြရန်လည်း လိုအပ်သည်။

နှုတ်အမူအရာယဉ်ကျေးခြင်းသည် လူချစ်လူခင်ပေါများပေသည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်နှင့်ကင်းကွာ၍မရပေ။ လူအများနှင့် နေ့စဉ်ဆက်ဆံပြောဆိုနေကြရသည်။ ထို့ကြောင့် နှုတ်အမူအရာ ချိုသာယဉ်ကျေးရန် အထူးလိုအပ်သည်။ နှုတ်အမူအရာ ယဉ်ကျေးခြင်းသည် စိတ်စေတနာဖြူစင်ခြင်းပင်ဖြစ်သည်။

နှုတ်အမူအရာယဉ်ကျေးခြင်းသည် အရာရာကို အောင်မြင်နိုင်စွမ်းရှိသည်။ နှုတ်အမူအရာချိုသာခြင်းသည် လက်နက်ကောင်းတစ်ခုပင်ဖြစ်သည်။ ချိုသာခြင်းလက်နက်ကို ကိုင်ဆောင်ထားခြင်းသည် အောင်မြင်မှုကို ရယူနိုင်သည်။ ထို့ကြောင့် ရှင်မဟာရဋ္ဌသာရက "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့၊ ချိုလှစေ"ဟု ဆုံးမခဲ့သည်။

ရှေးအခါက တာရာဏာသီမင်း၏ မယ်တော်သည် နှုတ်ကြမ်းသဖြင့် လူအများ မုန်းကြသည်။ မင်းကြီးသည် မယ်တော်အား ဥဩငှက်နှင့်တစ်တီတူးငှက်တို့ကို ပြသကာ ဥဩငှက်သည် အဆင်းမလှပသော်လည်း အသံချိုသာသောကြောင့် လူအများ နှစ်သက်ကြကြောင်း၊ တစ်တီတူးငှက်သည် အဆင်းလှပတင့်တယ်သော်လည်း အသံမသာယာသောကြောင့် လူအများ၏ မုန်းတီးခြင်းခံရကြောင်း သာဓကပြပေးခဲ့ဖူးသည်။ ထို့ကြောင့် "ပျူပျူငှာငှာ၊ လူတကာကို၊ သာသာချိုချို၊ ချစ်ဖွယ်ဆိုခြင်း"ရှိသောသူကို လူအများချစ်ခင်ကြသည်မှာ ဧကန်ပင်ဖြစ်သည်ဟု ကန်တော်မင်းကျောင်းဆရာတော်က ဆုံးမခဲ့သည်။

"သုဘာသိတ၊ ပိယဝါစာ၊ သစ္စာအပြား၊ ဤလေးပါး" မှာ အများသူငါ နားဝင်သော စကားပင်ဖြစ်သည်။ ကျွန်ုပ်တို့ငယ်စဉ်က မင်းသားသုံးပါး၏ မုဆိုးထံမှ အသားတောင်းယူခြင်းသင်ခန်းစာကို သင်ကြားခဲ့ရဖူးသည်။ ပထမမင်းသားသည် "ဟဲ့ မုဆိုး"ဟုခေါ်၍ တောင်းယူသောကြောင့် အရိုးကိုသာ မုဆိုးက ပေးလိုက်သည်။ ဒုတိယမင်းသားက "အစ်ကိုမုဆိုး"ဟု ခေါ်၍ တောင်းလိုက်သဖြင့် အသားကိုပေးလိုက်သည်။ တတိယမင်းသားက "အဆွေမုဆိုး"ဟု နားဝင်ချိုသာစွာ တောင်းယူသောအခါတွင် မုဆိုးသည် အသားတစ်အားလုံးကို မင်းသားကို ပေးလိုက်သည်။ ဤသည်မှာ နှုတ်အမူအရာယဉ်ကျေးချိုသာခြင်းကြောင့် အောင်မြင်ခြင်းပင်ဖြစ်သည်။

ယဉ်ကျေးချိုသာသောစကားတွင် ကြင်နာမှုပါသည်။ ကြင်နာမှုပါသော စကားများတွင် အစွမ်းသတ္တိထူးရှိသည်။ ကြင်နာမှုပါသောစကားသည် လက်ဆောင်ပဏ္ဏာတို့ထက် တန်ဖိုးရှိသည်။ သူတစ်ပါး၏ ဂုဏ်ကို လေးစားစွာဖြင့် ချိုသာစွာပြောဆိုတတ်ကြသူကို လူအများချစ်ခင်ကြသည်။

> ❖ ယနေ့ခေတ်တွင် လူငယ်အများစုမှာ ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးမှုအမူအရာများကို တန်ဖိုးထားမှုနည်းပါးလာကြသည်ကို တွေ့နေကြရပေသည်။ အသက်ကြီးသူကို ရိုသေမှုကင်းမဲ့လာကြသည်။ ရွယ်တူအချင်းချင်း လေးစားမှုပပျောက်လာကြသည်။ ငယ်သူများအပေါ်တွင် ကြင်နာသနားခြင်းကို ကျင့်သုံးမှုနည်းပါးလာကြသည်။ သားသမီးနှင့်မိဘဆက်ဆံရေး၊ ဆရာနှင့် ကျောင်းသားဆက်ဆံရေး၊ မိတ်ဆွေအပေါင်းအသင်းဆက်ဆံရေး၊ လုပ်ငန်းခွင်ဆက်ဆံရေး စသည်တို့တွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နှလုံးအမူအရာများ ပျက်ပြားလာကြသည်။ လူငယ်များအနေဖြင့် တက်ကြွသည့်စိတ်ထားကိုအလွဲသုံးကာ မောက်မာလာကြသည်။ ❖

ချိုသာစွာပြောဆိုခြင်းကို လူသားများသာမက တိရစ္ဆာန်များပင် နှစ်သက်ကြသည်။ နန္ဒိဝိသာလဇာတ်တော်တွင် နန္ဒိဝိသာလသည် သခင်၏ကျေးဇူးကို ဆပ်ရန် လှည်းအစီးတစ်ရာကို တစ်ကောင်တည်းဆွဲမည်ဖြစ်သောကြောင့် သခင်ကို လောင်းကြေးထပ်စေသည်။ ထိုအခါ သခင်က "ဟဲ့ ယုတ်မာသောနွား"ဟု ကြမ်းတမ်းသောစကားဖြင့် မောင်းသောအခါ လှည်းကို မရုန်းဘဲ ရပ်နေခဲ့သည်။ ထို့ကြောင့် သခင်သည် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ တစ်ဖန် နန္ဒိဝိသာလက ပထမအကြိမ်ကဲ့သို့စီစဉ်ပြီး အသပြာနှစ်ထောင်လောင်းကြေးထပ်စေပြန်သည်။ ထိုအခါ သခင်ပုဏ္ဏားက ချိုသာစွာ ပြောဆိုမောင်းနှင်သောအခါ နန္ဒိဝိသာလသည် လှည်းအစီးပေါင်းတစ်ရာကို တစ်ဟုန်ထိုးဆွဲ၍ ပြေးလေရာ ပုဏ္ဏားသည် နှစ်ဆအနိုင်ရခဲ့လေသည်။

ကျွန်ုပ်တို့သည် မိသားစုအတွင်း၌ ယဉ်ကျေးကြရမည်။ မိသားစုတွင် ယဉ်ကျေးခြင်းဖြင့် မိသားစုအချင်းချင်း ပိုမိုချစ်ခင်လာကြမည်ဖြစ်သည်။ ညီညွတ်ကြမည်။ အိမ်ထောင်ရေးသာယာမည်။ ထို့နည်းတူ ကျောင်း၌လည်း ယဉ်ကျေးရမည်။ ကျောင်း၌ယဉ်ကျေးခြင်းဖြင့် ကျောင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးလာကြသည်။ ဆရာများ ဝမ်းသာပီတိဖြစ်ရသည်။ ထို့ပြင် လမ်း၊ ဆေးရုံ၊ ဈေး စသည့်နေရာများတွင်လည်း ယဉ်ကျေးရန် လိုအပ်သည်။ ထိုသို့ ယဉ်ကျေးပါမှ တိုင်းပြည်အေးချမ်းသာယာပြီး တိုင်းသူပြည်သားများ အချင်းချင်း ချစ်ခင်လာကြမည်ဖြစ်သည်။ ကြင်နာစိတ်၊ မေတ္တာစိတ်များ ပွားနိုင်လာကြပေလိမ့်မည်။

ယနေ့ခေတ်တွင် လူငယ်အများစုမှာ ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးမှုအမူအရာများကို တန်ဖိုးထားမှုနည်းပါးလာကြသည်ကို တွေ့နေကြရပေသည်။ အသက်ကြီးသူကို ရိုသေမှုကင်းမဲ့လာကြသည်။ ရွယ်တူအချင်းချင်းလေးစားမှု ပပျောက်လာကြသည်။ ငယ်သူများအပေါ်တွင် ကြင်နာသနားခြင်းကို ကျင့်သုံးမှုနည်းပါးလာကြသည်။ သားသမီးနှင့်မိဘ ဆက်ဆံရေး၊ ဆရာနှင့် ကျောင်းသားဆက်ဆံရေး၊ မိတ်ဆွေအပေါင်းအသင်းဆက်ဆံရေး၊ လုပ်ငန်းခွင်ဆက်ဆံရေး စသည်တို့တွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်နှလုံးအမူအရာများ ပျက်ပြားလာကြသည်။ လူငယ်များအနေဖြင့် တက်ကြွသည့်စိတ်ထားကို အလွဲသုံးကာ မောက်မာလာကြသည်။ ရာထူး၊ ငွေ၊ အရှိန်အဝါကိုသုံးကာ ရိုင်းပျလာကြသည်မှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်။

လောကတွင် ရုပ်ဆင်းအင်္ဂါမည်မျှပင်လှစေကာမူ ယဉ်ကျေးမှုကင်းမဲ့ပါက လူအများ ရွံမုန်းတတ်ကြသည်။ လူတို့သည် သာယာခြင်းကို နှစ်သက်တတ်ကြသည်။ သာယာသော ဥဩငှက်သံကို နွေရောက်တိုင်း လွမ်းမောဖွယ်ကြားနေကြရသည်။ ချစ်ဖွယ်ကောင်းသော ဥဩ၏အသံကို လူတိုင်းနှစ်သက်ကြသည်။ အဆင်းလှသော်လည်း အသံမသာသည့် ရွှေဟင်္သာကို လူသားတို့ အပြစ်ပြောဆိုတတ်ကြသည်။ ထို့အတူ အဆင်းလည်းလှ၊ အသံသာယာချိုမြသော ဥဒေါင်းငှက်ကို လူတို့လေးစားချစ်ခင်ကြပေသည်။

ယနေ့ခေတ်တွင် လူငယ်တချို့သည် မြန်မာ့လူနေမှုအစဉ်အလာများနှင့် ဆန့်ကျင်လာကြသည်။ အရှက်အကြောက်ကင်းမဲ့လာကြသည်။ "ပိုးဖလံမျိုး မီးကိုတိုး" ဟူသကဲ့သို့ မကောင်းမှန်းသိနေလျက် ပြုလုပ်လာကြသည်။ ထိုအခါ လူမှုပတ်ဝန်းကျင်တွင် ပစ်ပယ်ခံရသော၊ လူ့ဘောင်မဝင်သော၊ တန်ဖိုးမဲ့သောသူအဖြစ်သို့ ရောက်ရှိသွားနိုင်သည်။ လူငယ်များအနေဖြင့် ကိုယ်၊ နှုတ်၊ စိတ်အမူအရာ ယဉ်ကျေးခြင်းဖြင့် အတွေးအခေါ်ကောင်း၊ အကြံအစည်ကောင်းအောင် ကျင့်ကြံရန်လိုသည်။ ထို့ပြင် သင့်မြတ်သောအယူ၊ မှန်ကန်သောအကျင့်၊ ဟုတ်မှန်သော အကြံအစည်၊ ဖြူစင်သော နှလုံးသားကို လက်ဝယ်ခိုင်ခိုင်ကိုင်ဆောင်ထားကြရန် လိုအပ်သည်။

ထို့ကြောင့် လူငယ်များအနေဖြင့် တန်ဖိုးရှိသော လူငယ်တစ်ဦးဖြစ်လာစေရန် ကိုယ်၊ နှုတ်၊ စိတ် ယဉ်ကျေးမှုကို စောင့်ထိန်းကြရန်လိုအပ်သည်။ မိမိ၏အမူအရာသည် အခြားသူများ၏စိတ်ကိုမထိခိုက်စေသင့်ပေ။ ထို့ကြောင့် ကလေးဘဝကတည်းကပင် မိဘ၊ ဆရာသမားများ၏ သွန်သင်မှုဖြင့် ကိုယ်၊ နှုတ်၊ စိတ် အမူအရာယဉ်ကျေးမှုကို လိုက်နာကျင့်သုံးရန် လိုအပ်သည်။

ကျွန်တော်တို့ မြန်မာလူမျိုးများသည် မြတ်ဗုဒ္ဓ၏ အဆုံးအမအောက်၌ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြသူများဖြစ်ကြသည်။ ဗြဟ္မစိုရ်တရားလေးပါးနှင့် နေထိုင်ကြသူများဖြစ်သည်။ စာနာတတ်သောစေ့၊ ညာတာတတ်သောစေ့များရှိကြသည်။ "ဂါရဝေါစ နိဝါတောစ"ရှိကြသူများဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိ၏ရင်သွေးငယ်များ ကိုယ်၊ နှုတ်၊ နှလုံးကောင်းမွန်လာစေရန်၊ ယဉ်ကျေးသူများဖြစ်လာကြစေရန် သွန်သင်ဆုံးမပေးကြရမည်။ စိတ်နှလုံးစောင့်ထိန်းခြင်းသည် ယဉ်ကျေးမှု၏ လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ဖက်သားအပေါ်တွင် အကောင်းမြင်ဝါဒဖြင့် ကြည့်ကာ မေတ္တာစိတ်အပြည့်ဖြင့် ဆက်ဆံကြရန်လိုသည်။ ထို့ကြောင့် "အချင်းချင်း၊ အမျက်အငြိုး တစ်စေ့မရှိ၊ ချစ်သောမျက်စိဖြင့်ရှုကြကုန်"ဟု ပုဂံခေတ် အလှူမှတ်တမ်းတစ်ခုဖြစ်သည့် သိယ်သူ့သမီးကျောက်စာတွင် ရေးထိုးထားခဲ့သည်။ လူငယ်တို့သည် လောကနီတိအဆုံးအမများအရ ထကြွလွှဲလ၊ ဝီရိယရှိ၍ ဝင့်ကြွားတက်ကြွပြီး ကိုယ်နှုတ်နှလုံးယဉ်ကျေးကြသူများဖြစ်အောင် မိမိ၏အသိစိတ်ဖြင့် နေထိုင်ကြရန် အထူးလိုအပ်သည်။

အချုပ်အားဖြင့်ဆိုရသော် ကိုယ်၊ နှုတ်၊ စိတ် အမူအရာယဉ်ကျေးခြင်းသည် ငွေကြေးဥစ္စာဖြင့် ဝယ်ယူ၍မရပေ။ ခိုးယူ၍လည်းမရနိုင်ပေ။ မိမိတို့ကိုယ်တိုင် ကြိုးစားလုပ်ဆောင် ကျင့်ကြံမှရနိုင်သည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာအခြေခံသော ဗြဟ္မစိုရ်တရားဖြင့် ချိုသာယဉ်ကျေးစွာဆက်ဆံခြင်း၊ နေထိုင်ခြင်း၊ ပြုမူခြင်းဖြင့် ဘဝကိုအလှဆင်ရန် တိုက်တွန်းလိုက်ရပါသည်။

# လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**လားရှိုး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၁၁ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နမ့်စံလွယ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ဘက်စုံသုံးခန်းမ ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ အလျားပေ ၁၀၀၊ အနံပေ ၄၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၄၄၉ ဒသမ ၈ သိန်း စုစုပေါင်းငွေကျပ် ၅၄၉ ဒသမ ၈ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ပြောပြ၍ သိရသည်။

**နီလာ**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ**(အပျို)**ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

(ဇ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၂၆ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**








ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်နေ မဒေါ်ခင်ခင် (ဘ) ဦးအိုက်မောင်ရှိ (၁၃/တကန(နိုင်)၀၀၃၂၆၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၄၇၆၅၃၈၁

စာအုပ်စာပေ လူ့မိတ်ဆွေ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

ရန်သူ
မီးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ


"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၁၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပြီး မြို့ကြီးပြကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ရမှုများ လျော့နည်းသွားမည်ဖြစ်...**

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လို၊ ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME)များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်း ကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students စီမံကိန်းဖွင့်ပွဲအခမ်းအနားကျင်းပ




**မန္တလေး ဇန်နဝါရီ ၂၉**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတစ်ခုဖြစ်သည့် National Landmark Sculpturing and Painting Youth Camp for LMC Fine Arts Students ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ရတနာပုံခန်းမတွင် Vitual စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ အခမ်းအနားကို အမှတ်စဉ်ရေတွက်၍ ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ရိုးရာနတ်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တာဝန်ရှိသူများက အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ရပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေးအသိပေးနှိုးဆော်ခြင်း** စာမျက်နှာ - ၁၈

**ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆာဘာလင်ကာ ဆွတ်ခူး** စာမျက်နှာ - ၉

**ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ရေး ဘယ်လိုကြိုတင်ပြင်ဆင်သွားမလဲ** ဆောင်းပါး စာမျက်နှာ - ၂၈

**ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြူပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မဖွဲပင်)



ငွေပင်လယ်ကြိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com